ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက် စတင် တည်ထောင်သည်။ Established in 1957


**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော၊ များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသောခရီးကို ရှောင်ကြဉ်သကဲ့သို့ လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သောအဆိပ်ကို ရှောင်ကြဉ်သကဲ့သို့ လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)



# နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၂၀၁၇ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကား



နိုင်ငံတော်သမ္မတ ဦးထင်ကျော်

**နိုင်ငံသူ နိုင်ငံသားများခင်ဗျား-**

နှစ်သစ်မင်္ဂလာအခါသမယမှာ နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**နိုင်ငံသူ နိုင်ငံသားများခင်ဗျား-**

နိုင်ငံတော်အစိုးရအနေနဲ့ ၂၀၁၆ ခုနှစ်အတွင်း တာဝန်ယူခဲ့တဲ့(၉)လတာ ကာလတစ်လျှောက်မှာ တိုင်းပြည်အကျိုးအတွက် ရည်ရွယ်ချမှတ်ထားတဲ့ မူဝါဒများဖြစ်တဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဖြစ်ပေါ်ရေး၊ ပြည်သူတို့ရဲ့ လူနေမှုဘဝများ တိုးတက်မြင့်မားရေးတို့အတွက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

အခုအခါမှာတော့ ဖော်ပြခဲ့တဲ့မူဝါဒများ အောင်မြင်ရေးအတွက် အခြေခံ အနေအထားတွေကို ပျိုးထောင်တည်ဆောက်နိုင်ခဲ့ပြီဖြစ်တဲ့အတွက် လာမယ့် ၂၀၁၇ ခုနှစ် နှစ်သစ်အတွင်းမှာ ဒီမူဝါဒတွေ ပီပြင်စွာ အကောင်အထည် ပေါ်လာဖို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်တော့မှာဖြစ်ပါတယ်။

**နိုင်ငံသူ နိုင်ငံသားများခင်ဗျား-**

သမိုင်းကြောင်းကိုပြန်ပြောင်းကြည့်မယ်ဆိုရင် နိုင်ငံသူ နိုင်ငံသားတွေ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်ကြတဲ့အခါတိုင်းမှာ တိုင်းပြည်အတွက် ကြီးမားတဲ့အကျိုးကျေးဇူးတွေ ခံစားရစမြဲဖြစ်တယ်ဆိုတာ တွေ့ရှိကြရမှာဖြစ်ပါတယ်။ ထင်ရှားတဲ့ သာဓကတစ်ခုကတော့ ၁၉၄၇ ခုနှစ်မှာ တိုင်းရင်းသား လူမျိုးများအားလုံးရဲ့ စည်းလုံးညီညွတ်မှုပြယုဂ်ဖြစ်တဲ့ ပင်လုံစာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး အဲဒီညီညွတ်မှုရဲ့ရလဒ်အဖြစ် မြန်မာ့လွတ်လပ်ရေးရရှိနိုင်ခဲ့တာဖြစ်ပါတယ်။

အခုအခါမှာလည်း (၂၁)ရာစုပင်လုံညီလာခံကအစပြုပြီး တိုင်းရင်းသား ပြည်သူအများလိုလားတောင့်တတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိတာ အများအသိပဲဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံ၊ ဒီမိုကရေစီစနစ်ဟူသည် အများပြည်သူတို့ရဲ့ ပူးပေါင်းပါဝင်မှုဖြင့်သာ အောင်မြင်နိုင်တာဖြစ်လို့ အခုလိုဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာမှာလည်း နိုင်ငံသူ နိုင်ငံသား အားလုံးတို့က ဒီမိုကရေစီစိတ်ဓာတ် ပြည့်ဝစွာနဲ့ တက်ညီလက်ညီပူးပေါင်း ပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။

နိုင်ငံသူ နိုင်ငံသားတိုင်းရင်းသားညီအစ်ကိုမောင်နှမများ နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝနိုင်ကြပါစေ။

# ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ၂၀၁၇ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ၂၀၁၇ ခုနှစ် နှစ်သစ် အခါသမယမှာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ဆုတောင်းမေတ္တာပို့သ**

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်လင့်တောင့်တနေတဲ့ ငြိမ်းချမ်းရေးကို အမြန်ဆုံးရရှိပြီး ငြိမ်းချမ်းရေး ရရှိတာနဲ့အမျှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အဘက်ဘက်က လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ပြီး အဲဒီအသီးအပွင့်တွေကို တိုင်းရင်းသားပြည်သူအားလုံး မျှမျှတတ ခံစားရပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



၂၀၁၇ ခုနှစ် နှစ်သစ်အခါသမယမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့်တကွ နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားပြည်သူအားလုံး ရွှင်လန်းဝမ်းမြောက်ကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယခုနှစ်သစ်ဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းတွေ သယ်ဆောင်လာမှာဖြစ်သလို စိန်ခေါ်မှုတွေကိုလည်း မျှော်လင့်ထားကြရဦးမှာ ဖြစ်ပါတယ်။

တည်ငြိမ်အေးချမ်းခြင်းဟာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်တာနဲ့အညီ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးကို ပြည်သူအားလုံးမှ စည်းလုံးညီညွတ်မှုဖြင့် ဝိုင်းဝန်းတည်ဆောက်ကြဖို့နဲ့ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကြီး တည်ဆောက်ရေးမှာ အားလုံးပါဝင်ကူညီကြဖို့ နှိုးဆော်အပ်ပါတယ်။

နှစ်သစ်မင်္ဂလာအခါသမယမှာ ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက် သာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။



# ကြေးမုံ

## နှစ်သစ်၌ စိတ်သစ်ဖြင့် နှလုံးစိတ်ဝမ်းချမ်းသာ

နှစ်သစ်တစ်နှစ်သို့ ကူးပြောင်းရောက်ရှိခဲ့ပြီ။ ၂၀၁၆ ခုနှစ်သည် အတိတ်တွင် ကျန်ရစ်ပြီး ၂၀၁၇ စာမျက်နှာသစ်ကို ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ နှစ်သစ်တွင် စိတ်သစ်ကိုယ်သစ်ဖြင့် ပိုမိုကောင်းမွန်သော နေ့သစ်များကို မွေးဖွားပေးကြရမည်ဖြစ်သည်။

နှစ်တစ်နှစ်၏ ကောင်းမွန်ခြင်း၊ မကောင်းမွန်ခြင်းသည် မိမိတို့ လူသားများက ပြုပြင်ဖန်တီးပေးခဲ့ခြင်းသာဖြစ်သည်။ ကောင်းမွန်သော လူ့ဘောင်လောကကို တည်ဆောက်ရန်မှာ လူသားတို့၏ တာဝန်ပင်ဖြစ်သည်။

နှစ်တစ်နှစ်သို့ ကူးပြောင်းသည်နှင့်အမျှ လူသားများ၏ အသက်မှာလည်း တစ်နှစ်တာကြီးရင့်လာပြီး အသက်အရွယ်အရ ပိုမိုရင့်ကျက်လာသလို တရားသံဝေဂရသူများလည်း ရှိပေလိမ့်မည်။ အချို့လည်း ကုန်လွန်ခဲ့သော နှစ်ဟောင်းကို နှမြောတသလွမ်းဆွတ်ကြသူများလည်း ရှိလိမ့်မည်။

လူငယ်လူရွယ်များအဖို့ ငယ်ရွယ်သူများပီပီ လွတ်လပ်ခြင်း၊ ပျော်ရွှင်ခြင်းများနှင့် နှစ်သစ်ကို ကြိုဆိုကြသည်။ နှစ်သစ်အစတွင် ပိုမိုရွှင်လန်းတက်ကြွပြီး အားတက်ကြသည်။ အပျော်လွန်အလည်ကျူး ရှူးရှူးမူးမူးဖြစ်ချင်သူများလည်း ရှိသည်။

အမှန်တကယ်တွင် ဒီဇင်ဘာအကုန် ဇန်နဝါရီအကူး နှစ်သစ်သို့ ကူးပြောင်းချိန်သည် ခရစ်နှစ်သာဖြစ်၍ အနောက်တိုင်း အယူအဆဖြစ်သည်ကိုလည်း မမေ့သင့်ချေ။ သို့သော် ကမ္ဘာကြီးမှာ ရွာကြီးတစ်ရွာဖြစ်လာသောအခါ အနောက်တိုင်း၊ အရှေ့တိုင်း အယူအဆများ ထွေးရောယှက်တင်ဖြစ်လာသည်ကို ခေတ်လူများအဖို့ နားလည်မှုရှိကြပေသည်။

ဒီမိုကရေစီအသွင် ကူးပြောင်းသောကာလတွင် နှစ်သစ်ကို ငြိမ်းငြိမ်းချမ်းချမ်း၊ ညီညီညွတ်ညွတ်၊ ပျော်ပျော်ရွှင်ရွှင် ကူးပြောင်းရောက်ရှိလာသည်ကို ဝမ်းမြောက်ဝမ်းသာဖြစ်ရမည်ပင်။ နှစ်သစ်အကူးအပြောင်းကာလတွင် အလွန်အမင်း အပျော်ကျူးမှုကြောင့် နိုင်ငံအချို့၏ သေကျေဒဏ်ရာရမှုများနှင့်စာလျှင် မြန်မာနိုင်ငံသားများအဖို့ မိမိတို့ကိုယ်ကို မိမိတို့အတတ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်း ပျော်ရွှင်ခဲ့ကြသည်ဟု ဆိုနိုင်သည်။

ကုန်ဆုံးခဲ့သော နှစ်များက ပြည်သူအားလုံး မျှော်မှန်းခဲ့သည့် အရပ်သားအစိုးရစစ်စစ်ကို ပြည်သူများ စိတ်ကြိုက်ရွေးချယ်ပေးခိုင်းခဲ့သည်။ ပြည်သူ့အစိုးရပီပီ ပြည်သူ့အကျိုးကို ကိုးလတာကာလအတွင်း ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်။ ယခုနှစ်သစ်တွင်လည်း ပြည်သူ့ဘဝ လုံခြုံရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြဦးမည်ဖြစ်သည်။

နိုင်ငံသစ်ကို တည်ဆောက်ရာတွင် အစိုးရတစ်ရပ်တည်းနှင့် မပြီးနိုင်ဘဲ ပြည်သူ့အားလည်းပါဝင်မှ အောင်မြင်နိုင်မည်။ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏အားသည် နိုင်ငံ၏ အင်အားသာဖြစ်၍ နှစ်သစ်တွင် အင်နှင့်အားနှင့် ဝိုင်းဝန်းတည်ဆောက်ကြရမည်ဖြစ်သည်။

နှစ်သစ်ဟူသည် စိတ်သစ်ကိုယ်သစ် ခွန်အားသစ်များပေးစွမ်းနိုင်သည်မှာ အမှန်ဖြစ်သည်။ ပြည်သူအများစုမှာ နှစ်သစ်တွင် နိုင်ငံသစ်ကို အေးချမ်းပျော်ရွှင်စွာဖြင့် ဖြတ်သန်းချင်ကြသူများသာဖြစ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးလိုသူ၊ မကောင်းမှုပြုလိုသူတို့မှာ အနည်းစုသာဖြစ်သည်။

ငြိမ်းချမ်းသာယာပျော်ရွှင်ချမ်းမြေ့သော နိုင်ငံသစ်ကို နှစ်သစ်တွင် ဆက်လက်တည်ဆောက်နိုင်ရန်အတွက် နိုင်ငံသူ နိုင်ငံသား အားလုံးတို့ အနေဖြင့် ယနေ့ကျရောက်သော ၂၀၁၇ နှစ်သစ်၏ ပထမနေ့မှစတင်၍ တစ်နှစ်တာကာလပတ်လုံး မြန်မာနိုင်ငံသားအချင်းချင်း ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံး နှစ်သစ်မှာ စိတ်သစ်ကိုယ်သစ်ဖြင့် ဘေးဘယာဝေးကွာ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ကြေးမုံက ဆန္ဒပြုလိုက်ပါသည်။ ။




## ဒီဇင်ဘာ(ပဥ္စမပတ်) လူထုလမ်းလျှောက်ပွဲကျင်းပ

**ကျောက်တံခါး ဒီဇင်ဘာ ၃၁**

ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်တွင် ဒီဇင်ဘာ(ပဥ္စမပတ်) လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၅နာရီခွဲတွင် ကျင်းပသည်။

အဆိုပါ လမ်းလျှောက်ပွဲတွင် လွှတ်တော် ကိုယ်စားလှယ်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူလူထု ၁၀၀၀ ကျော် ပါဝင်ဆင်နွဲကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## အမျိုးသားအဆင့် အသားကဏ္ဍမူဝါဒနှင့် လုပ်ငန်းလမ်းစဉ်များ၊ တိရစ္ဆာန်မွေးမြူရေးနှင့် တိရစ္ဆာန်ကျန်းမာရေးဥပဒေနှင့် ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်ဆိုင်ရာ ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၏ ၂၀၁၆ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ တတိယ သုံးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၂၇ ရက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် အသားကဏ္ဍမူဝါဒနှင့် လုပ်ငန်းလမ်းစဉ်များ ချမှတ်ခြင်း၊ တိရစ္ဆာန်မွေးမြူရေးနှင့် တိရစ္ဆာန်ကျန်းမာရေးဥပဒေ (မူကြမ်း) နှင့် ကောင်းမွန်သောမွေးမြူရေး ကျင့်စဉ်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အမြဲတမ်းအတွင်းဝန်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ တက်ရောက်ကြပြီး အသားကဏ္ဍမူဝါဒနှင့် လုပ်ငန်းလမ်းစဉ်ချမှတ်ခြင်း၊ တိရစ္ဆာန်မွေးမြူရေးနှင့် တိရစ္ဆာန်ကျန်းမာရေးဥပဒေ (မူကြမ်း)နှင့် ကောင်းမွန်သော မွေးမြူရေး ကျင့်စဉ်ဆိုင်ရာတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## မန္တလေးမြို့ရှိ မဟာမုနိ၊ ကုသိုလ်တော်နှင့် ကျောက်တော်ကြီးဘုရားများတွင် ဆေးလိပ်ငွေ့ကင်းစင်နယ်မြေသတ်မှတ်မည်

**မန္တလေး ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး ဆေးလိပ်ငွေ့ကင်းစင်ရေးကော်မတီမှ မန္တလေးမြို့ရှိ မဟာမုနိ၊ ကုသိုလ်တော်နှင့် ကျောက်တော်ကြီး ဘုရားများတွင် ဆေးလိပ်ငွေ့ကင်းစင်ရေး နယ်မြေအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ဆေးလိပ်ငွေ့ကင်းစင်ရေးနှင့် မူးယစ်ဆေးကင်းစင်ရေးဒေသများ ဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် မန္တလေးတိုင်းဒေသကြီး ဆေးလိပ်ငွေ့ကင်းစင်ရေးကော်မတီကို ယခုအစိုးရသစ်လက်ထက်တွင် ပြန်လည်ဖွဲ့စည်းကာ ပထမဆုံးအနေဖြင့် အဆိုပါ ဘုရားများမှစတင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကော်မတီမှ တွဲဖက်အတွင်းရေးမှူးဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က ပြောသည်။

"ကော်မတီ အစည်းအဝေးကို ဒီဇင်ဘာ၂၈ ရက်က မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံး မြို့တော်ခန်းမမှာ ကျင်းပခဲ့တယ်။ ဒီအစည်းအဝေးမှာ သက်ဆိုင်ရာ ဂေါပကအဖွဲ့တွေနဲ့လည်း ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ ဆေးလိပ်မသောက်ရနေရာတွေမှာ ထားရှိမယ့် ဆိုင်းဘုတ်တွေကို နိုင်ငံတကာအဆင့်မီပြုလုပ်ဖို့ စီစဉ်နေပါတယ်။ ပုဂံဒေသမှာတော့ ၂၀၁၅ ခုနှစ်ကတည်းက သတ်မှတ်ခဲ့ပါတယ်"ဟု ၎င်းကပြောသည်။

ထို့အပြင် မန္တလေးမြို့တွင်း၌လည်း အများပြည်သူ စုဝေးရာနေရာများဖြစ်သည့် ဆေးရုံ၊ ဘဏ်၊ ကျောင်းတက္ကသိုလ်၊ အစိုးရရုံးများ၊ ဘူတာရုံနှင့် လေယာဉ်ကွင်းစသည့် နေရာများတွင် ဆေးလိပ်ငွေ့ကင်းစင်ရေးနေရာများ ဆက်လက်သတ်မှတ်ပေးမည် ဖြစ်သကဲ့သို့ ဆေးလိပ်သောက်ရန် နေရာများကိုလည်း တစ်ပြိုင်နက်တည်း သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးလိပ်ကင်းစင်ရေး ကော်မတီတွင်နယကအဖြစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်မှ ဦးဆောင်ကာ ဥက္ကဋ္ဌအဖြစ် မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ အတွင်းရေးမှူးအဖြစ် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနမှူး ဦးစိုးလင်း၊ တွဲဖက်အတွင်းရေးမှူးအဖြစ် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်နှင့် သက်ဆိုင်ရာ ဌာနများမှအဖွဲ့ဝင် ၁၁ ဦး တို့ဖြင့် ပါဝင်ဖွဲ့စည်းထားကြောင်း သိရှိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။


ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily


နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၈၅၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၇၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

## သီတဂူဆရာတော်ကြီး၏ နှစ်သစ်ကူးဩဝါဒ

ဒို့တိုင်းပြည် ပြန်လည်ထူထောင်ရေးအတွက် အင်အားကြီး(၄)ရပ် ညီညွတ်တဲ့အတွက်ကြောင့် စိတ်ပူပန်စရာမရှိပါဘူး။ နိုင်ငံတော်ကို ခြိမ်းခြောက်လာတဲ့ အန္တရာယ်တွေကို ကာကွယ်တဲ့နေရာမှာလည်း ဒီအင်အားကြီး(၄)ရပ်သာ ညီညွတ်နေမယ်ဆိုရင် အန္တရာယ်ဘယ်လောက်လာလာ ခုခံကာကွယ်နိုင်ကြမှာပဲ ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓက အားလုံးညီညီညွတ်ညွတ်လုပ်ကြရင် ချမ်းသာမယ်တဲ့။ ကွဲကွဲပြားပြားလုပ်ရင်တော့ ချမ်းသာမှုမရနိုင်ဘူး၊ တိုးတက်မှုမရနိုင်ဘူး။ ဗုဒ္ဓပွင့်တာ ချမ်းသာပေမယ့် သံဃာတော်တွေ မညီညွတ်ရင် ဗုဒ္ဓသာသနာမှာ ချမ်းသာမှုမရနိုင်ဘူး။ မြတ်စွာဘုရားတရားဟောတာ ချမ်းသာတယ်လို့ ဘယ်လိုပဲပြောပြော တရားနာတဲ့ပုဂ္ဂိုလ်တွေ မညီညွတ်ရင် မချမ်းသာနိုင်ဘူး။ ဗုဒ္ဓနဲ့ဓမ္မကို ကြည်ညိုကြတဲ့ ပြည်သူတွေရယ်၊ သံဃာတော်တွေရယ်၊ နိုင်ငံတော်အစိုးရရယ်၊ တပ်မတော်ရယ် ဒီလေးဦးက ကုလားထိုင်ကြီးမှာ လေးချောင်းထောက်သလို၊ တညီတညွတ်တည်းအားလုံး ကိုင်းကိုကျွန်းမှီသလို ကျွန်းကိုကိုင်းမှီပြီးတော့ အပြန်အလှန်မှီခိုပြီး သွားကြမယ်ဆိုရင် ဒို့တိုင်းပြည်အတွက် ဒုက္ခရောက်စရာဘာမှမရှိဘူး။ ဒို့တိုင်းပြည်အတွက် ကြီးပွားတိုးတက်ဖို့နဲ့ အန္တရာယ်မှန်သမျှကို ကာကွယ်နိုင်ဖို့ပဲဖြစ်မှာပါ။ ဒါကြောင့် အားလုံးညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းဆောင်ရွက်ကြပါလို့ နှစ်သစ်မှာ ဆုတောင်းပါတယ်။



## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ပန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ နှစ်သစ်မင်္ဂလာ ဩဝါဒကထာ




၁၃၇၈-၇၉ ခုနှစ်ရောက်မယ်၊ ခရစ်နှစ်ဆို ၂၀၁၇ ခုနှစ် နှစ်သစ်မင်္ဂလာအနေဖြင့် ဆုတောင်း ပတ္ထနာသဘောမျိုး ရွတ်ပါမယ်။ စကြဝဠာအုပ်စုတွဲကြီးတွေကို အနန္တစကြဝဠာလို့ ခေါ်တယ်။ အနန္တစကြဝဠာဆိုတာ အဆုံးအပိုင်းအခြားမရှိ၊ စကြဝဠာအများကြီးကိုပြောတယ်။ စကြဝဠာတွေထဲမှာ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေအများကြီး နေထိုင်ကြတယ်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်သတ္တဝါတွေလည်း နေထိုင်ကြတယ်။ အဲဒီလို အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ဘုံခြောက်ထပ်၊ ဗြဟ္မာဘုံ ၂၀ ပေါင်းလိုက်ရင် ၃၁ ဘုံရှိတာ၊ ၃၁ ဘုံမှာရှိတဲ့ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ၊ သတ္တဝါတွေအများကြီး နေထိုင်ကြတယ်။

အဲဒီလိုရှိတဲ့ သတ္တဝါတွေအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ မေတ္တာပွားရတယ်။ မေတ္တာပွားမှ ဘေးအန္တရာယ်ကင်းတယ်။ သတ္တဝါတွေအားလုံး ကိုယ်လည်းကျန်းမာ သူလည်းချမ်းသာ ကျန်းမာချမ်းသာကြတယ်။ မေတ္တာပွားရုံနဲ့ မကဘူး၊ စကြဝဠာတွေ အမျိုးမျိုးရှိပြီးတော့ မေတ္တာပွားရတယ် စသည်ဖြင့် ပြောနိုင်ဆိုနိုင် ဟောနိုင်တဲ့ပုဂ္ဂိုလ်က သဗ္ဗညုဘုရားပဲရှိတာ၊ ဘုရားကမှ စွမ်းနိုင်တာ၊ ဘုရားကမှ ဉာဏ်ပညာဆိုတဲ့ သဗ္ဗညုတဉာဏ်၊ အလုံးစုံသိတဲ့ဉာဏ်၊ စကြဝဠာတွေအကုန်လုံးသိတဲ့ ဉာဏ်လည်း ရတယ်။ အဲဒါကြောင့် မြတ်စွာဘုရားသခင်ဟောကြားတော်မူတဲ့ တရားတော်တွေကို ကိုယ်တိုင်ကြိုးစားပြီး လိုက်နာရတယ်၊ ကျင့်သုံးရတယ်၊ ဘုရားစကားနားထောင်ရတယ်။

အသိဉာဏ်ပညာရှိတဲ့ ပုဂ္ဂိုလ်ကမှ လောကကြီးအကြောင်းတွေ အကုန်သိ၊ ကုသိုလ်တရားတွေလုပ်ရင် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည် ရောက်မယ်။ အကုသိုလ်လုပ်ရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ရောက်မယ်။ အဲဒီလို သိနိုင်တဲ့ဉာဏ်ပညာရှိတာ ဘုရားပဲရှိတယ်။ အဲဒါကြောင့် ဘုရားဟောကြားတော်မူတဲ့ တရားတော်တွေအတိုင်း သူသူငါငါ လိုက်နာကျင့်သုံးကြရမယ်။ လိုက်နာမကျင့်သုံးဘဲ ဘုရားစကား နားမထောင်ရင် အကုသိုလ်ဖြစ်ပြီး သေလွန်တဲ့အခါ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်ဘုံကျတတ်တယ်။ အဲဒါကြောင့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပြီး သီလလည်း လုံခြုံအောင်နေကြ။ မြန်မာနိုင်ငံမှာရှိတဲ့ ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့ တစ်ကမ္ဘာလုံးမှာရှိတဲ့ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ ငါးပါးသီလ လုံအောင်နေကြ။ တစ်ဦးနဲ့တစ်ဦး မေတ္တာထားပြီး မေတ္တာပွားများကြ။ ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ဘေးဥပဒ်ရန်အသွယ်သွယ် ကင်းကြပါစေ။


## အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ၏ နှစ်သစ်မင်္ဂလာ ဩဝါဒကထာ



၂၀၁၇ ခုနှစ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သားများအတွက် မင်္ဂလာရှိသောနှစ်ဖြစ်ပါစေ၊ မင်္ဂလာဟူသည်မှာ စစ်မှန်သော ကြီးပွားတိုးတက်မှုဖြစ်သည်။ စစ်မှန်သော ကြီးပွားတိုးတက်မှုရရှိနိုင်ရန် ယုံကြည်ချက်ခိုင်မာခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ သုတပညာ ကျယ်ပြန့်စွာဆည်းပူးခြင်း၊ ကိုယ်ကျိုးစွန့်နိုင်ခြင်း၊ အမြော်အမြင်ကြီးမားခြင်းတို့သည် လိုအပ်သော အရည်အချင်းကောင်းများ ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သားအားလုံး ကြီးပွားချမ်းသာ ၂၀၁၇ ခုနှစ်ကို မင်္ဂလာနှစ်ဖြစ်အောင် ကြိုးပမ်းအားထုတ်ကြပါကုန်။

## ၂၀၁၇ နှစ်သစ်ဆုတောင်းစကား



**ဓမ္မဘေရီအရှင်ဝီရိယ(တောင်စွန်း)**

ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ ကမ္ဘာသူ ကမ္ဘာသား ခုနှစ်ရက်သားသမီးများအားလုံးအတွက် ပြင်ပူတွင်းဆွေး၊ ငြိမ်းအေးရာစေရာ၊ ငြိမ်းချမ်းကမ္ဘာရဲ့ မင်္ဂလာမုခ်ဦးသစ်ဖြစ်ပါစေသတည်း။ အတွေ့အကြုံနှင့် သင်ခန်းစာများ၊ အကြံသစ်၊ ဉာဏ်သစ် ခွန်အားများကို လက်ဆောင်ပေးလိုက်တဲ့ မိတ်ဆွေနှစ်ဟောင်းများကိုလည်း ကျေးဇူးဥပကာတင်ရှိပါကြောင်း ပြောကြားနှုတ်ဆက်ခဲ့ပါတယ်။



**စွယ်စုံအနုပညာရှင် ဦးဝင်းဖေ**

၂၀၁၇ ခုနှစ် နှစ်သစ်အခါတော်မှာ မြန်မာတစ်နိုင်ငံလုံး ပြည်သူလူထုနဲ့တကွ နိုင်ငံတကာပြည်သူလူထုအားလုံး စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာကြပါစေ။ စစ်မက်ရေးရာ အကြမ်းပတမ်းကိစ္စတွေလည်း လျော့ပါးငြိမ်းချမ်းပါစေ။ ရိုးရိုးသားသားပဲ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ဗျာ။

မြောက်ဘက်ဆီ အရှိန်ပြင်းပြင်းနဲ့ သွားနေတဲ့ယာဉ်ကို တောင်ဘက်ဆီ ချက်ချင်းပြန်လှည့်အောင်လုပ်ဖို့ဆိုတာ လွယ်တာမှတ်လို့ကွာ။ မြောက်ဘက်သွားနေတဲ့အရှိန်ကို လျှော့ပြီးမှ တောင်ဘက်ဆီလှည့်ယူရမှာလေ။ Technocrat(တတ်သိစီမံခန့်ခွဲသူ)နဲ့ Infrastructure(အခြေခံအဆောက်အအုံ)တွေကို ရက်တစ်ရာအတွင်း ပြောင်းဖို့ဆိုတာ လွယ်တာမှတ်လို့။ ရက်တစ်ရာအတွင်း စောင့်ကြည့်မယ်၊ ဘာဖြစ်ရမယ်ဆိုတာတွေက ဘယ်ကလာမှန်းကို မသိတော့ပါဘူးကွာ။ ဖြစ်ချင်တာတွေများနေတာလည်း နားလည်ပါတယ်။ ဒါပေမယ့် ချက်ချင်းကြီး ဖြစ်ပေးဖို့ဆိုတာ လွယ်တာမှတ်လို့။ အဲဒီတော့ စိတ်ရှည်ရှည်နဲ့ စောင့်စားစေချင်တယ်။ တိုင်းပြည်ဟာ နှစ်ပေါင်း ငါးဆယ်ကျော်နင်းသမျှ ကြမ်းကျိုးတဲ့ နင်းကြမ်းကျိုးဖြစ်ခဲ့တာကို မမေ့စေချင်ဘူး။ ကုန်ထုတ်လုပ်ငန်းတွေ၊ ဝင်ငွေတွေ တိုးလာရင် ကျန်တာတွေကို တဖြည်းဖြည်းပြောင်းလဲယူနိုင်မှာပါကွာ။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်လည်း ဒီရင်းနှီးမြှုပ်နှံမှုတွေ၊ လုပ်ငန်းတွေ ဒီထက် မြန်မြန်သွက်လက်လာစေဖို့ ပြောတာ ကြားမိပါတယ်။

**(မိုးထွန်း)**

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး**

၂၀၁၇ ကတော့ ပြည်သူပြည်သားတွေ အင်မတန်မှ ဆန္ဒပြင်းပြနေတဲ့ မေတ္တာနဲ့ယှဉ်တဲ့ ငြိမ်းချမ်းမှုကို ရစေချင်ပါတယ်။ လောလောဆယ်တော့ ကြာတော့ကြာလှပြီ။ ငြိမ်းချမ်းအောင်၊ အေးချမ်းအောင် ဆောင်ရွက်မယ်ပြောပြော တကယ်တမ်းဆောင်ရွက်တဲ့အခါကျတော့လည်း ထိထိရောက်ရောက်မဖြစ်လာဘူးဆိုတော့ နောင်လာနောက်သားအတွက်ကို အသက်အရွယ်ကြီးတဲ့ပုဂ္ဂိုလ်တွေက အင်မတန် သတိကြီးစွာထားပြီးတော့ နောင်ရေးစိတ်ချရအောင် တိုင်းပြည်နဲ့ပတ်သက်လို့ရှိရင် အဓိက ပညာ



ရေး၊ နောက် ကျန်းမာရေး၊ စီးပွားရေး ဒါလည်း တကယ်ငြိမ်းချမ်းရေးရမှ တိုးတက်ဖို့ လုပ်နိုင်မှာ။ လူတိုင်းက သိပ်ပြီး အေးချမ်းချင်ကြတယ်၊ ငြိမ်းချမ်းချင်ကြတယ်၊ အေးချမ်းငြိမ်းချမ်းဖို့ဆိုတာကလည်း မေတ္တာတရားမှတစ်ပါး အခြားကိစ္စ မရှိဘူးလေ။ ဒါကြောင့်မို့ လာမယ့် ၂၀၁၇ ခုနှစ်မှာ ပြည်သူပြည်သားတစ်ရပ်လုံး လိုချင်နေတဲ့ ငြိမ်းချမ်းမှုရအောင် မေတ္တာတရားရှေ့ထားတဲ့ စိတ်ဓာတ်နဲ့ ပြဿနာဖြေရှင်းရင်လည်းပဲ အကြမ်းဖက်တဲ့နည်းနဲ့ လက်နက်ကိုင်နည်းနဲ့ မဖြေရှင်းဘဲ အေးအေးချမ်းချမ်း၊ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကိုယ်လိုရာကို ပြောဆိုပြီးတော့ အချိန်ယူပြီး စိတ်ရှည်လက်ရှည်နဲ့ဆွေးနွေးကြပေါ့။ လာမယ့် ၂၀၁၇ ခုနှစ်ကတော့ အခါတိုင်းထက် ထူးခြားတဲ့ နှစ်ဖြစ်ပါတယ်။ နောက်ပြီး ဘာသာရေးနဲ့ပတ်သက်လို့ရှိရင်လည်း အချင်းချင်းဟာ တစ်ဦးနဲ့တစ်ဦး ချစ်ခင်မြတ်နိုးလေးစားပြီးတော့ အတူယှဉ်တွဲနေနိုင်အောင်ဆိုတာကလည်း ကြိုးစားနေတာပေါ့နော်။ အောင်မြင်ပါစေ၊ မေတ္တာနဲ့ယှဉ်တဲ့ ငြိမ်းချမ်းရေးပေါ့နော်။ တိုင်းပြည်တိုးတက်ရာ တိုးတက်ကြောင်းဆိုရင်တော့ ငြိမ်းချမ်းရေးနဲ့ဆောင်ရွက်မှပဲ အောင်မြင်နိုင်မယ်။ ငြိမ်းချမ်းရေး အောင်မြင်ဖို့ဆိုတာ တစ်ဦးနဲ့တစ်ဦး ပြောတာ၊ ဆိုတာ၊ လုပ်တာ၊ ကိုင်တာကအစ မေတ္တာနဲ့ယှဉ်ပြီး လုပ်ကြဖို့ကို မမေ့ဖို့ပါဘဲ။ ၂၀၁၇ ခုနှစ်က ငြိမ်းချမ်းတဲ့နှစ်ကို အစပျိုးပြီးတော့ တိုင်းရင်းသားအားလုံး လူမျိုးမရွေး၊ ဘာသာမရွေး လူသားတိုင်းဟာ ဂုဏ်ရှိတယ်ဆိုတဲ့ အမြင်လေးတွေမွေးပြီး အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြဖို့ပဲ တိုက်တွန်းချင်ပါတယ်။

**သတင်း-သီသီမင်း**
**ဓာတ်ပုံ-ဇော်မင်းလတ်**

◆

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)၌ အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပဏ္ဍိတာရာမကျောင်းတိုက်အတွင်း ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက ပဏ္ဍိတာရာမကျောင်းတိုက်ဆရာတော်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဂေါပကအဖွဲ့ဝင်များ၊ မြို့နယ်သတင်းစာဆရာအသင်း အဖွဲ့ဝင်များ ပူးပေါင်း၍ လိင်အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပရာ ဒါရိုက်တာကြည်စိုးထွန်း၊ ဒေါက်တာနိုက်တင်ဂေးလ်၊ အသံတု ရဲမြင့်လေးတို့က သက်ငယ်မုဒိမ်းမှုနှင့် ဆက်စပ်သော လိင်အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးဟောပြောကြကြောင်း သိရသည်။

**(ဒွေးကြိုင်)**

# တန်ဖိုးကြီးငွေစက္ကူများ ပြန်လည်ရုပ်သိမ်းရန်ဆုံးဖြတ်မှု အိန္ဒိယဝန်ကြီးချုပ်နရိန္ဒြာမိုဒီ ကာကွယ်ပြောကြား




**နယူးဒေလီ ဒီဇင်ဘာ ၃၁**
လှည့်ပတ်သုံးစွဲငွေစနစ်မှ တန်ဖိုးကြီးငွေစက္ကူများအား ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ခဲ့ရခြင်းနှင့်ပတ်သက်၍ အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီက ကာကွယ်ပြောကြားလိုက်ကြောင်း၊ ယခုအခါပြည်သူများက ၎င်းတို့၏ လက်ဝယ်ရှိ ငွေစက္ကူဟောင်းများကို ငွေစက္ကူသစ်များဖြင့် အစားထိုးလဲလှယ်နိုင်ရေးအတွက် ဘဏ်များတွင် တန်းစီစောင့်ဆိုင်း နေကြရဆဲဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ်မိုဒီသည် ရူပီး ၅၀၀ တန်နှင့် ရူပီး ၁၀၀၀ တန်ငွေစက္ကူများကို နိုဝင်ဘာ ၈ ရက်က ဖျက်သိမ်းခဲ့သည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ အကြမ်းဖက်သမားများ၏ဘဏ္ဍာရေးစီးကြောင်းကို ဖြတ်တောက်နိုင်ရေး၊ ငွေစက္ကူအစား ဒစ်ဂျစ်တယ်ငွေကြေးသုံးစွဲမှုစနစ်သို့ ပြောင်းလဲနိုင်ရေး ရည်ရွယ်ချက်များဖြင့် တန်ဖိုးကြီးငွေစက္ကူနှစ်မျိုးကို လှည့်ပတ်သုံးစွဲငွေစနစ်မှ ပြန်လည်ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။


တန်ဖိုးကြီး ငွေစက္ကူဟောင်းများအား ပြန်လည်လဲလှယ်နိုင်ခွင့်ရှိသည့်ကာလကို ဒီဇင်ဘာလကုန်အထိ သတ်မှတ်ခဲ့သော်လည်း ယခုထက်တိုင် ငွေလဲလှယ်မည့် ပြည်သူများက ဘဏ်များတွင် တန်းစီစောင့်ဆိုင်းနေကြဆဲဖြစ်သည်။

တန်ဖိုးကြီးငွေစက္ကူဟောင်းများကို ပြန်လည်ရုပ်သိမ်းခဲ့ရခြင်းနှင့် ပတ်သက်၍ ဝန်ကြီးချုပ်မိုဒီက ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ် စတင်သည့် အထိမ်းအမှတ်အခမ်းအနားတစ်ရပ်တွင် ကာကွယ်ပြောကြားခဲ့သည်။ အိန္ဒိယပြည်သူများသည် ငွေသားသုံးစွဲမှုအပေါ် မှီခိုအားထားမှု လျှော့ချရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

လှည့်ပတ်သုံးစွဲငွေစနစ်မှ တန်ဖိုးကြီးငွေစက္ကူအရေအတွက်၏ ၈၆ ရာခိုင်နှုန်းကို ရုပ်သိမ်းနိုင်ခဲ့ခြင်းအတွက် ကမ္ဘာ့နိုင်ငံများက အံ့အားသင့်မှုဖြစ်ကြရကြောင်း မိုဒီက ပြောကြားသည်။ **ရိုက်တာ။**

# အမေရိကန်အရေးယူမှုအတွက် ပူတင်၏ ဆုံးဖြတ်ချက်ကို ထရန့်ချီးကျူး

**ဝါရှင်တန် ဒီဇင်ဘာ ၃၁**
အမေရိကန်နိုင်ငံက ရုရှားနိုင်ငံအပေါ် နောက်ဆုံးချမှတ်လိုက်သည့် အရေးယူမှုများအတွက် ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြန်လည်တုံ့ပြန်ခြင်း မပြုသည့် ဆုံးဖြတ်ချက်ကို အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်က ချီးကျူးလိုက်သည်။




ပူတင်၏ တုံ့ပြန်မှုသည် ထူးကဲသည့်လှုပ်ရှားမှုဖြစ်ပြီး ပူတင်သည် အမြဲတမ်း တက်ကြွထက်မြက်သူတစ်ဦးဖြစ်ကြောင်း ထရန့်က ၎င်း၏ တွစ်တာစာမျက်နှာတွင် သောကြာနေ့က ရေးသားဖော်ပြခဲ့သည်။ အမေရိကန်သတင်းမီဒီယာများက ပူတင်၏ တုံ့ပြန်မှုသည် ယုံကြည်စိတ်ချရမှုမရှိဟု ဆိုကြသည်။

ပူတင်အနေဖြင့် အမေရိကန်နိုင်ငံကို ပြင်းပြင်းထန်ထန် တုံ့ပြန်သည့်လမ်းစဉ်ကို ရွေးချယ်မည်ဆိုပါက နှစ်နိုင်ငံကြားဆက်ဆံရေး အခြေအနေပိုမိုဆိုးရွားသွားဖွယ်ရှိသည်ဟု နယူးယောက်တိုင်းသတင်းစာက ရေးသားဖော်ပြသည်။

အိုဘားမားအစိုးရ၏ ပြင်းထန်သည့်အရေးယူဒဏ်ခတ်မှုကို ရုရှားနိုင်ငံ၏တုံ့ပြန်ပုံသည် မကြာမီ အမေရိကန်သမ္မတဖြစ်လာတော့မည့် ဒေါ်နယ်ထရန့်နှင့် ရင်းနှီးသည့် ဆက်ဆံရေးတည်ဆောက်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်ဟု နယူးယောက်တိုင်းသတင်းစာက မှတ်ချက်ပြုသည်။

အမေရိကန် ရွေးကောက်ပွဲ၌ ဟက်ကာလုပ်ဆောင်မှုများ ရှိသည်ဆိုကာ ရုရှားသံတမန် ၃၅ ဦးအား အမေရိကန်က နှင်ထုတ်ခဲ့သည်။ ဟက်ကာတိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်ခြင်း မရှိကြောင်း ရုရှားက ငြင်းဆန်သည်။ **အင်န်အိတ်ချ်ကေ။**

## နှစ်သစ်ကူးအားလပ်ရက် ပထမနှစ်ရက်အတွင်း ယာဉ်တိုက်မှုများကြောင့် ထိုင်းနိုင်ငံတွင် လူ ၁၁၃ ဦးသေဆုံး

**ဗန်ကောက် ဒီဇင်ဘာ ၃၁**
ထိုင်းနိုင်ငံတွင် နှစ်သစ်ကူးအားလပ်ရက် ပထမနှစ်ရက်အတွင်း ယာဉ်မတော်တဆမှုများကြောင့် သေဆုံးရသူ ၁၁၃ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၀၀၀ ကျော်ဖြင့် စံချိန်တင်မြင့်တက်ခဲ့ကြောင်း လမ်းအန္တရာယ်ကင်းရှင်းရေးဗဟိုဌာနက စနေနေ့တွင် ထုတ်ပြန်ကြေညာသည်။

ကြာသပတေးနေ့နှင့် သောကြာနေ့တို့တွင် ယာဉ်မတော်တဆမှု စုစုပေါင်း ၁၂၀၄ ခုဖြစ်ပွားခဲ့ပြီး ၁၁၃ ဦးသေဆုံးကာ ၁၂၉၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

သောကြာနေ့တစ်နေ့တည်းမှာပင် ယာဉ်တိုက်မှု ၆၈၀ ဖြစ်ပွားပြီး လူ ၇၁ ဦးသေဆုံးခဲ့ရသည်။ လွန်ခဲ့သည့်နှစ်က ယခုလိုနေ့တွင် ယာဉ်တိုက်မှု ၅၉၁ မှုဖြစ်ပွားပြီး လူ ၆၅ ဦးသေဆုံးခဲ့သည်။

ယာဉ်တိုက်မှု အဓိကဖြစ်ရသည့်အကြောင်းရင်းမှာ အရက်မူးပြီး မောင်းနှင်ခြင်းနှင့် အရှိန်လွန်တိမ်းမှောက်ခြင်းများဖြစ်သည်ဟု ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဆက်ဖွန်မက်သွန်က ပြောကြားသည်။ အရှေ့မြောက်ပိုင်း ဥဒန်တာနီပြည်နယ်သည် သေဆုံးမှုအများဆုံးပြည်နယ်ဖြစ်သည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

ထိုင်းနိုင်ငံသည် ကမ္ဘာပေါ်တွင် ယာဉ်တိုက်မှုကြောင့်သေဆုံးရမှု ဒုတိယအဆိုးရွားဆုံးနိုင်ငံဖြစ်သည်။

ထိုင်းနိုင်ငံတွင် ယာဉ်မတော်တဆမှုများကြောင့် လူအများအပြားသေဆုံးရမှုကို ရပ်တန့်ရန် ကြိုးစားသည့်အနေဖြင့် ၂၀၁၆ ခုနှစ် ပထမနှစ်ဝက်ကာလတွင် ထိုင်းအာဏာပိုင်များက အရက်မူးပြီး ကားမောင်းသူများနှင့် ယာဉ်စည်းကမ်းများကို အကြိမ်ကြိမ်ချိုးဖောက်သူများအား ရင်ခွဲရုံများ၌ အလုပ်လုပ်ရန် စေလွှတ်ခဲ့သည်။

ထိုင်းဝန်ကြီးချုပ် ပရာယွတ် ချန်အိုချာက ယာဉ်စည်းကမ်းချိုးဖောက်သူများ အထူးသဖြင့် လိုင်စင်မရှိဘဲ မောင်းနှင်သူများကို ထိထိရောက်ရောက်အရေးယူရမည်ဟု ညွှန်ကြားထားသည်။ **ဆင်ဟွာ။**

# တရုတ် (တိုင်ပေ)အား ထိန်းချုပ်နိုင်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန် တရုတ်စစ်ဘက်သုံးသပ်နေ

**ပေကျင်း ဒီဇင်ဘာ ၃၁**
တရုတ်(တိုင်ပေ)အနေဖြင့် လွတ်လပ်ရေးကြေညာမှုဆီသို့ဦးတည်သော လှုပ်ရှားမှုများဖြစ်ပေါ်လာခြင်းမှ တားဆီးကာကွယ်နိုင်စေမည့် အစီအစဉ်များကို ချမှတ်ဆောင်ရွက်နိုင်ရန် စဉ်းစားသုံးသပ်လျက်ရှိကြောင်း တရုတ်စစ်ဘက်တာဝန်ရှိသူများက ဒီဇင်ဘာ ၃၁ ရက်တွင် ပြောကြားကြသည်။

အမေရိကန်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဒေါ်နယ်ထရန့်က တရုတ်(တိုင်ပေ)ကို ထောက်ခံမှုပြသခဲ့ပြီးနောက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကို တပ်လှန့်ထားကြောင်း စစ်ဘက်ဆိုင်ရာ အထက်တန်းတာဝန်ရှိသူများနှင့် နီးစပ်သည့် သတင်းရပ်ကွက်က ပြောကြားသည်။

တရုတ်(တိုင်ပေ)ကို တုံ့ပြန်မည့်နည်းလမ်းများကို စဉ်းစားသုံးသပ်လျက်ရှိရာတွင် နည်းလမ်းတစ်ရပ်အဖြစ် တရုတ်(တိုင်ပေ)အနီး၌ စစ်ရေးလေ့ကျင့်မှုပြုလုပ်ရန်ဖြစ်ကြောင်း၊ အခြားသော နည်းလမ်းတစ်ရပ်မှာ တရုတ်(တိုင်ပေ) အားနည်းသွားစေရေးအတွက် စီးပွားရေးအရ အရေးယူ ပိတ်ဆို့မှုများ ပြုလုပ်ရန်ဖြစ်ကြောင်း အမည်မဖော်သူ တာဝန်ရှိသူများက ပြောကြားကြသည်။

တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)ကို ခွဲထွက်ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ထားသည်။ တရုတ်(တိုင်ပေ)အား တုံ့ပြန်နိုင်မည့်အစီအစဉ်များနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်တစ်စုံတစ်ရာ ချမှတ်ပြီးခြင်း ရှိ၊ မရှိ မသိရပေ။ သို့ရာတွင် တရုတ်(တိုင်ပေ)ပြဿနာသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ အထက်တန်းတာဝန်ရှိ ပုဂ္ဂိုလ်များအတွက် လတ်တလောကာလ အလေးအနက် အထားဆုံးပြဿနာဖြစ်ကြောင်း အမည်မဖော်သူ တာဝန်ရှိသူများက ပြောကြားကြသည်။

ဇန်နဝါရီ ၂၀ ရက်တွင် အမေရိကန်သမ္မတတာဝန်စတင်ထမ်းဆောင်မည့် ဒေါ်နယ်ထရန့်သည် တရုတ်(တိုင်ပေ) သမ္မတနှင့် တယ်လီဖုန်း ဆက်သွယ်ပြောကြားခဲ့ခြင်းဖြင့် တရုတ်အစိုးရမှာ ဒေါသအမျက်ထွက်ခဲ့ရသည်။ ထရန့်၏အစိုးရအဖွဲ့သည် "တရုတ်တစ်ပြည်တည်း မူဝါဒ" နှင့် ပတ်သက်၍ ကတိကဝတ်ပြုခဲ့မှုကို ဆက်လက်လိုက်နာရန် ဖြစ်နိုင်ပါမည်လောဟု တရုတ်အစိုးရက သံသယပွားလျက်ရှိကြသည်။ **ရိုက်တာ။**



# ပါကစ္စတန်တွင် ချက်အရက်သောက်သုံးမှုကြောင့် ၄၂ ဦး သေဆုံး

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၃၁**
ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင် အဆိပ်သင့်ချက်အရက်သောက်သုံးမှုကြောင့် ၄၂ ဦးသေဆုံးရကြောင်း ပါကစ္စတန်အထက်လွှတ်တော် ကော်မတီတစ်ရပ်မှ တာဝန်ရှိသူများက ပြောကြားကြသည်။

သေဆုံးသူများတွင် ခရစ်ယာန်ဘာသာဝင်များ အများစုဖြစ်ကြသည်။ ပန်ဂျပ်ပြည်နယ် တိုဘာတက်ခ်ခရိုင်တွင် ခရစ္စမတ်ပွဲတော်ကာလ အဆိပ်သင့်ချက်အရက်သောက်သုံးမှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း အထက်လွှတ်တော်ပြည်ထဲရေးနှင့် မူးယစ်ထုံထိုင်းဘေးဖြစ်စေနိုင်သော ပစ္စည်းများတိုက်ဖျက်ရေးကော်မတီက ပြောကြားသည်။



ဥပဒေမဲ့ချက်အရက် ထုတ်လုပ်သူများကို ဖော်ထုတ်အရေးယူရန် အဆိုပါကော်မတီက အစိုးရအဖွဲ့အား တိုက်တွန်းသည်။

ချက်အရက် အဆိပ်သင့်မှုကြောင့် သေဆုံးရသူ ၄၂ ဦးရှိကြောင်း၊ ပါကစ္စတန်နိုင်ငံတွင် ချက်အရက်နှင့်မူးယစ်ဆေးဝါးတို့ကြောင့် သေဆုံးရသူဦးရေသည် အကြမ်းဖက်မှုများကြောင့် သေဆုံးရသူဦးရေထက်ပိုမိုများပြားကြောင်း ကော်မတီဥက္ကဋ္ဌ ရာမန်မာလစ်က ပြောကြားသည်။

မူဘာရာဘက်အမည်ရှိ ကျေးရွာတွင် ဒီဇင်ဘာ ၂၅ ရက်က ချက်အရက်သောက်သုံးသူများ အစာအိမ်ဆိုင်ရာဝေဒနာများခံစားခဲ့ရသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ အရက်အဆိပ်သင့်မှုကြောင့် သေဆုံးသူများထဲတွင် မွတ်စလင်နှစ်ဦးနှင့် အရက်ရောင်းသူနှစ်ဦးလည်း ပါဝင်သည်ဟု သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# ငြိမ်းချမ်းရေးကြိုးပမ်းမှုတွင် ပါဝင်ဆောင်ရွက်နေသူများ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားများ

နှစ်သစ်တွင် ဖြစ်ပေါ်လာမည့် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးကြိုးပမ်းမှုတွင် ပါဝင်ဆောင်ရွက်နေသူများ၏ အမြင်များကို တင်ပြလိုက်ပါသည်-


ဒေါက်တာတင်မျိုးဝင်း


ဦးလှမောင်ရွှေ


ပဒိုစောကွယ်ထူးဝင်း


ရဲဘော်မျိုးဝင်း


ရိုလန်ကိုဘီယာ

**ဒေါက်တာတင်မျိုးဝင်း**
**ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ**

ငြိမ်းချမ်းရေးအတွက်တစ်ဖက်နဲ့ တစ်ဖက် ထိတွေ့ဆက်ဆံမှု၊ စကားပြောဆိုမှု၊ အပေးအယူလုပ်ညှိနိုင်းမှုတွေက နံပါတ်တစ်ပါ။ ဘယ်ကိစ္စကိုမဆို ဖြေရှင်းတဲ့နည်းဟာ လက်နက်မဟုတ်ပါဘူး။ အားလုံးတွေ့ဆုံဆွေးနွေးပြီးတော့ ယုံကြည်မှုတည်ဆောက်ကြမယ်။ လိုအပ်ချက်တွေ ဖြည့်ဆည်းပေးကြမယ်။ အားနည်းချက်၊ အားသာချက်မထားဘဲ ဘုံရည်မှန်းချက်ဖြစ်တဲ့ ငြိမ်းချမ်းရေးကို သွားကြမယ်ဆိုရင် ရလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့ ၂၀၁၇ မှာဆို ဒီကိစ္စကို အများဆုံး ကြိုးစားပြီးဆောင်ရွက်မှာပါ။

အခု ကျွန်တော်တို့ လုပ်ခဲ့တဲ့လပိုင်းအတွင်းမှာဆို တိုးတက်မှုတွေ အများကြီးရှိပါတယ်။ ဥပမာဆို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကိုအဖွဲ့ပေါင်းစုံက တက်ရောက်ကြပါတယ်။ စာတမ်းပေါင်း ၇၂ စောင်ကိုလည်း ပြုစုပြီးတော့ သူတို့ရဲ့ လိုအပ်ချက်တွေ၊ အားနည်း၊ အားသာချက်တွေ၊ သူတို့ဆီမှာရှိတဲ့ ပြဿနာတွေ တင်ပြကြပါတယ်။ ဒါကို အခြေခံပြီး ယုံကြည်မှု တည်ဆောက်ကြမယ်။ ဒီပြဿနာကို အတူပေါင်း ဖြေရှင်းကြမယ်ဆိုရင် ၂၀၁၇ ဟာ ၂၀၁၆ ထက်အများကြီးတိုးတက်မှုရလိမ့်မယ်လို့ ယုံကြည်ပါတယ်။ တစ်ဖက်နဲ့ တစ်ဖက် နားလည်မှုမေတ္တာ၊ တစ်ဖက်မှာ ဖြစ်နေတဲ့ခံစားမှုကို လိုက်လျောဖြည့်ဆည်းပေးနိုင်မှုနဲ့ အခြေခံပြီး ရှေ့ဆက်သွားမှာ ဖြစ်တဲ့အတွက် ပြည်သူပြည်သားတွေ တောင့်တနေတဲ့ ငြိမ်းချမ်းရေးကို အစွမ်းကုန်ကြိုးပမ်းနေတယ်လို့ ကျွန်တော်ပြောပါရစေ။

**ဦးလှမောင်ရွှေ (အတွင်းရေးမှူး)**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ**

ကျွန်တော်တစ်ဦးတည်းရဲ့ အမြင်က ငြိမ်းချမ်းရေး တည်ဆောက်ဖို့အတွက် အားသာချက်တွေ အများကြီးရှိနေတာကို တွေ့နေရပြီး အားလုံးဝိုင်းဝန်းအားစိုက် ကြိုးပမ်းလိုက်ရင် ၂၀၁၇ မှာ ပိုကောင်းတဲ့ရလဒ်တွေ ရလိမ့်မယ်လို့ မျှော်လင့်တယ်။ ယုံကြည်မှုတည်ဆောက်တာက အခုလည်း ဆက်လုပ်နေတယ်။ အခုဆို ဆရာဦးသိန်းဇော်တို့ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဘက်ကိုသွားတယ်။ ဒါဟာ အင်မတန်ကောင်းတယ်။ ဒီလိုအင်အားကြီးတဲ့ အဖွဲ့နဲ့ တွေ့တာလည်း ယုံကြည်မှုတည်ဆောက်တာပါပဲ။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ အောင်အောင်မြင်မြင် လုပ်နိုင်ရင်လည်း တိုင်းရင်းသားတွေဘက်က ယုံကြည်မှုပိုရလာမယ်။ လက်မှတ်ထိုးသူတွေရော၊ မထိုးတဲ့သူတွေရော ဒါကို စောင့်ကြည့်နေတာဖြစ်တဲ့အတွက် ၂၀၁၇ ဖေဖော်ဝါရီမှာ ကျွန်တော်တို့ မူဝါဒဆိုင်ရာ ရလဒ်တွေ ပိုရလာဖို့ မျှော်လင့်တယ်။ ဒါဆိုရင် ၂၀၁၇ ဩဂုတ်လလောက်မှာ လုပ်နိုင်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ရလဒ်ကောင်းတွေ တော်တော်များများရနိုင်ဖို့ မျှော်လင့်တယ်။ ရလည်းရမယ်လို့ ထင်တယ်။

**ပဒိုစောကွယ်ထူးဝင်း**
**(အထွေထွေအတွင်းရေးမှူး)**
**KNU-ကရင်အမျိုးသားအစည်းအရုံး**

ငြိမ်းချမ်းရေး တည်ဆောက်တဲ့နေရာမှာ တာဝန်ရှိတဲ့ ခေါင်းဆောင်တွေရဲ့ ဆန္ဒရှိမှု၊ ရေရှည်အကျိုးအတွက် မြင်နိုင်မှု၊ ရဲစွမ်းသတ္တိရှိမှု၊ စွမ်းဆောင်နိုင်မှု စတဲ့ အရည်အချင်းတွေ လိုအပ်ပါတယ်။ ငြိမ်းချမ်းရေးတည်ဆောက်တဲ့နေရာမှာ အတူတကွပူးပေါင်းဆောင်ရွက် ဆွေးနွေးပြီး အများက လက်ခံတဲ့အဖြေတစ်ခုကို ကြိုးပမ်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ လာမယ့် ၂၀၁၇ ဟာ ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးကို ဆက်လက်ပြီးတော့ အကောင်အထည်ဖော်နိုင်တဲ့နှစ်၊ ငြိမ်းချမ်းရေးအတွက် ထပ်မံရောက်ရှိမယ့်နှစ်လို့ ကျွန်တော်မျှော်မှန်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ရဲဘော်မျိုးဝင်း (ဒုတိယဥက္ကဋ္ဌ)**
**ABSDF-မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး**

တိုင်းပြည်က နိုင်ငံတကာမပြောနဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ယှဉ်ကြည့်မယ်ဆိုရင်တောင် မငြိမ်းချမ်းတဲ့ အခြေအနေမှာရှိနေတယ်ဆိုတာ အားလုံးအသိပါ။ ဒီအခြေအနေတွေကို မှန်မှန်ကန်ကန်သုံးသပ်ပြီး တိုင်းပြည်နဲ့ ပြည်သူလူထုအကျိုး၊ ပြည်သူလူထုရဲ့ မျက်နှာကို ထောက်ပြီးတော့မှ နိုင်ငံရေးပြဿနာကို စားပွဲဝိုင်းပေါ်မှာ အားလုံးဖြေရှင်းနိုင်အောင် ကျွန်တော်တို့အဖွဲ့အစည်းကတော့ ဆတက်ထမ်းပိုး ကြိုးပမ်းသွားပါမယ်။

နှစ်သစ်မှာ ပြည်သူအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းပါတယ်။ ဘယ်လိုပဲ တိုင်းပြည်မှာရှိတဲ့ စိန်ခေါ်မှုတွေရှိပါစေ၊ နှစ်သစ်မှာ စိတ်ဓာတ်ခွန်အား အသစ်တွေနဲ့အတူ

**စာမျက်နှာ ၈ သို့**

# ဘာသာပေါင်းစုံ နှစ်သစ်ကူးဆုတောင်းစကားများ


ဟာဂျီဦးအေးလွင်


ဆဲမီဆမ်မြူရယ်


ဦးထွန်းငြိမ်း


မန်းစံသိန်းထွန်း


ဂျွန်စောယောဟန်


ဦးဆန်းဝင်း

ဘာသာပေါင်းစုံမှ တာဝန်ရှိသူများ၏ နှစ်သစ်ကူး ဆုတောင်းစကားများကို စုစည်းဖော်ပြလိုက်ပါသည် -

**မန်းစံသိန်းထွန်း (သိက္ခာတော်ရဆရာတော်)**
**မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်**

၂၀၁၆ တစ်နှစ်လုံး ဘုရားသခင် ပို့ဆောင်ခဲ့တဲ့အတွက် ၂၀၁၇ နှစ်သစ်ကို ဝင်စားရတော့မယ်။ ကျွန်တော်တို့ ဘာသာရဲ့ ယုံကြည်ခံယူချက်ကတော့ နှစ်သစ်တိုင်းကို ဘုရားသခင်က အသစ်ပြင်ဆင်ပေးထားတယ်။ လူသစ်၊ စိတ်သစ်ပေါ့။

နှစ်သစ်ဆိုတာက အဟောင်းတွေ၊ မကောင်းတာတွေ၊ ဒုက္ခတွေ အကုန်လုံးကျန်ခဲ့ရမယ့် အခြေအနေဖြစ်တဲ့အတွက် ၂၀၁၇ နှစ်သစ်မှာတော့ မြန်မာနိုင်ငံကြီးအတွက် အဓိကလိုအပ်တဲ့ ငြိမ်းချမ်းခြင်းတွေ၊ ငြိမ်သက်ခြင်းတွေ၊ ဝမ်းမြောက်ခြင်းတွေနဲ့ လူသားအားလုံး ပျော်ရွှင်တဲ့ နှစ်တစ်နှစ်ဖြစ်ဖို့ ကျွန်တော်တို့အနေနဲ့ ဆုတောင်းပါတယ်။

**ဂျွန်စောယောဟန် (လက်ထောက်ဆရာတော်)**
**ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်အသင်းတော်**

ကျွန်တော်တို့ လာမယ့် ၂၀၁၇ ခုနှစ်မှာ မြန်မာပြည်မှာရှိတဲ့ တိုင်းသူပြည်သားအပေါင်း ကိုယ်စိတ်နှစ်ဖြာ ငြိမ်းချမ်းသာယာပါစေကြောင်း ဆုမွန်ကောင်းပြုပါတယ်။ လူတိုင်း လူတိုင်း ညီတူညီမျှ လူ့အခွင့်အရေးတွေ ရနိုင်ကြပါစေလို့ ဆန္ဒပြုတယ်။

ကျွန်တော်တို့ တိုင်းပြည်တိုးတက်ဖို့၊ စည်ပင်ဝပြောဖို့ ကျွန်တော်တို့ အားလုံးမှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ တတ်နိုင်တဲ့ဘက်ကနေ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် နိုင်ငံသူ နိုင်ငံသားတိုင်း ပါဝင်ကြိုးစားမယ်ဆိုရင် ကမ္ဘာ့အလယ်မှာ မြန်မာပြည်ကြီးဟာ ငြိမ်းချမ်းတဲ့ မြန်မာပြည်ကြီး ဖြစ်မှာပါ။ ကျွန်တော်တို့အားလုံး တတ်နိုင်တဲ့ဘက်ကနေ ပါဝင်ကြိုးစားကြရအောင်လို့ ဖိတ်ခေါ်ပါတယ်။

**ဟာဂျီဦးအေးလွင်**
**အစ္စလာမ်မွေ့ဗိမာန် ဦးဆောင်ဆော်ဩရေးမှူး**
**ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးအဖွဲ့ဝင်**

အဟောင်းအညစ်တွေကို အကောင်းအသစ်တွေနဲ့ နှစ်သစ်မှာပြောင်းပစ်မယ်။ ပြောင်းလဲတယ်ဆိုတဲ့ နေရာမှာလည်း ကျွန်တော်တို့ အစ္စလာမ်ဘာသာရဲ့ ကျမ်းမြတ်ကုအာန် စကားလေးတစ်ခု လက်ဆောင်ပါးချင်ပါတယ်။ "မိမိကိုယ်မိမိ မပြောင်းလဲတဲ့ကာလပတ်လုံး ဘုရားသခင်ကလည်း သင်တို့ရဲ့ဘဝကို ပြုပြင်ပြောင်းလဲပေးမှာ မဟုတ်ပါဘူးတဲ့။ အဲဒီတော့ ပြောင်းလဲခြင်းကို လိုချင်တဲ့လူတွေဟာ တစ်ဦးချင်းကနေ စပြောင်းပေးရပါမယ်။ ကျွန်တော်တို့ စိတ်နေစိတ်ထားတွေ၊ လုပ်ရပ်တွေကအစ ပြောင်းလဲလိုက်မယ်ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံကြီးဟာ ကောင်းသော ပြောင်းလဲခြင်းနဲ့ နှစ်သစ်ကို ကြိုဆိုနိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်တဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံကလည်း နှစ်သစ်မင်္ဂလာမှာ ကောင်းချီးမင်္ဂလာအဖြာဖြာနဲ့ မြန်မာနိုင်ငံရဲ့ ကျက်သရေရှိလှတဲ့ မတူညီမှုမှာ အားအဖြစ်ရှိနေတဲ့ စစ်မှန်သော မြန်မာအလှကိုလည်း ဖော်ကျူးနိုင်ကြပါစေလို့ နှစ်သစ်မင်္ဂလာစကား ပြောကြားပါတယ်။

**ဆဲမီဆမ်မြူရယ်**
**မြန်မာနိုင်ငံ ဂျူးဘာသာအသင်းအဖွဲ့ချုပ်ခေါင်းဆောင်**

၂၀၁၇ ခုနှစ်အတွက် နှစ်သစ်စကားကတော့ ကျွန်တော်တို့ မြန်မာပြည်မှာ မှီတင်းနေထိုင်ကြတဲ့ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံအားလုံး ချစ်ခင်ရင်းနှီးစွာနဲ့ နှစ်ပေါင်းများစွာ ဆက်လက်နေနိုင်ကြပါစေလို့ ကျွန်တော်တို့ ဂျူးဘာသာအနေနဲ့ ဆုတောင်းမေတ္တာပို့သပါတယ်။

**ဦးထွန်းငြိမ်း**
**မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**
**စာရင်းစစ်**

၂၀၁၇ မြန်မာနိုင်ငံ နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံမှာရှိတဲ့ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ ညီအစ်ကိုသဖွယ် ချစ်ခင်ရင်းနှီးစွာနဲ့ တိုင်းပြည်တိုးတက်ရာ တိုးတက်ကြောင်း လုပ်ဆောင်နိုင်ပါစေလို့ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ်အနေနဲ့ ဆုတောင်းမေတ္တာပို့သပါတယ်။

**ဦးဆန်းဝင်း (အဖွဲ့ဝင်)**
**မြန်မာနိုင်ငံလုံးဆိုင်ရာ ဘဟာအီသာသနာပြုအဖွဲ့ချုပ်**

မကြာခင် ၂၀၁၇ နှစ်သစ်ကိုရောက်တော့မှာ ဖြစ်တာကြောင့် မြန်မာပြည်သူ၊ ပြည်သားအားလုံး စိတ်၏ကျန်းမာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်တို့အားလုံး စိတ်ထဲမှာရှိနေတာ ကမ္ဘာကြီးကို တိုးတက်ကောင်းမွန်ဖို့ပါ။ တိုးတက်ကောင်းမွန်ဖို့ ဘယ်လိုကြိုးစားဆောင်ရွက်ကြမလဲဆိုတဲ့ အပိုင်းကလည်း အရေးကြီးပါတယ်။ ကမ္ဘာကြီး ပိုမိုကောင်းမွန်တဲ့ဘက်ကို ရွေ့လျားနိုင်ဖို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ဘဟာအီသာသနာပြုအဖွဲ့ချုပ်အနေနဲ့ အစဉ်ဆုတောင်းမေတ္တာပို့သနေပါတယ်ဆိုတာ ပြောချင်ပါတယ်။

တွေ့ဆုံမေးမြန်း – ရဲခေါင်ညွှန့်
ဓာတ်ပုံ – ဇော်မင်းလတ်

# သားစဉ်မြေးဆက် ထာဝစဉ်မမေ့အပ်သင့်သော လွတ်လပ်ရေးနေ့

မောင်သောင်းဝင်း(တမန်ဟောင်း)

"တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းသူပြည်သားလူထု ညီညွတ်ရေး၊ အဲဒီညီညွတ်ရေးနှစ်ခု မရှိသမျှကာလပတ်လုံး ဒီတိုင်းပြည်ဟာ လွတ်လပ်ပင်လွတ်လပ်သော်ငြားလည်း ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ်၊ ----- တိုင်းပြည်ဖြစ်နေမှာပဲလို့ ကျွန်တော်ပြောချင်တယ်" ဟူ၍ လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့တော်ခန်းမကြီး၌ ပြုလုပ်သည့် ပြည်သူ့အစည်းအဝေးကြီးတွင် သတိပေးပြောကြားခဲ့ပါသည်။

ဗိုလ်ချုပ်၏မိန့်ခွန်းသည် နားထောင်ရာတွင် နားဝင်မချိုသော်လည်း ထိထိမိမိရှိလှသည်။ နိုင်ငံသားအားလုံး သတိထားရမည့်အချက်ကို ထိထိမိမိပြောခဲ့ခြင်းဖြစ်သည်။ လက်ရှိအချိန်အထိလည်း ထင်ဟပ်မှန်ကန် နေဆဲပင်ဖြစ်သည်။ ထိုမိန့်ခွန်း၏အနှစ်သာရသည် ကမ္ဘာတည်သရွေ့ ဆက်လက်မှန်ကန်နေမည်ဖြစ်သည်။ တိုင်းပြည်တစ်ခုတည်ဆောက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် မည်မျှအရေးပါနေကြောင်းကို အနာဂတ်ကိုမျှော်တွေးကာ သတိပေးသွားခြင်းဖြစ်သည်။

**လွတ်လပ်ရေးဆုံးရှုံးခဲ့ရ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ရှေးမြန်မာမင်းများလက်ထက် ခေတ်အဆက်ဆက်တွင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်၌ ဝင့်ထည်စွာရပ်တည်နိုင်ခဲ့သည်။ သို့ရာတွင် ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလများ၌ နယ်ချဲ့တို့၏ကျူးကျော်စစ်သုံးကြိမ် တိုက်ခိုက်ခံရပြီးနောက် ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ကိုလိုနီလက်အောက်ခံနိုင်ငံအဖြစ်သို့ လုံးလုံးလျားလျား ကျရောက်ခဲ့ရသည်။ ထိုအချိန်က နိုင်ငံသားအားလုံး၏ အိပ်မက်များ ပျောက်ဆုံးခဲ့ရသည်။

တိုင်းရင်းသားပြည်သူများသည် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့တို့ကို တော်လှန်ခဲ့ကြသည်။ စနစ်တကျ စုစည်းတိုက်ခိုက်ခြင်းမရှိသည့်အပြင် လက်နက်အင်အားကွာခြားမှုကြောင့် အရှုံးနှင့်သာရင်ဆိုင်ခဲ့ရသည်။ သို့ရာတွင် နယ်ချဲ့ကိုတော်လှန်လိုသည့် စိတ်ဓာတ်နှင့် လွတ်လပ်ရေးရယူလိုသော စိတ်ဓာတ်ကိုမူ လုံးဝမစွန့်လွှတ်ခဲ့ပေ။ အခွင့်ရေးရလျှင်ရသလို တော်လှန်တိုက်ခိုက်ခဲ့ကြသည်။

**မျိုးချစ်စိတ်ဓာတ် ပြင်းထန်လာ**

၁၉၂၀ ပြည့်လွန်နှစ်များမှစ၍ လူငယ်များအကြားတွင် မျိုးချစ်စိတ်ဓာတ် ပိုမိုပြင်းထန်လာခဲ့သည်။ ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး စသည့်အသင်းကြီးများဖွဲ့စည်းကာ လှုပ်ရှားခဲ့သည်။ ထိုမှတစ်ဆင့် အမျိုးသားရေးလှုပ်ရှားမှုများဖြစ်သည့် တောင်သူလယ်သမား၊ အလုပ်သမားနှင့် ၁၃၀၀ ပြည့်အရေးတော်ပုံများ ဆက်တိုက်ပေါ်ပေါက်လာခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများထဲတွင် မျိုးချစ်စိတ်ဓာတ် ပြင်းထန်ပြီး လွတ်လပ်ရေးကို အရယူသွားမည်ဆိုသော သံမဏိစိတ်ဓာတ် ကိန်းအောင်းနေသည့် လူငယ်တစ်ဦး ပေါ်ထွန်းလာခဲ့သည်။ ထိုသူကား အခြားမဟုတ်ချေ။ ပြည်သူအားလုံး၏ရင်ထဲတွင် ကိန်းအောင်းလျက်ရှိသည့် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းပင်ဖြစ်သည်။

**လွတ်လပ်ရေးရရှိခဲ့**

ဗိုလ်ချုပ်ခေါင်းဆောင်သော ရဲဘော်သုံးကျိပ်သည် မြန်မာ့မြေပေါ်မှ နယ်ချဲ့တို့ကို တိုက်ထုတ်သွားမည့် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဗန်ကောက်မြို့၌ စတင်ဖွဲ့စည်းခဲ့သည်။ ထိုနေ့ ထိုအချိန်မှစ၍ လွတ်လပ်ရေးအတွက် ရောင်ခြည်သန်းခဲ့သည်။ ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံအားပေးမှု အပါအဝင် တပ်မတော်နှင့်အတူ လွတ်လပ်ရေးဗိသုကာဗိုလ်ချုပ်၏ ကြိုးပမ်းမှုတို့ကြောင့် မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။ ထို့ကြောင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျရောက်တော့မည်ဖြစ်သည်။

ထိုလွတ်လပ်ရေးနေ့သည် မြန်မာတိုင်းရင်းသားပြည်သူများအတွက် နေ့ထူးနေ့မြတ်ကြီးပင်ဖြစ်သည်။ ထိုနေ့တွင် မြန်မာနိုင်ငံအနှံ့အပြားရှိ မြို့၊ ရွာများတွင် မှတ်တမ်းတင်မော်ကွန်းကျောက်စာတိုင်များ စိုက်ထူခဲ့ကြသည်။ ထိုကျောက်စာတိုင်များတွင် "ဗြိသက္ကရာဇ် တစ်ထောင့်သုံးရာကိုးခုနှစ်၊ ပြာသိုလဆုတ် ကိုးရက်၊ တနင်္ဂနွေနေ့အား ဤငါတို့မြန်မာပြည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအဖြစ် ကောင်းစွာရောက်သတည်း" ဟူ၍ ကမ္ပည်းထိုးထားကြသည်။

**ကိုလိုနီအမွေဆိုးကျန်**

နယ်ချဲ့တို့အား မြန်မာ့မြေပေါ်မှမောင်းထုတ်ပြီးနောက် လွတ်လပ်ရေးရရှိအောင် ဆောင်ကြဉ်းနိုင်ခဲ့သော်လည်း ကိုလိုနီအမွေဆိုးများကမူ ကျန်ခဲ့သည်။ တိုင်းရင်းသား ညီအစ်ကိုများအကြား စိတ်ဝမ်းကွဲပြီး တစ်ဦးနှင့်တစ်ဦး သံသယဝင်ကာ လက်နက်စွဲကိုင်ခဲ့ကြသည်။ တချို့သော တိုင်းရင်းသားများသည် လက်ရှိအချိန်အထိ လက်နက်စွဲကိုင်နေဆဲပင်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် တစ်နိုင်ငံလုံးလွှမ်းခြုံသော ငြိမ်းချမ်းရေးကို အပြည့်အဝတည်ဆောက်နိုင်ခြင်းမရှိသေးဘဲ တချို့သောဒေသများတွင် သေနတ်သံများ ကြားနေရဆဲပင်ဖြစ်သည်။ ဝမ်းနည်းဖွယ်ရာပင်ဖြစ်သည်။

လွတ်လပ်ရေးရရှိခဲ့သည့် အချိန်ကာလသည် အနှစ်(၇၀) ပြည့်တော့မည်ဖြစ်သည်။ လက်နက်စွဲကိုင် တောင်းဆိုမှုများသည် အကျိုးမရှိသောလုပ်ရပ်များပင်ဖြစ်သည်။ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ မရှိအတူ၊ ရှိအတူ နေထိုင်ခဲ့ကြသည့် တိုင်းရင်းသားညီအစ်ကိုများအကြား စားပွဲဝိုင်းတွင် ဆွေးနွေးတိုင်ပင်ညှိနှိုင်းသွားမည်ဆိုလျှင် (Win-Win)ရလဒ်ရရှိနိုင်ပေသည်။ မတူညီမှုများကို ဖယ်ရှားကာ တူညီသောအချက်များဖြင့် စတင်ဆွေးနွေးသင့် နေပြီဖြစ်သည်။

**လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့စေရန်**

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ခိုင်မြဲနေစေရန်အတွက် အသက်တမျှအရေးပါလျက်ရှိသည်။ စည်းလုံးညီညွတ်မှု အင်အားချည့်နဲ့ ယိုယွင်းလာသော နိုင်ငံသည် အဘက်ဘက်မှ အနုတ်လက္ခဏာဆောင်လာမည်ဖြစ်သည်။ သာဓကအနေဖြင့် အရှေ့အလယ်ပိုင်းနိုင်ငံများဖြစ်ကြသည့် လစ်ဗျားနှင့် ဆီးရီးယားနိုင်ငံတို့ကို သင်ခန်းစာယူသင့်သည်။ ထိုနိုင်ငံများရှိ ပြည်သူများသည် ဒုက္ခပင်လယ်ဝေနေကြသည်။ ကလေးငယ်များ၏ အနာဂတ်ပျောက်ဆုံးနေကြသည်။

ထို့အပြင် စည်းလုံးညီညွတ်မှုပြိုကွဲလျှင် နိုင်ငံလည်း အစိတ်စိတ်အမြွာမြွာ ပြိုကွဲသွားနိုင်ပေသည်။ သာဓကအနေဖြင့် ဆိုဗီယက်ပြည်ထောင်စုကို အထင်အရှားတွေ့ရှိနိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် နိုင်ငံတစ်နိုင်ငံ တိုးတက်ရေးအတွက် မောင်းနှင်အားတစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာထာဝရငြိမ်းချမ်းရေးရရှိအောင်တည်ဆောက်သွားရန် လိုအပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သော အစိုးရအဆက်ဆက်သည် တိုင်းပြည်ငြိမ်းချမ်းရေးကို ထုဆစ်ပုံဖော်ခဲ့ကြသည်။ လက်ရှိအစိုးရသည်လည်း ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူညီချက် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)ကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ထို့အပြင် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင်လည်း ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီး ကျင်းပသွားနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြသည်။

**စည်းလုံးညီညွတ်မှု ခိုင်မာစွာတည်ဆောက်**

တိုင်းရင်းသားညီအစ်ကိုများအကြား ရေပက်မဝင်သော စည်းလုံးညီညွတ်မှုကိုသာ ခိုင်မာစွာတည်ဆောက်ထားနိုင်မည်ဆိုလျှင် တိုင်းပြည်အင်အား တောင့်တင်းခိုင်မာနေမည်ဖြစ်သည်။ အင်အားတောင့်တင်း ခိုင်မာနေသောနိုင်ငံကို မည်သည့်နိုင်ငံကမျှ ကျူးကျော်ရန်စဝံ့မည်မဟုတ်ချေ။ ဆိုလိုသည်မှာ ထိုနိုင်ငံသည် စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို အမြဲတစေ ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသော နိုင်ငံသားတိုင်းသည် တိုင်းပြည်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထာဝစဉ်ထိန်းသိမ်းထားနိုင်ရန် ကိုယ်စီတာဝန်ရှိကြပါသည်။ ထိုတာဝန်ကို ကျေပွန်ရန်အတွက် နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးပမ်းအားထုတ်သွားသင့်ပေသည်။ အထူးသဖြင့် အပစ်အခတ်ရပ်စဲရခြင်း မရှိသေးသော လက်ကျန်လက်နက်ကိုင်အဖွဲ့များသည် အစိုးရနှင့် ဆွေးနွေးတိုင်ပင် အဖြေရှာသွားသင့်ပေသည်။ ငြိမ်းချမ်းရေးမရရှိသေးသည့် ပြည်နယ်များရှိ ဒေသခံပြည်သူများသည် ရည်ရွယ်ချက်မဲ့သော စစ်ပွဲများကို စိတ်ကုန် မုန်းတီးနေကြပြီဖြစ်သည်။

**ဗိုလ်ချုပ်မှာစကား အလေးထား**

လွတ်လပ်ရေးနှင့် ပတ်သက်၍ "လွတ်လပ်ရေးကိုလိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ စည်းကမ်းကိုရှိကြပါ။ လွတ်လပ်ရေးကို လိုချင်လို့ရှိရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းထားပါ။ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးကိုရနိုင်တဲ့ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလိုလုပ်ပြီးတဲ့နောက် ရှေ့တွင် လွတ်လပ်ရေးအရသာကို ခံစားစံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့ စည်းကမ်းရှိကြဖို့ ယခုကတည်းက ခင်ဗျားတို့ ကိုယ်ကို အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ ×××ကျင့်တွေ ပြင်ကြဖို့လိုပြီဆိုတာ ကျွန်တော် ကနေ့ပြောခဲ့ချင်တယ်" ဟုဆိုကာ ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းသူပြည်သားများအား ဇူလိုင်လ ၁၃ ရက်နေ့၌ပင် တိုက်တွန်းပြောခဲ့သည်။ ဗိုလ်ချုပ်သည် လွတ်လပ်ရေးကို တန်ဖိုးထားတတ်စေရန် စေတနာထား ပြောကြားခဲ့ခြင်းဖြစ်သည်။

လွတ်လပ်ရေး၏တန်ဖိုးကို မလွတ်လပ်သောအချိန်မှ သာသိရှိကြသည်။ တိုင်းရင်းသားပြည်သူများသည် အသက်သွေးချွေးပေါင်းများစွာ ပေးဆပ်ကာ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြရသည်။ ထိုလွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းရေးသည် မျိုးဆက်သစ်များ၏ တာဝန်ပင်ဖြစ်သည်။ လက်ရှိအချိန်တွင် ပြည်သူများသည် လွတ်လပ်စွာ ပြောဆိုရေးသားခွင့်၊ ထုတ်ဖော်ခွင့်၊ ကိုးကွယ်ခွင့်၊ ပညာသင်ယူခွင့်၊ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့် စသည့်လွတ်လပ်ခွင့်များစွာကို ရရှိနေပြီဖြစ်သည်။ သွေးစည်းညီညွတ်မှုမရှိလျှင်၊ အမှုမဲ့အမှတ်မဲ့သာ နေထိုင်နေမည်ဆိုလျှင် ထိုလွတ်လပ်ခွင့်များ တခဏအတွင်း ဆုံးရှုံးသွားနိုင်သည်။

**ပြည်သူအားလုံး၏ တာဝန်**

ခြုံ၍တင်ပြရလျှင် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် ထိုနိုင်ငံရှိ ပြည်သူအားလုံး၏ တာဝန်ပင်ဖြစ်သည်။ ထိုလွတ်လပ်ရေးကို ပြည်သူများအကြား တည်ဆောက်ထားသည့် စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့်သာ ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ အမှတ်တမဲ့ဆုံးရှုံးသွားခဲ့သော မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိရန်အတွက် ဘိုး၊ ဘွား၊ ဘီ၊ ဘင်တို့သည် အသက်သွေးချွေးများစွာပေးဆပ်ခဲ့ကြရသည်။ ထိုသို့ များစွာပေးဆပ်ခဲ့ရသည့် လွတ်လပ်ရေးကို မြတ်နိုးတန်ဖိုးထားတတ်ရန်သည် ပဓာနကျသော အချက်ပင်ဖြစ်သည်။ မျက်မှောက်ခေတ် မျိုးဆက်သစ်များသည် မလွတ်လပ်မှုအောက်တွင် နေထိုင်ရသည့် ခါးသည်းသော အတွေ့အကြုံမျိုးမရှိကြသဖြင့် လွတ်လပ်ရေး၏တန်ဖိုးအနှစ်သာရကို မေ့လျော့နေတတ်ကြသည်။ ထို့ကြောင့် တိုင်းပြည်နှင့်လူမျိုးအတွက် အရေးပါလျက်ရှိသော လွတ်လပ်ရေးနေ့ကို သားစဉ်မြေးဆက် အမြဲတစေ သတိရတန်ဖိုးထားသွားရန်လိုအပ်ပါကြောင်း (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ကို လှိုက်လှဲစွာကြိုဆိုဂုဏ်ပြု ရေးသားတင်ပြအပ်ပါသည်။



> "နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် ထိုနိုင်ငံရှိ ပြည်သူအားလုံး၏ တာဝန်ပင်ဖြစ်သည်။ ထိုလွတ်လပ်ရေးကို ပြည်သူများ . . ."

# သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေပြဋ္ဌာန်း

**သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ**
**( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၄။)**
**၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်**
**(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **သက်ကြီးရွယ်အို** ဆိုသည်မှာ အသက် ၆၀ နှစ်နှင့်အထက်ရှိသော မြန်မာနိုင်ငံသားအားလုံးကို ဆိုသည်။

(ခ) **အိုမင်းမစွမ်းသူ** ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာချို့တဲ့ပြီး တစ်ပါးသူ၏အကူအညီမပါဘဲ မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်းမရှိသော သက်ကြီးရွယ်အိုကိုဆိုသည်။

(ဂ) **စရိတ်ထောက်ပံ့မှုလိုအပ်သောမိဘဘိုးဘွား** ဆိုသည်မှာ သားသမီးနှင့်မြေးများမရှိခြင်းကြောင့်ဖြစ်စေ၊ သားသမီးနှင့် မြေးများရှိသော်လည်း ၎င်းတို့က စွန့်ပစ်ထားခြင်း၊ လျစ်လျူရှုပြီးမထောက်ပံ့ခြင်း သို့မဟုတ် ထောက်ပံ့နိုင်မှုမရှိခြင်းကြောင့်ဖြစ်စေ ဆင်းရဲချို့တဲ့သော သို့မဟုတ် မိမိကိုယ်တိုင်ရပ်တည်နိုင်ခြင်းမရှိသော သက်ကြီးရွယ်အို မိဘဘိုးဘွားကို ဆိုသည်။ ယင်းစကားရပ်တွင် မိဘမဲ့ သို့မဟုတ် မိဘရှိသော်လည်း မိဘများကိုယ်စား သားသမီးများအား ကြည့်ရှုစောင့်ရှောက်ခဲ့သည့်သွေးရင်း ဦးကြီး ဦးလေး၊ ဒေါ်ကြီး ဒေါ်လေးတို့နှင့် သွေးသားမတော်စပ်သော်လည်း ကြည့်ရှုစောင့်ရှောက်ခဲ့သည့် ပုဂ္ဂိုလ်များလည်း ပါဝင်သည်။

(ဃ) **စရိတ်ထောက်ပံ့မှု** ဆိုရာတွင် သက်ကြီးရွယ်အို၏ လိုအပ်သော စားဝတ်နေရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှုတို့အတွက် ထောက်ပံ့ဖြည့်ဆည်းပေးရသော စရိတ်တို့ ပါဝင်သည်။

(င) **မိဘ** ဆိုသည်မှာ မိရင်း၊ ဖရင်းနှင့် မွေးစားမိဘတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် လင်ပါ၊ မယားပါသားသမီးများအား ကြည့်ရှုစောင့်ရှောက်ခဲ့သည့် မိထွေး၊ ပထွေးများလည်း ပါဝင်သည်။

(စ) **သားသမီး** ဆိုသည်မှာ သားရင်း သမီးရင်း၊ မွေးစားသားနှင့် မွေးစားသမီးတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် မိထွေး၊ ပထွေးကကြည့်ရှုစောင့်ရှောက်ခဲ့သည့် လင်ပါ၊ မယားပါ သားသမီးများလည်း ပါဝင်သည်။

(ဆ) **သက်ကြီးရွယ်အိုသက်သေခံကတ်ပြား** ဆိုသည်မှာ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ခံစားခွင့်ပေးနိုင်ရန် ဤဥပဒေအရ ထုတ်ပေးထားသော သက်သေခံကတ်ပြားကို ဆိုသည်။

(ဇ) **မိသားစုစောင့်ရှောက်မှု** ဆိုသည်မှာ သက်ကြီးရွယ်အို မိဘဘိုးဘွားများအား ၎င်းတို့၏ မိသားစုဝင်များက ကြည့်ရှုစောင့်ရှောက်မှုကို ဆိုသည်။

(ဈ) **အိမ်အခြေပြုရပ်ရွာအခြေပြုစောင့်ရှောက်မှု** ဆိုသည်မှာ သက်ကြီးရွယ်အိုများအချင်းချင်းဖြစ်စေ၊ မိသားစုမှဖြစ်စေ၊ စေတနာ့ဝန်ထမ်း သို့မဟုတ် အခပေးဝန်ဆောင်မှုပေးသူများအပါအဝင် မိသားစုဝင် မဟုတ်သော အခြားစောင့်ရှောက်သူများမှဖြစ်စေ အိမ်တိုင်ရာရောက် စောင့်ရှောက်မှုပေးခြင်း သို့မဟုတ် ရပ်ရွာပြည်သူလူထုအတွင်း စောင့်ရှောက်မှုပေးခြင်းကို ဆိုသည်။

(ည) **လူမှုရေးစောင့်ရှောက်မှု** ဆိုသည်မှာ စိတ်ခံစားမှုဆိုင်ရာ အကျိုးကျေးဇူးများနှင့် လူမှုရေးနယ်ပယ်ရှိ အပြန်အလှန်ဆက်ဆံမှုတို့ကို ပိုမိုတိုးမြှင့်ရန်အလို့ငှာ တစ်ကိုယ်ရေစောင့်ရှောက်မှုအတွက် လိုအပ်သော အစားအသောက်၊ အသုံးအဆောင်ပစ္စည်းကိရိယာများနှင့် နေ့စဉ်လှုပ်ရှားမှုများအတွက် လိုအပ်ချက်များကို လူမှုရေးအထောက်အပံ့များနှင့်တကွ ဖြည့်ဆည်းစောင့်ရှောက်ပေးခြင်းကို ဆိုသည်။

(ဋ) **ကျန်းမာရေးစောင့်ရှောက်မှု** ဆိုသည်မှာ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါရှာဖွေစစ်ဆေးခြင်း၊ ကုသခြင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်းနှင့် အခြားကျန်းမာရေးဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်းတို့ကို ဆိုသည်။

(ဌ) **ဘိုးဘွားရိပ်သာ** ဆိုသည်မှာ စီးပွားရေးအလို့ငှာဖြစ်စေ၊ စေတနာ့ဝန်ထမ်း ပရဟိတဖြစ်စေ သက်ကြီးရွယ်အိုများအား နားခိုရာရိပ်သာ၊ စားသောက်နေထိုင်မှု၊ လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ထောက်ပံ့ပေးလျက်ရှိသော ရိပ်သာကိုဆိုသည်။

(ဍ) **တည်ထောင်ခွင့်ပြုမိန့်** ဆိုသည်မှာ ဘိုးဘွားရိပ်သာ တည်ထောင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(ဎ) **သက်ကြီးရွယ်အိုကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း**ဆိုသည်မှာ စီးပွားရေးအလို့ငှာဖြစ်စေ၊ စေတနာ့ဝန်ထမ်းပရဟိတဖြစ်စေ သက်ကြီးရွယ်အိုများအား လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအား ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများက ဆောင်ရွက်သောလုပ်ငန်းကို ဆိုသည်။

(ဏ) **လုပ်ငန်းလုပ်ကိုင်ခွင့်** ဆိုသည်မှာ သက်ကြီးရွယ်အိုကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းလုပ်ကိုင်ရန် ဤဥပဒေအရထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(တ) **ရန်ပုံငွေ** ဆိုသည်မှာ သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် ဤဥပဒေအရတည်ထောင်သော ရန်ပုံငွေကို ဆိုသည်။

(ထ) **မတရားပြုကျင့်ခြင်း** ဆိုရာတွင် သက်ကြီးရွယ်အိုအား အစားအသောက် သို့မဟုတ် ဆေးဝါးကို လုံလောက်စွာမပေးခြင်း၊ရိုက်နှက်ခြင်း၊ နှုတ်ဖြင့်စော်ကားခြင်း၊ တောင်းရမ်းခိုင်းခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း အပါအဝင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် မလျော်မကန် ပြုလုပ်ခြင်းတို့ ပါဝင်သည်။

(ဒ) **လျစ်လျူရှုခြင်း** ဆိုသည်မှာ သက်ကြီးရွယ်အိုအား ထိုက်သင့်အားလျော်စွာတွေ့ဆုံမှုမပြုခြင်း၊ လိုအပ်သော အစားအသောက်များ လုံလောက်စွာဖြည့်ဆည်းမပေးခြင်း သို့မဟုတ် တစ်သီးတခြားခွဲထားခြင်းကိုဆိုသည်။

(ဓ) **မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသော အမျိုးသားအဆင့်သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီကိုဆိုသည်။

(န) **ဒေသဆိုင်ရာကော်မတီများ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ် သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီများကို ဆိုသည်။

(ပ) **ဝန်ကြီးဌာန** ဆိုသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို ဆိုသည်။

(ဖ) **လူမှုဝန်ထမ်းအရာရှိ** ဆိုသည်မှာ ဤဥပဒေပါ လူမှုဝန်ထမ်းအရာရှိ၏ လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရန် လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသောလူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းကိုသော်လည်းကောင်း၊ လူမှုဝန်ထမ်းအရာရှိ၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် တာဝန်ပေးအပ်ခြင်းခံရသော နိုင်ငံ့ဝန်ထမ်း သို့မဟုတ် အခြားသင့်လျော်သော နိုင်ငံသားကိုသော်လည်းကောင်း ဆိုသည်။

(ဗ) **ဘိုးဘွားရိပ်သာတာဝန်ခံပုဂ္ဂိုလ်**ဆိုသည်မှာ ဘိုးဘွားရိပ်သာကို ပိုင်ဆိုင်သူ၊ တည်ထောင်သူ သို့မဟုတ် တာဝန်ယူ၍ စီမံခန့်ခွဲသူကိုဆိုသည်။ယင်းစကားရပ်တွင် ထိုသူတစ်ဦးဦးက လွှဲအပ်တာဝန်ပေးထားခြင်းခံရသောပုဂ္ဂိုလ်လည်း ပါဝင်သည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) သက်ကြီးရွယ်အိုများကိုကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှုမြှင့်တင်ရန်နှင့် လိုအပ်သည့်နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အကူအညီများပေးရန်၊

(ခ) နိုင်ငံတော်နှင့် စေတနာရှင်များက သက်ကြီးရွယ်အိုများအား ထောက်ပံ့ပေးအပ်ခြင်းဖြင့်လည်းကောင်း၊ သက်ကြီးရွယ်အိုများ ဆောင်ရွက်နေသော ဝင်ငွေရလုပ်ငန်းများကိုတိုက်တွန်းအားပေးခြင်းဖြင့်လည်းကောင်း သက်ကြီးရွယ်အိုများကိုဝင်ငွေပုံမှန်ရရှိစေရေး ဆောင်ရွက်ပေးရန်၊

(ဂ) သက်ကြီးရွယ်အိုများသည် မိမိကိုယ်မိမိ စောင့်ရှောက်မှု၊ မိသားစုစောင့်ရှောက်မှုနှင့် အိမ်အခြေပြု၊ ရပ်ရွာအခြေပြုစောင့်ရှောက်မှုများအားလုံလောက်စွာရရှိစေရန်၊

(ဃ) စောင့်ရှောက်မည့်သူမရှိသည့် ခိုကိုးရာမဲ့သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများအတွက် ၎င်းတို့ဆန္ဒနှင့်အညီ ဘိုးဘွားရိပ်သာများတွင် နားခိုစောင့်ရှောက်မှုပေးနိုင်ရန်၊

(င) အိမ်အခြေပြု၊ ရပ်ရွာအခြေပြုစောင့်ရှောက်မှုအဖွဲ့များကို တိုးမြှင့်ဖွဲ့စည်းခြင်းဖြင့် လူမှုရေးနှင့်ရပ်ရေးရွာရေးများတွင် သက်ကြီးရွယ်အိုများ ပါဝင်ဆောင်ရွက်ရေးကို တိုးမြှင့်နိုင်ရန်၊

(စ) အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုစနစ်များတွင် သက်ကြီးရွယ်အိုများလွယ်ကူစွာရရှိနိုင်သော ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်ပေးနိုင်ရန်၊

(ဆ) လှုပ်ရှားသွားလာနေထိုင်ရေးနှင့် သယ်ယူပို့ဆောင်ရေးတို့တွင် ဈေးနှုန်းသက်သာ၍ လွယ်ကူစွာ အသုံးပြုနိုင်သော အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးနိုင်ရန်၊

(ဇ) သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်ကာလနှင့် ပြန်လည်ထူထောင်ရေးကာလများအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ ငွေကြေးအထောက်အပံ့များ၊ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကယ်ဆယ်ရေးစခန်းများစီစဉ်ပံ့ပိုးရာတွင် သက်ကြီးရွယ်အိုများအတွက် အထူးအလေးထား ဆောင်ရွက်ရန်၊

(ဈ) သက်ကြီးရွယ်အိုများ ဘေးကင်းလုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ရရှိနိုင်စေရန်။

**အခန်း(၃)**
**မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဖွဲ့စည်းခြင်းနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ သက်ကြီးရွယ်အိုများ၏အခွင့်အရေးများကို ကာကွယ်ရေးနှင့်သက်ကြီးရွယ်အိုများအား ကြည့်ရှုစောင့်ရှောက်ရေးအတွက်လည်းကောင်း၊ မူဝါဒများနှင့် လမ်းညွှန်ချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်မှုကို ကြီးကြပ်ခြင်းများပြုနိုင်ရေးအတွက်လည်းကောင်း အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီကို ဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(၃) ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၄) ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန — အဖွဲ့ဝင်

(၅) ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၆) ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန — အဖွဲ့ဝင်

(၇) ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် ပြန်ကြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၈) ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်

(၉) ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၀) ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် ဆောက်လုပ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၁) ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၂) သက်ဆိုင်ရာစည်ပင်သာယာရေး ကော်မတီများမှ သုံးဦးထက်မပိုသော ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၁၃) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် — အဖွဲ့ဝင်

(၁၄) ဥက္ကဋ္ဌ၊မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း — အဖွဲ့ဝင်

(၁၅) ပြည်တွင်းရှိ အစိုးရမဟုတ်သော သက်ကြီးရွယ်အိုဆိုင်ရာအဖွဲ့အစည်းများမှ ငါးဦးထက်မပိုသော သင့်လျော်သည့်ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၁၆) ညွှန်ကြားရေးမှူးချုပ် လူမှုဝန်ထမ်းဦးစီးဌာန — အတွင်းရေးမှူး

(၁၇) ဒုတိယညွှန်ကြားရေးမှူးချုပ် လူမှုဝန်ထမ်းဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

(ခ) လိုအပ်ပါက မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီကိုပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သောမူဝါဒများ၊ လုပ်ငန်းစီမံချက်များနှင့် လမ်းညွှန်ချက်များချမှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) သက်ကြီးရွယ်အိုများ အထူးသဖြင့် အိုမင်းမစွမ်းသူများအား ထိရောက်စွာ ထောက်ပံ့ကူညီရေးနှင့် စောင့်ရှောက်ရေးတို့အတွက် ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်း၊ စီမံချက်နှင့် အစီအစဉ်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) မိမိ၏ တာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများနှင့် အကြံပေးအဖွဲ့တို့ကိုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊

(ဃ) သက်ကြီးရွယ်အိုများအတွက် မိသားစုစောင့်ရှောက်မှု၊ အိမ်အခြေပြု၊ ရပ်ရွာအခြေပြုစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကိုလည်းကောင်း၊ ထောက်ပံ့ရန်လိုအပ်သော သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများအတွက် ကူညီထောက်ပံ့မှုတို့ကိုလည်းကောင်း လုပ်ငန်းအစီအစဉ်များ ချမှတ်၍ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(င) ရိုးရာအစဉ်အလာ စံသတ်မှတ်ချက်များအပေါ် အခြေခံတည်ဆောက်ထားသော မိသားစုပုံစံကို ပိုမိုခိုင်မာစေရန် အစီအစဉ်များချမှတ်ဆောင်ရွက်ခြင်း၊

**ဆက်လက်ဖော်ပြပါမည်။**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၏ ၂၀၁၇ ခုနှစ် နှစ်သစ်ကူး မင်္ဂလာနှုတ်ဆက်စကား


ချစ်ခင်လေးစားရပါသော တိုင်းရင်းသားပြည်သူများ အားလုံး ၂၀၁၇ ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယမှာ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာမေတ္တာပို့သအပ်ပါတယ်။

ယနေ့အချိန်အခါဟာ တိုင်းရင်းသားပြည်သူများရဲ့ ဆန္ဒနဲ့အညီ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသောကာလဖြစ်၍ မိမိတို့မျှော်မှန်းတဲ့ ဒီမိုကရေစီပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိရန် တိုင်းရင်းသားပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ အထူးလိုအပ်ပါတယ်။ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းရေးတို့အတွက် တိုင်းရင်းသားပြည်သူများအားလုံးက စည်းလုံးညီညွတ်စွာ တက်ညီလက်ညီ အတူလက်တွဲ၍ ဆောင်ရွက်ကြရမယ့်အချိန်အခါလည်း ဖြစ်ပါတယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ဆက်လက်ရှင်သန်နိုင်ဖို့၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲဖို့အတွက် မပြတ်သောသတိ၊ မလျှော့သောလုံ့လ၊ ဝီရိယနဲ့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အားထုတ်နိုင်ကြပါစေ၊ နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားအားလုံးတို့ရဲ့အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ကြပါစေ၊ ပြည်ထောင်စုကြီးနှင့် အနာဂတ်မျိုးဆက်များအတွက် မိမိတို့က ဘယ်ပုံဘယ်နည်းနဲ့ စွမ်းဆောင်ပေးနိုင်ကြမလဲဆိုတဲ့ စိတ်သစ်၊ လူသစ်ကို နှစ်သစ်မှာ မွေးမြူနိုင်ကြပါစေလို့ ဆန္ဒပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ၂၀၁၇ နှစ်သစ်ကူးမင်္ဂလာ နှုတ်ခွန်းဆက်လွှာ


ချစ်ခင်လေးစားရပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကို မောင်နှမများအားလုံး နှစ်ဟောင်းမှသည် နှစ်သစ်သို့ ကူးပြောင်းရောက်ရှိပြီဖြစ်တဲ့ နှစ်သစ်ကူးအခါသမယမှာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး လိုအင်ဆန္ဒများ ပြည့်ဝပါစေကြောင်း ဆုတောင်းမေတ္တာပို့သပြီး နှုတ်ခွန်းဆက်သလိုက်ပါတယ်။

နှစ်တစ်နှစ်ကို ကျော်ဖြတ်ခဲ့ရာ နှစ်ဟောင်းတွင် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ကိစ္စရပ်များအပေါ် ပြန်လည်သုံးသပ်ပြီး နှစ်ဟောင်း၏ မကောင်းသည်များကို စွန့်ပယ်၍ သင်ခန်းစာယူကာ နှစ်သစ်အချိန်ကာလမှစတင်ပြီး လုပ်ဆောင်ဖွယ်ရာကိစ္စမှန်သမျှကို မိမိတို့၏ စိတ်ရင်းစေတနာမှန် ဆန္ဒမှန်ဖြင့် သဒ္ဓါတရားလက်ကိုင်ထားကာ ကိုယ်ကျင့်တရားကောင်းမွန်စွာဖြင့် ကြိုးစားလုပ်ဆောင်သွားကြရမှာပဲ ဖြစ်ပါတယ်။

ပြည်ထောင်စုသားအားလုံး၏ တူညီသော ရည်မှန်းချက်ဖြစ်သည့် ချမ်းသာကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် မိမိတို့ရဲ့ သံသယ အာဃာတ အတ္တမာနများကို စွန့်ပယ်ကာ နှစ်သစ်မှာ စိတ်သစ် လူသစ် ခွန်အားသစ်များဖြင့် တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အတူတကွ ပူးပေါင်းပါဝင် လက်တွဲတည်ဆောက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ခရစ်နှစ် ၂၀၁၇ ခုနှစ်မှစ၍ သာယာချမ်းမြေ့သောဘဝများကို ပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဆန္ဒပြုအပ်ပါတယ်။

❐ စာမျက်နှာ ၅ မှ

ရင်ဆိုင်ရမယ့် အခက်အခဲတွေကို ကျော်လွှားပြီးတော့ တိုင်းပြည်ရဲ့အနာဂတ်တစ်ခုကို ဖန်တီးကြဖို့ တိုက်တွန်းပါတယ်။

**ရိုလန်ကိုဘီယာ (Roland KOBIA)**
**မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး**

အစိုးရသစ်က အာဏာစရလာကတည်းကပဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေးဖြစ်စဉ်က အန်မတန်အရေးကြီးတယ်။ ဦးစားပေးရမယ့် လုပ်ငန်းစဉ်ဖြစ်တယ်လို့ အားလုံးသိအောင်ပြောခဲ့ပါတယ်။ ဒါကို ကျွန်တော်တို့ ဥရောပသမဂ္ဂအနေနဲ့ ကြိုဆိုတယ်။ ဝမ်းသာတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်က ပထမဦးစားပေးရမယ်ဆိုတာ ဟုတ်ပါတယ်။ ကျွန်တော်တို့ပြောချင်တဲ့ သတင်းစကားက ရှင်းပါတယ်။ ဒီမိုကရေစီသွားချင်တယ်ဆိုရင် ငြိမ်းချမ်းမှုရှိအောင် အရင်လုပ်ရပါမယ်။ ပဋိပက္ခတွေနဲ့ ဒီမိုကရေစီဆိုတာ ဆန့်ကျင်ဘက်ပါ။ ဒီတော့ ပဋိပက္ခတွေ မရှိဖို့၊ ငြိမ်းချမ်းရေးရဖို့လိုပါမယ်။ ပဋိပက္ခတွေနဲ့ ဆင်းရဲခြင်းဆိုတာက ယှဉ်တွဲနေတာပါ။ ဒီတော့ ဆင်းရဲခြင်းတွေကင်းအောင်အတွက်လည်း ပဋိပက္ခတွေမရှိအောင် အရင်လုပ်ရပါမယ်။

၂၀၁၇ နှစ်ကုန်မှာ မြန်မာနိုင်ငံအခြေအနေတွေက အခုထက် အများကြီးတိုးတက်နေလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ မြန်မာပြည်သူတွေ ပျော်ရွှင်ပါစေ။

**တွေ့ဆုံမေးမြန်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား


ယခုဆိုရင် ၂၀၁၆ ခုနှစ် ကုန်ဆုံးလို့ ၂၀၁၇ နှစ်သစ်အခါသမယကို ရောက်ရှိလာပြီဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်ဟာ ထူးခြားတဲ့ဖြစ်စဉ်ဖြစ်ရပ်များနဲ့ ကျော်လွှားခဲ့ရတာကိုလည်း တွေ့ရပါတယ်။ ပထမအချက်အနေနဲ့ ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဦးဆောင်တဲ့အစိုးရ ပြောင်းလဲတာဝန်ယူခဲ့ပြီး ဒီလုပ်ငန်းစဉ်တွေ အောင်မြင်အောင် တပ်မတော်က ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကြောင့် ကချင်ပြည်နယ်အချို့ဒေသ၊ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွေမှာ တည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့ရပြီး ပြည်သူလူထုရဲ့ အသက်အိုးအိမ် စည်းစိမ်တွေ ထိခိုက်လာတဲ့အတွက် တပ်မတော်က အသက်သွေးချွေးများစွာပေးဆပ်ပြီး တည်ငြိမ်အေးချမ်းအောင် ထိန်းသိမ်းဆောင်ရွက်ပေးခဲ့ပါတယ်။

နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်အစိုးရရဲ့ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုတွေကို ကာကွယ်ပေးဖို့တာဝန်ရှိတဲ့အတိုင်း တပ်မတော်က ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကိုလည်း စတင်ကျင်းပနိုင်ခဲ့ပါတယ်။ ဒါတွေအားလုံးဟာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်မှုတွေကြောင့် အောင်မြင်ခဲ့တယ်ဆိုတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်ကာလမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုနိုင်ငံကြီးပေါ်ထွန်းရေးတို့အတွက် တပ်မတော်အနေနဲ့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါတွေအားလုံးကိုလည်း ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံပါတယ်။ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါလို့လည်း နှိုးဆော်လိုပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းအပ်ပါတယ်ခင်ဗျာ။

# World Junior Golf Championships ပြိုင်ပွဲတွင် မြန်မာလူငယ်ဂေါက်သီးအားကစားသမားများ အောင်မြင်မှုရရှိ

**ရန်ကုန် ဒီဇင်ဘာ ၃၁**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် World Golf Village Slammer & Squire Course တွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သည့် World Junior Golf Championships ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာလူငယ်ဂေါက်သီးအဖွဲ့သည် အောင်မြင်မှုများ ရယူနိုင်ခဲ့သည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်တို့မှ စီစဉ်ကြီးကြပ်မှုဖြင့် စေလွှတ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ ဟိန်းစည်သူက ဒုတိယဆုနှင့် မဖူးပွင့်ရတီခိုင်က စတုတ္ထဆုများ အသီးသီးရရှိခဲ့သည်။

ယင်းပြိုင်ပွဲအပြီးတွင် ဟိန်းစည်သူ (၇၄+၇၄+၇၂=၂၂၀)ချက်(+၄)ဖြင့် ဒုတိယ၊ မဖူးပွင့်ရတီခိုင် (၇၅+၇၆+၇၄=၂၂၅)ချက် (+၉)ဖြင့် စတုတ္ထ၊ ပြည့်မင်းရှိန် (၈၈+၉၀+၁၀၁=၂၇၉)ချက်(+၆၃)ဖြင့် အဆင့်(၄၃) အဆင့်များ အသီးသီးရရှိခဲ့ပြီး နိုင်ငံပေါင်း ၂၇ နိုင်ငံမှ အားကစားသမား ၇၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်သည် ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပပေးနိုင်ခြင်းကြောင့် ဂေါက်သီးရိုက်အားကစားကို စိတ်ပါဝင်စားစွာဖြင့် ကစားသူများတိုးတက်လာသကဲ့သို့


ပြိုင်ပွဲဝင် အားကစားသမားများ၏လက်ရည်ကိုပါ တိုးတက်စေပြီး ထူးချွန်သည့် ဂေါက်သီးကစားသမားများ မွေးထုတ်ပေးနိုင်ခဲ့ကာ ၎င်းတို့အနက် ၂၀၁၆ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ပြိုင်ပွဲတွင် ပထမဆု(၅)ကြိမ်ရရှိခဲ့သော ဟိန်းစည်သူ၊ ပထမဆုတစ်ကြိမ်ရရှိခဲ့သော မဖူးပွင့်ရတီခိုင်တို့ အောင်မြင်မှုများ ထပ်မံရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်သည် ယခုကဲ့သို့ ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် အနာဂတ်မျိုးဆက်သစ် ဂေါက်သီးအားကစားသမားအကျော်အမော်များ ပေါ်ထွန်းလာစေရန်နှင့် မြန်မာ့ဂေါက်သီးအားကစား ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရည်ရွယ်စေလွှတ်ခြင်းဖြစ်ကြောင်း သိရသည်။ **(ဖိုးသော်ဇင်)**

# ဒီဇင်ဘာ အားကစားလ နောက်ဆုံးပတ် လူထုလမ်းလျှောက်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၁**

အင်းစိန်မြို့နယ် ဒီဇင်ဘာ အားကစားလ နောက်ဆုံးပတ် လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၅ နာရီတွင် အင်းစိန်မြို့နယ် ပန်းခြံ၌ စုရပ်အဖြစ် သတ်မှတ်ထားသောနေရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ အမှတ်(၁)နှင့် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်နှင့် ဦးဝေဖြိုးဟန်၊ အင်းစိန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအေးမင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်များမှ ပြည်သူများ စုစုပေါင်း ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဒီဇင်ဘာ အားကစားလ နောက်ဆုံးပတ် လူထုလမ်းလျှောက်ပွဲတွင် ပန်းခြံစုရပ်မှ ရပ်ကွက်ပြည်သူများသည် လမ်းသစ်လမ်းမကြီးတစ်လျှောက် ရွှေပြည်အေးလမ်း၊ မီးရထားဘူတာရုံလမ်း၊ မြန်မာ့မီးရထားဘောလုံးကစားကွင်းအတွင်းထိ တပျော်တပါး ပါဝင်လမ်းလျှောက်ခဲ့ကြပြီး မြို့နယ်အားကစားအရာရှိ ဒေါ်အေးအေးမော်က ကျန်းမာရေး အတွဲ (၁) (၂) လေ့ကျင့်ခန်းများကို သရုပ်ပြသခဲ့ရာ လမ်းလျှောက်ပွဲတွင် ပါဝင်သူများက စုပေါင်းလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း(အင်းစိန်)**

# နှစ်ဟောင်းနှင့် နှစ်သစ်-သတိမကွာ အကောင်းမြင်စွာ ထွေးပိုက်ပါ

## အောက်စ်ဖို့ဒ်ဆရာတော် ပါမောက္ခ ဘဒ္ဒန္တဒေါက်တာခမ္မသာမိ

နှစ်သစ်ကို နည်းအမျိုးမျိုးဖြင့် ကြိုဆိုလေ့ရှိကြသည်။ အချို့က နှစ်ဟောင်း၏ နောက်ဆုံးရက်ကို သောက်စားပျော်ပါး ကခုန်ခြင်းဖြင့် ကြိုဆိုကြသည်။ အချို့ကမူ ကုန်လွန်ခဲ့သည့်နှစ်အတွင်း မိမိ၏အားနည်းချက်၊ ချို့ယွင်းချက်တို့ကို ပြန်လည်သုံးသပ်ပြီး ထိုကဲ့သို့လိုအပ်ချက်များ မရှိရလေအောင် ပြုပြင်နေထိုင်သွားမည်ဟူသည့် နှစ်သစ်အဓိဋ္ဌာန်မျိုး ချမှတ်ကြသည်။ အချို့ကလည်း အပန်းဖြေခရီးသွားခြင်း၊ ဈေးဝယ်ထွက်ခြင်း စသည်ဖြင့် စိတ်လှုပ်ရှားဖွယ် အစီအစဉ်များဖြင့် နှစ်ဦးကာလကိုကြိုဆိုကြသည်။ အချို့လူများအဖို့မူ နှစ်ဟောင်း၏ အရိပ်ဟောင်းတို့ကို ဆက်လက်ခေါ်ဆောင်လာမှုကြောင့် နှစ်သစ်တွင်လည်း ရတက်မအေးကြရရှာပေ။

နှစ်ဟောင်းကို နှုတ်ဆက်ပြီး နှစ်သစ်ကိုကြိုဆိုရာတွင် မျှတသည့်အတွေးအမြင်မျိုးရှိသင့်သည်ဟု ယုံကြည်မိသည်။ ထိုကဲ့သို့ အမြင်မျိုးကိုလည်း နှစ်ဟောင်းကို ဓမ္မဓိဋ္ဌာန်ကျကျရှုမြင်ခြင်းဖြင့်သာ ရရှိနိုင်မည်ဖြစ်သည်။ မှန်ပါသည်။ ဤ 'ဓမ္မဓိဋ္ဌာန် ကျကျရှုမြင်ခြင်း' ဟူသည့်ဝေါဟာရကို အကြောင်းအရာတစ်ခုအပေါ် အချေအတင်ဆွေးနွေးခြင်း (Debate)၌ သုံးလေ့သုံးထရှိပြီး ထိုဝေါဟာရကို မကြာမကြာ အသုံးပြုခြင်းက သူ၏အဓိပ္ပာယ်ကို ပေါ့လျော့စေရန် ခြိမ်းခြောက်နေသကဲ့သို့ ဖြစ်သည်။ ဤနေရာတွင် 'ဓမ္မဓိဋ္ဌာန်ကျခြင်း ဟူသည်မှာ ကုန်လွန်ခဲ့ပြီးဖြစ်သည့် ဆယ့်နှစ်လတာကာလအတွင်း ကြုံတွေ့ခဲ့ရသည့် ပျော်ရွှင်ဖွယ်နှင့် စိတ်ပျက်ဖွယ်နှစ်မျိုးစလုံးကို ပြန်လည်သုံးသပ် ဆင်ခြင်ပြီး တည်ငြိမ်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမျိုးပင်ဖြစ်သည်။

အတိတ်ကာလမှ ချို့ယွင်းချက်၊ အားနည်းချက်မျှကိုသာ ပြန်လည်သုံးသပ်ခြင်းဖြင့် ဓမ္မဓိဋ္ဌာန်ကျပြီး မျှတသည့်စိတ်ထားမျိုးကို ရရှိနိုင်မည်မဟုတ်။ အတိတ်မှမအောင်မြင်မှု၊ ကျရှုံးမှုများကိုသာ ပြန်လည်တွေးတောခြင်းဖြင့် မိမိတို့၏ ရေရှည်အမှတ်သညာတွင် အဆိုးမြင်တတ်သည့် အတွေးအမြင်တို့သာ လွှမ်းမိုးလာမည်ဖြစ်သည်။ မှတ်ဉာဏ်တို့သည် များသောအားဖြင့် စိတ်ခံစားမှုများနှင့်ဆက်နွယ်လျက်ရှိသဖြင့် မှတ်ဉာဏ်အစဉ်တွင် အဆိုးမြင်အယူအဆတို့သာမက အဆိုးမြင်စိတ်ခံစားမှုများဖြင့် ပြည့်နှက်လာမည် ဖြစ်သည်။ ထိုကဲ့သို့ အကျင့်မျိုးကို နှစ်ပေါင်းများစွာမွေးမြူထားသူများသည် အရေးကြုံလာသည့်အခါ အကောင်းဘက်မှတွေးတောရှုမြင်တတ်သည့် စိတ်၏စွမ်းရည်တို့ကို ဆင့်ခေါ်ရယူနိုင်စွမ်းရှိကြမည်မဟုတ်ပေ။

ဝစ်ကွန်ဆင်န်တက္ကသိုလ်နှင့် အမေရိကန်နိုင်ငံနှင့် အင်္ဂလန်နိုင်ငံများမှ အခြားသောထိပ်တန်းတက္ကသိုလ်ကြီးများမှ ဦးနှောက်နှင့်အာရုံကြောပါရဂူများ၊ စိတ်ရောဂါပါရဂူများ၏တရားအားထုတ်သူနှင့် တရားအားမထုတ်သူတို့၏ ဦးနှောက်များကို နှိုင်းယှဉ်လေ့လာတွေ့ရှိချက်များအရ စိတ်ခံစားမှုတို့သည် ဦးနှောက်အတွင်းရှိ ဈာရွန်များအပေါ် လွှမ်းမိုးလျက်ရှိပြီး ဈာရွန်များသည်လည်း ခန္ဓာကိုယ်တစ်ခုလုံးရှိ အာရုံကြောစနစ်များအပေါ် တစ်ဖန်တန်ပြန်သက်ရောက်မှုများရှိနေပေသည်။

အပြုသဘောဆောင်သည့်စိတ်ခံစားမှုများသည် ဦးနှောက်၏လုပ်ဆောင်ချက်များကို တိုးတက်စေရန် ပြန်လည်ဆက်သွယ်ပေးစေနိုင်ပြီး 'ဦးနှောက်ပိုင်းဆိုင်ရာ ဈာရွန်ပလတ်စတစ်စီတီ သီအိုရီ'(neuro plasticity theory)၏ ရှာဖွေတွေ့ရှိချက် အသစ်များကို ပြန်လည်အနှစ်ချုပ်ရသော် အပြုသဘောဆောင်သည့် ဈာရွန်များသည် ခန္ဓာကိုယ်ကို ပြန်လည်ကုသရာတွင် အထောက်အကူဖြစ်စေနိုင်သည်ကိုတွေ့ရှိရသည်။ ဤတွေ့ရှိချက်များအရ အတိတ်ကာလမှ စိတ်အနှောင့်အယှက်ဖြစ်ဖွယ်များနှင့် ပြန်လည်ရင်ကြားစေ့ ဖြေရှင်းရာတွင် အကောင်းမြင်မှုဖြင့် စတင်ကြရမည်ဖြစ်သည်။ ဆိုလိုရင်းမှာ နှစ်ဟောင်းမှ ကောင်းကွက်များကို ဦးစွာ ပြန်ပြောင်းအောက်မေ့ပြီး ကြည်နူးဝမ်းမြောက်ကြရမည်။ ဖြတ်သန်းခဲ့သည့် ဆယ့်နှစ်လတာကာလအတွင်းကြုံတွေ့ခဲ့သည့် အေးချမ်းပျော်ရွှင်ဖွယ် အချိန်ကာလများစွာကို

**“အကျွန်ုပ်တို့အနေဖြင့် စိတ်ခံစားမှုကို မျှတစွာကိုင်တွယ်ဖြေရှင်းနိုင်ပါက နှစ်ဟောင်းမှ စိတ်မနှစ်မြို့ဖွယ်များကို မိမိကိုယ်ကိုယုံကြည်မှုအပြည့်ဖြင့် ဖြေလျှော့နိုင်မည်ဖြစ်ပြီး တစ်ဖက်စောင်းနင်းဖြစ်သော စိတ်ခံစားမှု၊ မမျှတသည့်အတွေးအမြင်တို့မှ ပေါက်ဖွားလာသည့်နာကျင်မှုတို့မှကင်းဝေးသော စိတ်နှလုံးဖြင့် နှစ်သစ်ကိုကြိုဆိုနိုင်မည်”**

သတိတရားဖြင့် ပြန်လည်သုံးသပ်ကြရပေမည်။ ထိုသို့ သတိတရားဖြင့်မကြာခဏ ပြန်လည်အောက်မေ့ခြင်းဖြင့် မိမိ၏ ရေရှည်မှတ်ဉာဏ်တွင် ထိုအေးချမ်းသာယာဖွယ်ကာလတို့ကို ပြန်လည်ထင်ဟပ်စေနိုင်မည်ဖြစ်သည်။ ထိုမျှမက ပြီးခဲ့သည့်အချိန်များအတွင်း မိမိ၏မိသားစုဝင်များ၏ ကောင်းကွက်များ၊ အောင်မြင်မှုများအပေါ်၌လည်း ပြန်လည်အောက်မေ့ဝမ်းမြောက်သင့်ပြီး ထိုစိတ်အစဉ်ကို မိမိ၏မိတ်ဆွေများနှင့် အခြားပုဂ္ဂိုလ်များအပေါ်၌လည်း ထပ်မံတိုးချဲ့ဖြန့်ကြက်သင့်သည်။ ဤသည်ကား ထေရဝါဒဗုဒ္ဓတရားတော်လာ အဖန်ဖန်သုံးသပ်အောက်မေ့ခြင်းဟူသည့် 'အနုဿတိကျင့်စဉ်များ' မှ နည်းလမ်းတစ်ခုပင် ဖြစ်သည်။

ဤကဲ့သို့ ရိုးရှင်းသလောက်အရေးပါလှသည့် အချက်အပေါ် မကြာခဏဆိုသလိုပင် အလေးမပြုလျစ်လျူရှုခြင်း၊ ပေါ့ပေါ့တန်တန် သဘောထားခြင်းများ ဖြစ်တတ်ကြသေးသည်။ လူအများစုသည် လွန်ခဲ့သောနှစ်က မိမိတို့ရရှိခဲ့သည့် အောင်မြင်မှုများ၊ လုပ်ဆောင်ခဲ့သည့်အကျိုးပြုလုပ်ငန်းများအပေါ် စစ်မှန်သည့်ပျော်ရွှင်ကြည်နူးမှုများ ရရှိအောင်ခံစားနိုင်ခြင်းမရှိကြသည်ကို တွေ့ရှိရသည်။ အခိုက်အတန့် စိတ်လှုပ်ရှားဖွယ်မှုတစ်ပါး ပြီးခဲ့သည့် အတိတ်၏ ကောင်းကွက်များနှင့် မည်ကဲ့သို့ ပြန်လည်ဆက်စပ်ရမည်ကို မသိသကဲ့သို့ ဖြစ်နေတတ်ကြသည်။ စိတ်လှုပ်ရှားဖွယ်ကာလကို လွန်မြောက်ခြင်းနှင့်အတူ မိမိတို့၏ကောင်းမှုများကိုလည်း စိတ်အစဉ်နှင့် မည်ကဲ့သို့ ဆက်စပ်ရမည်ကို မသိသကဲ့သို့ ဖြစ်တတ်ကြပြန်သည်။

ရေရှည်မှတ်ဉာဏ်တွင် အပြုသဘောဆောင်သည့် စိတ်ခံစားမှုကို မမွေးမြူတတ်သည့်အလေ့အထကြောင့် အတိတ်၏စိတ်အစဉ်တို့တွင် အဆိုးမြင်စိတ်ခံစားမှု၊ အတွေးအမြင်တို့သည်သာအားကောင်းလျက်ရှိနေကြသည်။ ထိုအလေ့အကျင့်တို့က အတွေ့အကြုံသစ်တို့နှင့် ကြုံသည့်အခါ လက်ခံထားရှိမည့်စိတ်ထားအပေါ် လွှမ်းမိုးမှုများ ရှိနေမည်မှာ မလွဲဧကန်ပင် ဖြစ်သည်။ ဤသို့ဆိုသဖြင့် နှစ်ဟောင်း၏အားနည်းချက်၊ လိုအပ်ချက်တို့ကို လျစ်လျူရှုရမည်ဟု မယူဆစေလိုပါ။ ဘဝတွင်အဆိုးလောကဓံနှင့် ရင်ဆိုင်ရသည့်အခါဝယ် အကောင်းလောကဓံကို ပြန်ပြောင်းအောက်မေ့ဆင်ခြင်နိုင်ကြစေရန် အကြံပြုလိုခြင်းမျှသာဖြစ်သည်။ လူအများစု၏ စိတ်သန္တာန်ဝယ် အဆိုးမြင်စိတ်စွမ်းအားတို့က အားသာနေတတ်သဖြင့် အကောင်းမြင်စိတ်ခံစားမှုနှင့် အပြုသဘောဆောင်သည့် အတွေးအမြင်တို့ကို ပွားများစေနိုင်ရေးကိုအလေးထား၍ ပြောကြားလိုခြင်းဖြစ်သည်။

အလျဉ်းသင့်၍ ဤနေရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသတွင် နေထိုင်ကြသူများ၏ ထေရဝါဒဗုဒ္ဓကျင့်စဉ်ကို ဝေမျှလိုသည်။ မိမိထက် အသက်သိက္ခာကြီးမြတ်သူများနှင့် တွေ့ဆုံရာတွင် ရွတ်ဆိုလေ့ရှိသည့် ပါဠိဘာသာဖြင့် သီကုံးထားသည့် စာစုများကို မြန်မာဘာသာသို့ ပြန်ဆိုဖော်ပြရလျှင်

'ဂါရဝပြုနှုတ်ခွန်းဆက်သပါ၏။

အကျွန်ုပ်အပေါ် အပြစ်တစ်စုံတစ်ရာတွေ့လျှင် အပြစ်မယူ သည်းခံခွင့်လွှတ်ပေးပါ။

အကျွန်ုပ်၏ကောင်းမှု၊ အောင်မြင်မှုများအပေါ်လည်း ဝမ်းမြောက်ပေးပါ။

အသင်၏ကောင်းမှု၊ အောင်မြင်မှုများအပေါ်လည်း အကျွန်ုပ်က ဝမ်းမြောက်ဂုဏ်ယူပါ၏'

ဤစာစုတွင် စိတ်ခံစားမှုကိုမျှတစွာကိုင်တွယ်ဖြေရှင်းနည်းကိုတွေ့ရှိနိုင်ပြီး မိမိ၏ ဆိုးကွက်၊ ကောင်းကွက်နှစ်ပါးစုံကို ထည့်သွင်းဖော်ပြထားရုံမျှမက သူတစ်ပါးနှင့်ဆက်နွယ်သည့် စိတ်ပိုင်းဆိုင်ရာကဏ္ဍတွင်လည်း သူတစ်ပါး၏ ကောင်းကွက်ကို အလေးထားဖော်ဆောင်လျက်ရှိသည်ကို တွေ့ရသည်။ ယေဘုယျအားဖြင့်ဆိုသော် အကျွန်ုပ်တို့သည် သူတစ်ပါး၏ ကောင်းကွက်ထက် ဆိုးကွက်ကိုသာ အလေးထားမိကြသည်မဟုတ်ပါလော။

အကယ်၍ အကျွန်ုပ်တို့အနေဖြင့် စိတ်ခံစားမှုကို မျှတစွာ ကိုင်တွယ်ဖြေရှင်းနိုင်ပါက နှစ်ဟောင်းမှ စိတ်မနှစ်မြို့ဖွယ်များကို မိမိကိုယ်ကို ယုံကြည်မှုအပြည့်ဖြင့် ဖြေလျှော့နိုင်မည်ဖြစ်ပြီး တစ်ဖက်စောင်းနင်းဖြစ်သော စိတ်ခံစားမှု၊ မမျှတသည့် အတွေးအမြင်တို့မှ ပေါက်ဖွားလာသည့် နာကျင်မှုတို့မှကင်းဝေးသော စိတ်နှလုံးဖြင့် နှစ်သစ်ကို ကြိုဆိုနိုင်မည်ဟု ယုံကြည်ပါသည်။ အကျွန်ုပ်တို့၏ ကြည်လင်အေးမြသော စိတ်နှလုံး၏အစွမ်းဖြင့် လာမည့်နှစ်သစ် ၂၀၁၇ ၏ အချိန်ကာလများကို ပိုမိုကောင်းမွန်အောင်ပြုလုပ်နိုင်မည် မဟုတ်ပါလော။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့်အတူ ကမ္ဘာမြေကြီးသည် ငြိမ်းချမ်းရေးကိုလိုအပ်လျက်ရှိသည်။ အမှန်တကယ်ဆိုလျှင် ကမ္ဘာ့ငြိမ်းချမ်းရေးဟူသည် အကျွန်ုပ်တို့၏ နှလုံးသားမှ ပေါက်ဖွားလာခြင်းဖြစ်သည်။ တစ်ဦးတစ်ယောက်ချင်း၏ငြိမ်းချမ်းရေးသည် အတိုင်းအတာပမာဏအားဖြင့်သော်လည်းကောင်း၊ လက်ငင်းအကျိုးသက်ရောက်မှုအားဖြင့်သော်လည်းကောင်း ကြီးမားသည်ဟု မဆိုနိုင်သော်လည်း အကယ်၍ အကျွန်ုပ်တို့သည် တစ်ဦးချင်းအနေဖြင့် မိမိ၏စိတ်ခံစားမှုတို့ကို ဟန်ချက်ညီညီ ကျန်းမာကြံ့ခိုင်စွာ ထိန်းသိမ်းနိုင်ခြင်းသည်ပင်လျှင် သေးဖွဲသော အလုပ်ကို ထူးကဲကြီးမြတ်စွာ လုပ်ခြင်းမည်သည် မဟုတ်ပါလော။ အဘယ်ကြောင့်ဆိုသော် တစ်ဦးချင်း ငြိမ်းချမ်းမှုမရှိသေးသမျှကာလပတ်လုံး မိမိ၏ပတ်ဝန်းကျင်လောကတွင်လည်း ငြိမ်းချမ်းမှုမရှိနိုင်ခြင်းကြောင့်ပင်တည်း။

မိမိတို့၏ နှလုံးသားတွင် ငြိမ်းချမ်းမှုကိုရှာဖွေနိုင်ရန်အတွက် အကျွန်ုပ်တို့အချင်းချင်းဖေးမကူညီနိုင်ကြပါစေ။

အကောင်းမြင်တတ်သည့်စိတ်နှလုံး၊ အပြုသဘောဆောင်သည့်အတွေးအမြင်တို့ဖြင့် နှစ်ဟောင်းကို နှုတ်ဆက်၍ နှစ်သစ်ကို လက်ကမ်းကြိုနိုင်ကြပါစေ။

***(အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ဆရာလေး ဒေါက်တာယုဇနဉာဏီ ဘာသာပြန်ဆိုသည်။)***

## ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးစနစ် ဆောင်ရွက်မှုကြည့်ရှု

**ရန်ကုန် ဒီဇင်ဘာ ၃၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် အကောက်ခွန် ဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့အား တွေ့ဆုံဆွေးနွေးခဲ့ပြီး MASSC ဌာနခွဲ ညွှန်ကြားရေးမှူး ဦးဝင်းသန့်က ကုန်ပစ္စည်းအလိုအလျောက် ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးစနစ် (MACCS/ MCIS) အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် MACCS ဌာနခွဲနှင့် ထုတ်ကုန်သွင်းကုန် ကြီးကြပ်ရေးဌာနခွဲသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ပဲခူးခရိုင်အဆင့် သင်ထောက်ကူပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ပဲခူး ဒီဇင်ဘာ ၃၁**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး ပဲခူးရိုင် ခရိုင်အဆင့် သင်ထောက်ကူပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ပဲခူးမြို့ အထက(၁)ကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ခရိုင်အဆင့်သင်ထောက်ကူပြိုင်ပွဲတွင် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ စီမံကိန်း၊ စာရင်းအင်းနှင့် ကွန်ပျူတာဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ခရိုင်ပညာရေးမှူး ဆရာမကြီးဒေါ်ခင်မာရီက ခရိုင်အဆင့်သင်ထောက်ကူပြိုင်ပွဲ ကျင်းပရခြင်းအကြောင်းကို လည်းကောင်း၊ ဆုရွေးချယ်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ပဲခူးခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေမီအောင်က လည်းကောင်း အသီးသီးရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အဆင့် သင်ထောက်ကူပြိုင်ပွဲတွင် ပထမဆုရရှိသော ညောင်လေးပင်မြို့နယ်၊ ဒုတိယဆုရရှိသော ပဲခူးမြို့နယ်နှင့် တတိယဆုရရှိသော ရွှေကျင်မြို့နယ်တို့အား ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းက ဆုများချီးမြှင့်ကာ ခရိုင်ပညာရေးမှူး ဆရာမကြီးဒေါ်ခင်မာရီက နှစ်သိမ့်ဆုရရှိသော မြို့နယ်ငါးမြို့နယ်မှ ပညာရေးမှူးများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရန်ကုန်-မော်လမြိုင်ရထားလမ်း ကိုးချောင်းဆက်သံလမ်းများဖြင့် ပြောင်းလဲတပ်ဆင်ပြီးစီးပါက လက်ရှိပြေးဆွဲချိန်များ လျှော့ချနိုင်မည်

**နေပြည်တော် ဒီဇင်ဘာ ၃၁**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်ဘူတာကြီးမှ RBE ရထားဖြင့် ထွက်ခွာ၍ ရန်ကုန်-မော်လမြိုင်ရထားလမ်း အဆင့်မြှင့်တင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နောင်ပတ္တရားနှင့် ဝေါဘူတာကြား၌ ရထားသံလမ်းများအား ကိုးချောင်းဆက်သံလမ်းများဖြင့် ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ ဝေါဘူတာယာဒ်ဝင်း၌ သံလမ်းကိုးချောင်းဆက်ခြင်းလုပ်ငန်းခွင် (Rail Welding Depot) သို့လည်းကောင်း၊ ဘိုရာကြီးဘူတာယာဒ်ဝင်း၌ (Automotic Ballast Tamping Machine) စက်ကြီးဖြင့် မီးရထားသံလမ်းဆက်များ တောင့်တင်းခိုင်မာအောင် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကျိုက်ထိုဘူတာအနီး၌ (Hand TTie Tamper) စက်များဖြင့် ရထားလမ်းပြုပြင် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဘူတာရုံပိုင်ရှင်များ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို စစ်ဆေးပြီး မော်လမြိုင်ဘူတာ၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ ရထားလမ်းပိုင်းကြွံခိုင်၍ အရည်အသွေးကောင်းမွန်စေရေး၊ လမ်းခင်းကျောက်များ အလေအလွင့်မရှိစေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ခရီးသွားပြည်သူများအားအလေးထားကာ စိတ်နှလုံးချမ်းမြေ့စေရေး၊ ဝန်ထမ်းများသည် ပြည်သူ့အခွန်ဖြင့် လစာခံစားနေရသူများဖြစ်ရာ မိမိဆောင်ရွက်ရသည့် လုပ်ငန်းဆောင်တာများကို ရိုးရိုးသားသား မှန်မှန်ကန်ကန်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေရေး၊ ဝန်ထမ်းတန်ဖိုးကို အစဉ်ဂုဏ်ယူနေကြစေရေး၊ ပြည်သူလူထုအား ကျေးဇူးရှင်များအဖြစ် မှတ်သားထားရှိကြစေရေးစသည်ဖြင့် လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်း အရှည်မှာ ၁၇၆ မိုင်ရှိပြီး ကိုးချောင်းဆက်သံလမ်းများဖြင့် ပဲခူးမှ မော်လမြိုင်အထိ ပြောင်းလဲတပ်ဆင်ပြီးပါက ရထားပြေးဆွဲမှုမှာ ပိုမိုငြိမ့်ညောင်း သွားလာနိုင်မည်ဖြစ်သည့်အပြင် မိုင်နှုန်းကိုလည်း ပို၍တိုးမြှင့် မောင်းနှင်နိုင်မည်ဖြစ်ရာ ရထားပြေးဆွဲချိန်အား လက်ရှိပြေးဆွဲအချိန် ၉ နာရီခွဲမှ ၆ နာရီခွဲခန့်သို့ နှစ်နှစ်အတွင်း ပြေးဆွဲချိန်လျှော့ချနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးမြှင့်တင်ရေးဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၃၁**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ Skill Lab Training Center တည်ဆောက်ရန် လျာထားသည့်မြေနေရာနှင့် Presentation Room တို့အား ကြည့်ရှုစစ်ဆေးရာ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဇော်ဝေစိုးက ရှင်းလင်းပြသသည်။ ယင်းနောက် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ မိမိ၏ တက္ကသိုလ်ကဲ့သို့ သဘောထားကာ တက္ကသိုလ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်နှင့် ဆေးပညာကျင့်ဝတ်လိုက်နာစောင့်ထိန်းသော ဆရာဝန်များ လေ့ကျင့်မွေးထုတ်ပေးရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ အစည်းအဝေးခန်းမတွင် အသစ်ဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာပိုင်စိုးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမှုဆောင်အဖွဲ့ဝင်များအားတွေ့ဆုံကာ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေရေးဆွဲရေး၊ ကျင့်ဝတ်စောင့်ထိန်းလိုက်နာသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များလေ့ကျင့်မွေးထုတ်ရေး၊ ပုဂ္ဂလိကသွားနှင့်ခံတွင်းဆိုင်ရာ ဆေးခန်းများ အရည်အသွေးမြှင့်တင်ရေး၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကောင်းစွာ၊ အသင်းနှင့် တက္ကသိုလ်သုံးပွင့်ဆိုင်ကွန်ရက်သဖွယ် ပူးပေါင်းဆောင်ရွက်ရေးနှင့် လိုအပ်ချက်များကို ဝန်ကြီးဌာနမှ ဖြည့်ဆည်းပံ့ပိုး ပေးမည်ဖြစ်ကြောင်း ပြောကြားကာ ဆွေးနွေးတင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး ဇန်နဝါရီလဆန်းတွင် ကျင်းပမည်

**မုံရွာ ဒီဇင်ဘာ ၃၁**
ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အရေးပေါ် အစည်းအဝေး (၁/၂၀၁၇)ကို လာမည့် ၂၀၁၇ခုနှစ် ဇန်နဝါရီ ၂ ရက် (တနင်္လာနေ့)တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ထံမှ သိရသည်။

"အရေးပေါ် အစည်းအဝေး(၁/၂၀၁၇) ကျင်းပနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်တွေကို ကြိုတင်ဖိတ်ကြားထားပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်(စနေနေ့)ထက် မစော၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက် (တနင်္ဂနွေနေ့)ထက် နောက်မကျစေဘဲ ရောက်ရှိသတင်းပို့ကြရန် ဖိတ်စာနှင့် တကွ ပူးတွဲပေးပို့ထားပြီး ဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး လွှတ်တော်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့နယ် ပြင်စာ(Cyber City)တွင် ရှေးဟောင်းကားပြပွဲနှင့် ကားမောင်းကျွမ်းကျင်မှု ပြိုင်ပွဲပြုလုပ်



**ပြင်ဦးလွင် ဒီဇင်ဘာ ၃၁**
ကားမောင်းဝါသနာရှင်များ စုစည်းထားသည့် MCW (Mandalay Car Week )မှ နိုင်ငံတကာကားပြိုင်ပွဲများကဲ့သို့ မြန်မာနိုင်ငံတွင်လည်းကားနှင့်ပတ်သက်သည့် အားကစားတစ်ရပ်ပေါ်ထွန်းလာရေးအတွက် ရှေးဟောင်းကားပြပွဲနှင့် ကားမောင်းကျွမ်းကျင်မှု ပြပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ပြင်ဦးလွင်မြို့နယ် ပြင်စာ(Cyber City) တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်တွင် နှစ်ပိုင်းခွဲခြားထားပြီး ပထမရက်တွင် ကားများကို မိမိတို့စိတ်ကူးဉာဏ်ဖြင့် တီထွင်စမ်းသစ်ထားခြင်း၊ ဒုတိယကမ္ဘာစစ်အတွင်းက ကားများနှင့် ရှေးဟောင်းကားများ စုစည်းပြသခြင်း၊ ခရီးကြမ်း၊ လမ်းကြမ်းမောင်းနှင်သည့် ကားများပြသခြင်း၊ ကမ္ဘာတွင် နာမည်အကြီးဆုံးကားများပြသခြင်း (Super Model Cars) တို့ပါဝင်ကြောင်း သိရသည်။

"နိုင်ငံအတွင်းက ဝါသနာရှင်တွေ ပေါ်ထွက်လာပြီး နိုင်ငံတကာ ကားပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်တဲ့သူတွေ ပေါ်ထွက်လာဖို့၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေ လိုက်နာမောင်းနှင်စေဖို့ ရည်ရွယ်ပါတယ်" ဟု ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ကိုစိုင်းကျော်နိုင်ဦးက ပြောသည်။ ဒုတိယရက်တွင် ကားမောင်းကျွမ်းကျင်သူများအုပ်စုနှင့် လေ့ကျင့်ဆဲဝါသနာရှင်များ အုပ်စုဟူ၍ ခွဲခြားကာ နိုင်ငံတကာ ကားမောင်းပြိုင်ပွဲစံနှုန်းများအတိုင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အမှတ်ပေးဒိုင်များက အကဲဖြတ်ဆုံးဖြတ်သွားမည် ဖြစ်ကြောင်း သိရသည်။

ကားပြပွဲတွင် ရှေးဟောင်းကားများ၊ နောက်ဆုံးပေါ်မော်ဒယ်ကားများနှင့် ပြိုင်ကားဒီဇိုင်းအလှဆင်ထားသည့် ကားများအစီးရေ ၂၀ ပြသခဲ့ပြီး ပြိုင်ပွဲဝင်ဦးရေ ၅၀ က ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပထမနေ့တွင် ဆိုင်ကယ်စတန့်ပြကွက်များ၊ ကား Drift ဆွဲခြင်းပြကွက်များကို ပြသခဲ့ကာ ဒုတိယရက်တွင် ပြိုင်ပွဲများ ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# လူသုံးကုန်ပစ္စည်းနှင့် အလှကုန်ပစ္စည်းထုတ်လုပ်မှု သင်တန်းဖွင့်

**တပ်ကုန်း ဒီဇင်ဘာ ၃၁**
ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံပညာပေးသင်တန်းမျိုးစုံဖွင့်လှစ် သင်ကြားပေးလျက်ရှိရာ ကံလှကျေးရွာအုပ်စု ဂုတ်ကုန်းကျေးရွာတွင် ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနှင့် အလှကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်း(၇/၂၀၁၆)ကို စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်လျက်ရှိပြီး စာတွေ့၊ လက်တွေ့ဖြင့် ခုနစ်ရက်ကြာ သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းတွင် ဆပ်ပြာရည်ပြုလုပ်ခြင်း၊ ဆပ်ပြာခရင်(မ်)ပြုလုပ်ခြင်း၊ ဆပ်ပြာချက်လုပ်ခြင်း၊ ဆပ်ပြာခဲပြုလုပ်ခြင်း၊ ခေါင်းလျှော်ရည်ပြုလုပ်ခြင်း၊ သွားတိုက်ဆေးပြုလုပ်ခြင်း၊ ခံတွင်းသန့်ဆေးရည်ပြုလုပ်ခြင်း၊ ကျောက်ပြား၊ ကြွေပြားသန့်စင်ဆေးရည်ပြုလုပ်ခြင်း၊ နေလောင်ခံ အဆီပြန်သက်သာသည့် သနပ်ခါး၊ သနပ်ခါးမိတ်ကပ်ရည်နှင့် ခေါင်းလိမ်းဆီ စသည်တို့ သင်ကြားလျက်ရှိသည်။

"ဒီအတတ်ပညာသင်တန်းက သင်တန်းသားများအတွက် ဗဟုသုတများစွာ ရရှိပါတယ်။ အရင်ကဆို ကျွန်မတို့ ကျေးလက်နေများမှာ ကောက်စိုက်၊ ပေါင်းနုတ်ဖြစ်တဲ့ တောင်သူအလုပ်လောက်ပဲ သိကြပါတယ်။ အခုဆို လူသုံးကုန်ပစ္စည်းနှင့် အလှကုန်ပစ္စည်းများကို ထုတ်လုပ်နည်းတွေသိတဲ့အပြင် စီးပွားဖြစ်အခွင့်အလမ်းများရရှိပါတယ်" ဟု ဂုတ်ကုန်းကျေးရွာမှ သင်တန်းသူ မအေးချမ်းမေက ပြောပြသည်။

**(တင်စိုးလွင်)**

# ဆူးပုတ်ပျဉ်းတောကျေးရွာနှင့် ဆင်တိုကျေးရွာ ၂၄ နာရီ လျှပ်စစ်မီးရရှိ

**အမ်း ဒီဇင်ဘာ ၃၁**
ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်တွင် ကျေးရွာများ လျှပ်စစ်မီးရရှိစေရန် အရှိန်အဟုန်မြှင့်တင်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ကျေးရွာကိုးရွာရှိသည့်အနက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲစက်ရုံ တည်ဆောက်ပြီးဖြစ်သော ဆူးပုတ်ပျဉ်းတောကျေးရွာ၊ ဆင်တိုကျေးရွာများရှိ အိမ်ထောင်စု ၁၁၈ စုရှိ၍ ၆၆ စုမှာ လျှပ်စစ်မီတာများ တပ်ဆင်ပြီးစီးပြီး ဒီဇင်ဘာ ၂၇ ရက် ညနေ ၄နာရီမှစတင်ကာ ၂၄ နာရီ ဓာတ်အားပြည့်ဝစွာသုံးစွဲလျက်ရှိသည်ဟု သိရသည်။ ကျန်ရှိသော အိမ်ထောင်စုလူဦးရေမှာလည်း လျှပ်စစ်သုံးမီတာများ တပ်ဆင်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ လျှပ်စစ်မီးရရှိပြီးသော ကျေးရွာနှစ်ရွာမှာ အမ်းမြို့နှင့် ငါးမိုင်ဝေးကွာ၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးလှိုင်က ယခုလျှပ်စစ်မီးရရှိပြီး ကျေးရွာနှင့် ဆက်လက်ရရှိမည့် ကျေးရွာများသို့ ကွင်းဆင်းပြီး လူထုဟောပြောပွဲနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**(၅၂၂)**

# နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၏ ၂၀၁၇ နှစ်သစ်ဆုတောင်း

**နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၏ ၂၀၁၇ နှစ်သစ်ဆုတောင်းကို စုစည်းဖော်ပြလိုက်ပါသည် -**


ဦးညဏ်ဝင်း


ဦးသန်းဌေး


ဦးဟန်ရွှေ


ဦးသုဝေ


ဒေါ်ဒွဲဘူ


စိုင်းကျော်ညွန့်


စောစေးဝါး


ဦးမျိုးကျော်

**ဦးညဏ်ဝင်း**
**ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အတွင်းရေးမှူး**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**

၂၀၁၇ ခုနှစ်မှာ မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာသောဘဝကို ရရှိပါစေလို့ ဆုတောင်းပါတယ်။ အခုကြိုးစားဆောင်ရွက်နေတဲ့ တိုင်းပြည်ဖွံ့ဖြိုးရေးနဲ့ငြိမ်းချမ်းရေးလုပ်ငန်းတွေအပြင် မကြာခင်ပြုလုပ်တော့မယ့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာလည်း အောင်မြင်ချောမွေ့ပါစေလို့ ဆုတောင်းပါတယ်။

**ဦးသန်းဌေး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**

၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ဟာ နှစ်အစ ရက်မြတ်တစ်ရက်ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးကို ကျရာနေရာက သယ်ပိုးချင်တဲ့ စိတ်ထားကို အခြေခံပြီး စေတနာအား၊ ပညာအား၊ စည်းလုံးညီညွတ်မှုအားတွေနဲ့အတူတူ ပြည်သူနဲ့လက်တွဲဆောင်ရွက်ဖို့ သန္နိဋ္ဌာန် ချထားပါတယ်။ နိုင်ငံနဲ့ ပြည်သူတစ်ရပ်လုံးအတွက် ပကတိကို အခြေခံပြီး လက်တွေ့အကျိုးဖြစ်ထွန်းစေမယ့် လုပ်ငန်းစဉ်တွေ ဆောင်ရွက်သွားကြမှာပါ။ နှစ်သစ်မှာ ပြည်သူအားလုံးရဲ့ အဓိကလိုအပ်ချက်ဖြစ်တဲ့ လွတ်လပ်မှု၊ တရားမျှတမှု၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဘဝလုံခြုံမှုများ ပြည့်စုံနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။

**ဦးဟန်ရွှေ**
**ဒုတိယဥက္ကဋ္ဌ**
**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**

၂၀၁၇ နှစ်သစ်အတွက် ဆုတောင်းစကားကတော့ နံပါတ်တစ် ပြည်သူတွေ လိုလားတောင့်တနေတဲ့ ငြိမ်းချမ်းရေးပါ။ ငြိမ်းချမ်းရေးက သွားနေပါတယ်။ ၂၀၁၇ မှာ တိုင်းရင်းသားတွေနဲ့အတူ အောင်အောင်မြင်မြင် တွေ့ဆုံပြီး ငြိမ်းချမ်းရေးရရှိပါစေလို့ ဆုတောင်းပါတယ်။ နံပါတ်နှစ်ကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးပါပဲ။ နောက်တစ်ခုက ပြည်သူတွေဘဝ လုံခြုံရေးပေါ့။ နှစ်သစ်မှာ ပြည်သူတွေ တရားဥပဒေစိုးမိုးရေးနဲ့ အေးချမ်းသာယာတဲ့ဘဝရောက်ရှိပါစေလို့ ဆုတောင်းပါတယ်။ နောက်ဆုံးတစ်ခုကတော့ ၂၀၁၆ မှာ တိုင်းရင်းသားတွေ၊ အခြေခံလူတန်းစားတွေ ဝင်ငွေကနည်း၊ ကုန်ဈေးနှုန်းကြီးမြင့်မှုကြောင့် အခက်အခဲရှိခဲ့ပါတယ်။ နိုင်ငံတကာရဲ့ ရင်းနှီးမြှုပ်နှံမှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ကျွန်တော်တို့နိုင်ငံရဲ့ ကြိုးပမ်းမှုတွေနဲ့ အခက်အခဲ၊ အကျပ်အတည်းတွေ လွတ်မြောက်ပြီး စီးပွားရေးအရ ဖွံ့ဖြိုးမှုအခြေခံတွေ ချမှတ်နိုင်ပါစေလို့ ဆုတောင်းပါတယ်။

**ဦးသုဝေ**
**ဥက္ကဋ္ဌ**
**ဒီမိုကရက်တစ်ပါတီ(မြန်မာ)**

လက်ရှိအစိုးရသက်တမ်းကလည်း တစ်နှစ်လောက်ဖြစ်နေပြီဆိုတော့ အခြေတကျရှိနေပါပြီ။ အဲဒါကြောင့် နှစ်သစ်မှာ အစိုးရနဲ့အတူ ပြည်သူလူထုအားလုံး ပါဝင်မယ်ဆိုရင် ဖော်ဆောင်နေတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို နှစ်သစ်မှာ အောင်အောင်မြင်မြင်ဖြစ်ထွန်းလာမှာပါ။ ပြည်သူလူထုကြီးအနေနဲ့လည်း လူမှုရေး၊ စီးပွားရေး၊ အဆင့်အတန်းတွေမြင့်မားလာပြီး ငြိမ်းချမ်းတဲ့ဘဝတွေဖြစ်ပါစေလို့ ဆုတောင်းပါတယ်။

**ဒေါ်ဒွဲဘူ (တွဲဖက်အတွင်းရေးမှူး)**
**စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ (ကချင်ပြည်နယ်)**

၂၀၁၇ မှာ မြန်မာနိုင်ငံ ပြည်သူပြည်သားတွေအားလုံး လိုချင်တောင့်တနေတဲ့ ငြိမ်းချမ်းရေးကို ရရှိပါစေ။ ငြိမ်းချမ်းရေးနဲ့အတူ မြန်မာပြည်မှာရှိတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ၊ နိုင်ငံသူ၊ နိုင်ငံသားတွေအားလုံးက တစ်ယောက်နဲ့တစ်ယောက် ချစ်ခြင်းမေတ္တာကို အခြေခံပြီး သာယာဝပြောဖွံ့ဖြိုးတိုးတက်ပါစေ။ ဆင်းရဲဒုက္ခကနေပြီးတော့ ၂၀၁၇ မှာ သာယာတဲ့ ဒီမိုကရေစီလမ်းကြောင်းကို လက်တွဲလျှောက်လှမ်းနိုင်ပါစေ။

**စိုင်းကျော်ညွန့်**
**တွဲဖက်အတွင်းရေးမှူး -၂**
**ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**

မြန်မာပြည် အရှေ့၊ အနောက်၊ တောင်၊ မြောက်မှာ ငြိမ်းချမ်းရေးတိုးတက်ဖြစ်ထွန်းမှုတွေ ရရှိပါစေ။ ပြည်သူတွေအနေနဲ့လည်း ၂၀၁၇ မှာ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေးကအစ ကိုယ့်ရဲ့စီးပွားရေး ဝမ်းစာတွေအတွက် လိုအင်ဆန္ဒတွေ ပြည့်မြောက်အောင် လုပ်ဆောင်နိုင်ကြပါစေလို့ ဆုတောင်းပါတယ်။

**စောစေးဝါး**
**အထွေထွေအတွင်းရေးမှူး**
**ကရင်ပြည်သူ့ပါတီ**

နှစ်သစ်မှာတော့ ငြိမ်းချမ်းရေးရပြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မျှော်လင့်ပါတယ်။ ပြည်တွင်းစစ်တွေရပ်တန့်ပြီး စီးပွားရေး၊ လူမှုရေးတွေ ကောင်းမွန်လာဖို့အတွက် ဆုတောင်းပါတယ်။ နှစ်သစ်မှာ ငြိမ်းချမ်းရေးရပြီး ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ပြည်သူတွေပျော်ရွှင်စွာနဲ့ အမြန်ဆုံး လျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းပါတယ်။

**ဦးမျိုးကျော်**
**ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်**

ရခိုင်အမျိုးသားပါတီ ကျွန်တော်တို့ယုံကြည်တဲ့ ဒီမိုကရေစီအစိုးရသစ်လက်ထက်မှာ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအရေး၊ ဖက်ဒရယ်ရေးတို့နဲ့ပတ်သက်ပြီး ပြည်သူတွေအနေနဲ့လည်းအစိုးရနဲ့ပူးပေါင်းပြီး ပါဝင်ဖို့လိုပါတယ်။ ဒါမှလည်း ပြည်သူတွေအားလုံးရဲ့ လိုအင်ဆန္ဒတွေပြည့်ဝလာနိုင်မှာပါ။ နှစ်သစ်မှာ ပြည်သူတွေအားလုံး စိတ်ချမ်းသာကိုယ်ကျန်းမာကြပါစေလို့ ဆုတောင်းပါတယ်။

**ရဲခေါင်ညွန့်၊ ဇော်ကြီး(ပဏီတ)**
**ဓာတ်ပုံ- ဖိုးဇော်**

**❒ ကျောဖုံးမှ**

သူငယ်ချင်းတွေနဲ့ ကိုလေးဖြူတို့ Iron Cross ပွဲကို လာအားပေးတာပါ။ မိုင်ဒါကွင်းနဲ့ မျှော်စင်ကျွန်းကိုတော့ အချိန်မရလို့ မသွားတော့ဘူး။ အခုလို ပွဲမျိုးတွေလုပ်ပေးတဲ့ သက်ဆိုင်ရာ တာဝန်ရှိသူတွေကို အထူးကျေးဇူးတင်ပါတယ်။ သူတို့တွေ လုပ်ပေးလို့ အဆိုတော်တွေနဲ့အတူ နှစ်သစ်ကို ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းပြီး Happy New Year အော်ရတာပေါ့။ မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေလို့ ဆုတောင်းပါတယ်"ဟု ပြည်သူ့ရင်ပြင်သို့ လာရောက်လည်ပတ်သူ ကိုဝင်းခိုင်က ပြောသည်။

အဆိုပါ Happy New Year ညကို ရန်ကုန်တိုင်းဒေသကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်း၍ အေးချမ်းစွာ ပျော်ရွှင်နိုင်ရန် မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက် သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများက လုံခြုံရေးကို အထူးဂရုပြု ဆောင်ရွက်ပေးထားကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ သိရသည်။

**(ဇာနည်မောင်)**


Myanmar Countdown 2017 ဂီတဖျော်ဖြေပွဲကို ဒီဇင်ဘာ ၃၁ ရက် ညပိုင်းတွင် မိုင်ဒါကွင်း၌ ကျင်းပစဉ်။ (ခင်မောင်ဝင်း-ကြေးမုံ)

**■ နတ်ပေါက်ဆင်စခန်းမှ**

ဆင်ပေါက်ကလေးများအား လေ့ကျင့်သင်ကြားပြီး နိုင်ငံခြားသားခရီးသွားများကို ပြသပေးခဲ့ရာမှ စိတ်ဝင်စားမှုများပြားလာခြင်းဖြစ်ပြီး ယခုနှစ်တွင် ပြည်တွင်းလေ့လာသူများကိုပါ ဝင်ရောက်လေ့လာခွင့်ပြုခဲ့ပြီး ဧည့်သည် ၇၀၀ ကျော်အထိ လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

"နိုင်ငံခြားသားတွေက လာရောက်လေ့လာတာ တစ်နှစ်ထက်တစ်နှစ် ပိုများလာတဲ့အတွက် အခုနှစ်မှာတော့ ပြည်တွင်းဧည့်သည်တွေပါ ဝင်ရောက်လေ့လာခွင့်ပြုခဲ့တာ ဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

အဆိုပါဆင်စခန်းသို့ ပြည်တွင်းအနေဖြင့် ကသာဗန်းမော်ဒေသမှ ဧည့်သည်များအများဆုံးလာရောက်လေ့လာပြီး နိုင်ငံခြားသားများအနေဖြင့် ဧရာဝတီမြစ်ကြောင်းမှတစ်ဆင့် ကသာမြို့မှ အများဆုံးဝင်ရောက်လေ့လာလျက်ရှိရာ ယင်းဆင်ဝိုင်းတွင် ဆင်အကောင်ရေ ၂၇ ကောင်ဖြင့် ဆင်ရေချခြင်း၊ တုံးပေါ်လမ်းလျှောက်ခြင်းနှင့် သစ်ဆွဲပြသခြင်းများကိုအချိန်ပိုင်း သရုပ်ပြသပြီး ခရီးတိုဆင်စီးခြင်းများပြုနိုင်ကြောင်း သိရသည်။

ဆင်စခန်းဝင်ကြေးအဖြစ် ပြည်တွင်းဧည့်သည်တစ်ဦးလျှင် ကျပ် ၃၀၀၀ နှင့် ပြည်ပနိုင်ငံခြားသားတစ်ဦးလျှင် ကျပ် ၂၀၀၀၀ သတ်မှတ်ထားပြီး ဆင်စီးလိုပါကလည်း ၎င်းနှုန်းထားများအတိုင်း သတ်မှတ်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားသံများ

တွေ့ဆုံမေးမြန်း - ခင်ဇာလီ၊ ဆုနင်းလဲ့


ဦးသိန်းညွန့်


စည်သူဗိုလ်ကလေးတင့်အောင်


ဦးကိုကို


ဒေါက်တာမောင်အောင်


ဒေါက်တာဦးတင်ညွန့်

**ဦးသိန်းညွန့်**
**အမျိုးသားဒီမိုကရေစီပါတီသစ်**

၂၀၁၆ ခုနှစ်မှာ မြန်မာပြည်သူတွေ ကြုံတွေ့ရတဲ့ ဒီမြန်မာကျပ်ငွေ တန်ဖိုးကျဆင်းမှု၊ ဒေါ်လာဈေးနှုန်း မြင့်တက်မှု၊ သွင်းကုန်က များပြီး ထုတ်ကုန်မပို့နိုင်မှု၊ ငွေကြေးဖောင်းပွမှုတွေကြောင့် ၂၀၁၇ ခုနှစ်မှာ ဒီစီးပွားရေး အကျပ်အတည်းက ရုန်းထွက်နိုင်ပါစေ။ ဒုတိယအချက်ကတော့ ၂၀၁၇ ခုနှစ်မှာ အမျိုးသား သွေးစည်းညီညွတ်မှုနဲ့ တို့တိုင်းပြည် ရဲ့အချုပ်အခြာကို တို့ကာကွယ်နိုင်တဲ့ အခြေအနေမျိုး ဖြစ်ပါစေလို့ ၂၀၁၇ ခုနှစ်မှာ ဆုတောင်းပါတယ်။

**စည်သူဗိုလ်ကလေးတင့်အောင်**

နှစ်သစ်ကူး အခါကာလမှာ မင်္ဂလာစကား၊ မင်္ဂလာအမှု ပြုရတာ၊ ပြောရတာ အင်မတန်ကောင်းပါတယ်။ ကျုပ်တို့ တစ်နှစ်ပြီးတစ်နှစ်ကြီးလာကြတယ်။ ဒီလိုကြီးလာကြတဲ့ အခါကျတော့ နှစ်ဟောင်းကြွေ၍ နှစ်သစ်ကူး ပြောင်းတဲ့အခါ ကျရောက်ပါတယ်။ လာမယ့်နှစ်အတွက် အင်မတန် ကျက်သရေအပေါင်းနဲ့ပြည့်စုံပါစေ။ အဲဒီလို ဆုတောင်းတဲ့အတွက်လည်း ဆုတောင်းရုံနဲ့မဟုတ်ဘူး၊ လူတွေ ကိုယ်တိုင်လည်းလုပ်ရမယ်။ ဆုတောင်းတဲ့ပြင် ကိုယ်တိုင်ကြိုးစားရမယ်။ အဲ့လို ကိုယ်တိုင်ဆောင်ရွက်ကြတော့မှ သူများလည်း ဆောင်ရွက်ကြလိမ့်မယ်။ ဘဘတို့ မြန်မာနိုင်ငံမှာ တိုင်းရင်းသားအများအပြားစုပေါင်းနေထိုင်ကြတယ်။ တိုင်းရင်းသားအများအပြား စုနေကြတဲ့ တိုင်းပြည်ကြီးမှာ တိုင်းရင်းသားအားလုံး ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာနဲ့ နေကြမှသာ အင်မတန် စည်ကားတဲ့တိုင်းပြည်၊ အင်မတန် အေးချမ်းတဲ့ တိုင်းပြည်ဖြစ်မယ်။ ဒါကြောင့်မို့ ကိုယ်ကိုယ်တိုင်အတွက် ဆုလည်းတောင်း၊ ကြိုးကြိုးစားစား နေဖို့လိုပြီလို့ထင်ပါတယ်။ အခုလည်း နိုင်ငံတော်ကနေပြီး ကောင်းရာကောင်းကြောင်းတွေဆောင်ရွက်နေတယ်ဆိုတာ အားလုံးလည်း သိပါတယ်။ ဒီတော့ ကိုယ်ရေးကိုယ်တာထက် တစ်နိုင်ငံလုံးကောင်းဖို့အတွက်ကို ကြိုးစားတာဟာ ပိုပြီးတော့ အဓိပ္ပာယ်ရှိပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံတော်ကြီး တိုးတက်စည်ပင်ဝပြောလာအောင် ဆောင်ရွက်ဖို့ လူတိုင်းလူတိုင်းမှာ တာဝန်ရှိပါတယ်။ အားလုံးဝိုင်းဝန်းမှသာ အောင်မြင်မှာ မို့ နှစ်သစ်ဆုတောင်းနဲ့ အတူ မေတ္တာရပ်ခံတိုက်တွန်းပါတယ်။

**ဦးကိုကို**
**ဥက္ကဋ္ဌ၊ ရန်ကုန်မီဒီယာအဖွဲ့အစည်း**

မကြာမီမှာ ၂၀၁၇ ခုနှစ် နှစ်သစ်ကို ရောက်မှာ ဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးက လူတွေ၊ နိုင်ငံသားတွေအားလုံး လူမျိုးပေါင်းစုံ နှစ်သစ်ကို ကြိုကြပါတယ်။ ဘာကြောင့်နှစ်သစ်ကိုကြိုလဲလို့ပြောရင် နှစ်သစ်မှာ မင်္ဂလာရှိသော အမှုကိစ္စတွေဆောင်ရွက်ရလိမ့်မယ်။ မင်္ဂလာရှိသော သတင်းတွေ ပြောရလိမ့်မယ်။

မင်္ဂလာရှိသော အရေးကိစ္စတွေ ကြုံတွေ့ရမယ်လို့ ယုံကြည်ချက် မျှော်လင့်ချက်နဲ့ နှစ်သစ်ကို ကြိုကြပါတယ်။ နှစ်သစ်မှာ မြန်မာပြည်ကြီးငြိမ်းချမ်းသာယာပါစေ။ စစ်မက်ဖြစ်ပွားမှုတွေမရှိဘဲနဲ့ အေးချမ်းသာယာပြီး ပြည်သူတွေလိုလားတောင့်တတဲ့ တကယ့်ခေတ်ကြီး တစ်ခုကို ရောက်ရှိပါစေလို့ ရိုးရှင်းစွာ ဆုတောင်းပေးပါတယ်။ နှစ်သစ်မှာ ပျော်ရွှင်ပါစေ၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ အားလုံးဆုတောင်းကြတယ်။ ဒါပေမယ့် ပျော်ရွှင်မှုတွေကို ဖန်တီးပေးတာက မမြင်ရတဲ့ ဖန်တီးရှင်တွေကမဟုတ်ပါဘူး။ မင်္ဂလာရှိပါစေ၊ ပျော်ရွှင်ပါစေ ဆုတောင်းပေးနေတဲ့သူတွေ ကိုယ်တိုင်ပါပဲ။ အဲဒီလူတွေ ကိုယ်တိုင်ကလည်း မင်္ဂလာရှိသော အမှုကိစ္စတွေဆောင်ရွက်မှ မင်္ဂလာရှိမှာပါပဲ။ ပျော်ရွှင်သောနှစ်သစ်ဆိုတာ ဘာလဲ။ လူတွေအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း စိတ္တသုခ၊ ကာယသုခနှစ်ဖြာ ပျော်ရွှင်ချမ်းမြေ့မှုကို ပေးစွမ်းနိုင်တဲ့ အင်မတန် မင်္ဂလာရှိသော ကိစ္စဆောင်ရွက်နိုင်၊ တခြားသူတွေကို ပျော်ရွှင်စရာပေးနိုင်မှ ပျော်ရွှင်သော နှစ်သစ်ဖြစ်မှာပါ။ ဒါ့ကြောင့် ဆုတောင်းကြတဲ့ ပြည်သူပြည်သား အားလုံးမင်္ဂလာရှိသော အလုပ်၊ ပျော်ရွှင်စရာဖြစ်စေသော အလုပ်ကို ဆောင်ရွက်ကြဖို့ လိုပါတယ်။

**ဒေါက်တာမောင်အောင်**
**ရန်ကုန်တိုင်းဒေသကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့၊ အတွင်းရေးမှူး**

၂၀၁၇ နှစ်သစ်အတွက် ဆရာမျှော်မှန်းတာကတော့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစပြုတဲ့ နှစ်လို့ ဆိုချင်ပါတယ်။ ၂၀၁၆ မှာ စီးပွားရေးထိုင်းမှိုင်းခဲ့တယ်။ ဒီ ၂၀၁၇ မှာတော့ စိန်ခေါ်မှုတွေ များစွာရှိပေမယ့် စီးပွားရေး တိုးတက်ကောင်းမွန်လာမယ်လို့ မျှော်လင့်ပါတယ်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး အရေးကြီးပြီး ဒါကို အဟန့်အတားဖြစ်စေနိုင်တဲ့ ကောလာဟလ သတင်းတွေအပေါ် ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုတွေနဲ့ အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတည်ဆောက်ရေးကို ဆောင်ရွက်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်။

**ဒေါက်တာဦးတင်ညွန့်**
**ဥက္ကဋ္ဌ၊ New Life Foundation**

မြန်မာပြည်သူ ပြည်သားအားလုံး ငြိမ်းချမ်းပျော်ရွှင်ပြီး လုံခြုံတဲ့ဘဝကို ပိုင်ဆိုင်နိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။

## စိတ်ကြွမူးယစ်ဆေးပြား ၄၃ သိန်းခန့် သိမ်းဆည်းရမိ

**ရန်ကုန် ဒီဇင်ဘာ ၃၁**

မူးယစ်ဆေးဝါးများ တင်ဆောင်ထားသည့် စက်လှေတစ်စင်းကို ပင်လယ်ပြင်တွင် တိုက်ကင်းလှည့် တာဝန်ထမ်းဆောင်နေသည့် တပ်မတော်စစ်ရေယာဉ်က ဒီဇင်ဘာ ၃၀ ရက် ည ၁၀ နာရီ ၁၅ မိနစ်တွင် ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ တပ်မတော်ရေမှ စစ်ရေယာဉ်တစ်စင်း ဒီဇင်ဘာ ၃၀ ရက်က တိုက်ကင်းလှည့်တာဝန် ထမ်းဆောင်နေစဉ် မေယုကျွန်း၏ အနောက်မြောက်ဘက်သို့ရောက်ရှိစဉ် မသင်္ကာဖွယ် စက်လှေတစ်စင်းအား တွေ့ရှိရသဖြင့် မီးအချက်ပြခေါ်ယူခဲ့ရာ လာရောက်ခြင်းမရှိဘဲ ထွက်ပြေးသဖြင့် လက်နက်ငယ်ဖြင့် ပစ်ခတ်ပြီး လိုက်လံဖမ်းဆီးခဲ့ရာ ည ၁၀ နာရီခွဲတွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိသည့် စက်လှေပေါ်မှ ကျေးတောပိုက်စိပ်ကျေးရွာနေ သာထွန်း (၃၇) နှစ်၊ ခင်လှ (၂၇) နှစ်နှင့် သိန်းညွန့် (၂၅) နှစ်တို့ သုံးဦးနှင့်အတူ ပီနံအိတ်ထုပ်အကြီး ၁၈ ထုပ်တို့အား တွေ့ရှိခဲ့၍ ဖွင့်ဖောက်စစ်ဆေးခဲ့ရာ WY စာတန်းပါ စိတ်ကြွမူးယစ်ဆေးပြား ၄၃ သိန်းခန့် သိမ်းဆည်းရမိခဲ့သဖြင့် ဖမ်းဆီးရမိတရားခံများနှင့် သိမ်းဆည်းရမိပစ္စည်းများအား ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးပြီး တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)



## နှစ်ပတ်လည်နှင့်နှစ်သစ်ကူးအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၁**

အထူးစောင့်ရှောက်မှုလိုအပ်သော ကလေးများအတွက် New Life Foundation နှစ်ပတ်လည်နှင့် New World Therapeutic Training Centre နှစ်သစ်ကူး အခမ်းအနားကိုဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ် ပင်လုံလမ်းရှိ အဆိုပါသင်တန်းကျောင်း၌ ဒီဇင်ဘာ ၃၁ ရက်က ကျင်းပခဲ့သည်။

နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်ကာ အဖွင့်အမှာစကားပြောကြားပြီး New Life Foundation ဥက္ကဋ္ဌ ဒေါက်တာဦးတင်ညွန့်က အမှာစကားပြောကြားသည်။

နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲအခမ်းအနားတွင် သင်တန်းကျောင်းမှ ကလေးငယ်များက တေးသီချင်းများ၊ အကများ၊ သရုပ်ဖော်အကများဖြင့် ဖျော်ဖြေခဲ့ပြီး နိုင်ငံကျော်တေးသံရှင် စိုင်းဆိုင်မောဝ်ကလည်း မေတ္တာဖြင့် ပါဝင်ကူညီဖျော်ဖြေပေးခဲ့သည်။

အထူးစောင့်ရှောက်မှုလိုအပ်သော ကလေးများအတွက် New Life Foundation အနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ မြန်မာအော်တစ်ဇင် အသင်းတို့နှင့် ပူးပေါင်း၍ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုစနစ်ဖြင့် အခြားသော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အလားတူ သင်တန်းကျောင်းများဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ စောင့်ရှောက်မှုလိုအပ်သောကလေးများအတွက် ကျောင်းသို့ လာရောက်နိုင်ခြင်းမရှိသည့် အခြေအနေမျိုးတွင် မိသားစုဝင်များကို အထူးစောင့်ရှောက်မှုသင်တန်းများပေးအပ်ကာ ကလေးများအား စောင့်ရှောက်စေလျက်ရှိကြောင်း New Life Foundation ဥက္ကဋ္ဌ ဒေါက်တာဦးတင်ညွန့်က ရှင်းပြသည်။

New Life Foundationကို ပါမောက္ခ ဒေါက်တာသိန်းအောင်က New World ကျောင်းမှမတည်ငွေများ အားလုံးကို ဖောင်ဒေးရှင်းသို့ ထည့်ဝင်လှူဒါန်း ကာ ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် ဂျပန်နိုင်ငံ The Nippon Foundation မှ Executive Director Mr.SuichiOhno ရန်ကုန်မြို့သို့ လာရောက်လည်ပတ်စဉ် ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်ကိုသိရှိသွားကာ နှစ်သက်ထောက်ခံခဲ့ပြီး ကူညီထောက်ပံ့မှုများပေးအပ်ရန် သဘောတူညီခဲ့သည်။ ဖောင်ဒေးရှင်းအနေဖြင့် မြန်မာနိုင်ငံတွင် အထူးစောင့်ရှောက်မှုလိုအပ်သောကလေးများနှင့် ၎င်းတို့၏ မိသားစုများအတွက် စောင့်ရှောက်ပေးသော ရှေ့ဆောင်အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်ရန်နှင့် အခြားသောသက်ဆိုင်ရာအဖွဲ့အစည်းများအတွက် ခေတ်မီ၍ သင့်တင့်လျောက်ပတ်သော နည်းပညာ၊ ဝန်ဆောင်မှုများ ဖြန့်ဝေပေးရန်တို့ကို ရည်မှန်း ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(ဝဝ၁)

❑

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဖွဲ့စည်း

**သန်လျင် ဒီဇင်ဘာ ၃၁**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ ၁၈ ရွာအပြင် ကံလှ-ကုလားတန်း ကျေးရွာအား မြစိမ်းရောင်စီမံကိန်း ကျေးရွာအဖြစ် ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် မြစိမ်းရောင်စီမံကိန်း မိတ်ဆက်ခြင်း၊ ကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၂၈ ရက်က လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအဆင့် စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဝင်များ၊ ကျေးရွာသူကျေးရွာသားများနှင့်အတူ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

# လိုချင်သည့်ကစားသမားကို အလိုရှိသည့်အချိန်ရရှိအောင် ခေါ်ယူနိုင်စွမ်းရှိဟု ပရီမီယာလိဂ်ကို သတိပေးလိုက်ပြီဖြစ်တဲ့စူပါလိဂ်






တရုတ်စူပါလိဂ် အမည်မဖော်လိုသူ တာဝန်ရှိသူတစ်ဦးက စူပါလိဂ်မှာ ငွေကြေးကိုအတိုင်းအဆမဲ့ သုံးစွဲနိုင်ပြီး ခေါ်ယူလိုသည့် မည်သည့်ကစားသမားကိုမဆို အချိန်အခါမရွေးခေါ်ယူပြနိုင်စွမ်းရှိကာ ပရီမီယာလိဂ်အသင်းများ၏ ငွေကြေးသုံးစွဲမှုကို ဟန့်တားနိုင်မည့်တစ်ခုတည်းသောလိဂ်ဖြစ်ကြောင်း ဒီဇင်ဘာ ၃၁ ရက်တွင် သတိပေးပြောကြားခဲ့သည်။

"ကျွန်တော်တို့ စူပါလိဂ်အနေနဲ့ ငွေကြေးကို အတိုင်းအဆမဲ့သုံးစွဲနိုင်တာကြောင့် အလိုရှိတဲ့ကစားသမားကို အချိန်မရွေးခေါ်ယူနိုင်စွမ်းရှိပါတယ်။ ကျွန်တော်ပြောကတည်းကိုက ဘယ်သူကိုမဆိုလို့ဆိုတော့ စီရိုနယ်လ်ဒို၊ မက်ဆီ၊ နေမာ၊ ဟယ်ရီကိန်းအားလုံးကိုပါ။ ကျွန်တော်တို့က ငွေရှိတယ်၊ အားကစားလေ့ကျင့်ရေးပစ္စည်းအားလုံး စုံစုံလင်လင်ရှိတယ်။ ကောင်းမွန်တဲ့ လူနေမှုဘဝကိုလည်း ဖြည့်ဆည်းပေးနိုင်သလို ရည်မှန်းချက်ကြီးကြီးနဲ့ သွားနေတဲ့ လိဂ်ပါ"ဟု စူပါလိဂ်တာဝန်ရှိသူတစ်ဦးက The Sun သတင်းဌာနသို့ ပြောကြားခဲ့သည်။

နာမည်ကြီးကစားသမားကိုယ်စားလှယ် ဂျော့ဂျ်မန်းဒက်ဇ်က စီရိုနယ်လ်ဒိုအား တရုတ်ကလပ်အသင်းတစ်ခုမှ ပေါင် ၂၅၇ သန်းဖြင့် ကမ်းလှမ်းထားသော်လည်း စီရိုနယ်လ်ဒိုဘက်က ပယ်ချခဲ့ခြင်းဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် တစ်ရက်အကြာတွင် စူပါလိဂ်တာဝန်ရှိသူတစ်ဦးက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ စီရိုနယ်လ်ဒိုအတွက် တစ်နှစ်လုပ်ခပေါင် ၈၅ သန်း တစ်ပတ်လုပ်ခပေါင် ၁ ဒသမ ၆ သန်းဖြင့် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးကွင်းလယ်လူ အော်စကာနှင့် ဘိုကာဂျူနီယာအသင်းတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်တို့ နှစ်ဦးသည် ပြီးခဲ့သည့်ရက်ပိုင်းကမှ တရုတ်စူပါလိဂ်သို့ ပြောင်းရွှေ့သွားသူနှစ်ဦးဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ်ငွေကြေး ပိုမိုသုံးစွဲလာသည့် စူပါလိဂ်၏ ခနအင်အားမှာ ဥရောပအင်အားကြီးလိဂ်များကို အမှန်တကယ် အကြပ်ရိုက်စေခဲ့သည်။ ပြီးခဲ့သည့်နှစ် ဇန်နဝါရီဈေးကွက်ကပင် ပရီမီယာလိဂ်အင်အားကြီးအသင်းများအလိုရှိနေသည့် တက်ရှီးယားကို ခေါ်ယူပြခဲ့ခြင်းဖြင့် ငွေပေးလျှင် မည်သည့်နာမည်ကျော်ကစားသမားကိုမဆို ခေါ်ယူနိုင်သည်ကို သက်သေပြနိုင်ခဲ့ပြီးဖြစ်သည်။ လက်ရှိတွင်လည်း ပရီမီယာလိဂ်ကစားသမားများထဲမှ ရွန်းနီ၊ ဂွန်တယ်ရီတို့ကိုလည်းခေါ်ယူရန် ချိတ်ဆက်နေသလို စီရိုနယ်လ်ဒိုကိုပင် ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးနှင့် စံချိန်တင်လုပ်ခလစာတစ်ရပ်ဖြင့် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

တရုတ်စူပါလိဂ်သည် နိုင်ငံရပ်ခြားမှနာမည်ကျော်ကစားသမားကို ခေါ်ယူခြင်းအားဖြင့် ကွင်းတစ်ဝက်သာကြည့်ရှုသူရှိသေးသည့် ပွဲကြည့်စင်များတွင် ပရိသတ်များကွင်းလုံးပြည့် လာရောက်အားပေးလိမ့်မည်ဟု မျှော်လင့်နေခြင်းဖြစ်သည်။ အစောပိုင်းတွင် နာမည်ကျော်ခြေကျနေပြီဖြစ်တဲ့ အနယ်လ်ကာ၊ ဒရော့ဘာ၊ အီတူးတို့ကိုသာခေါ်ယူနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ခြေစွမ်းထက်မြက်နေဆဲဖြစ်သည့် ကစားသမားမြောက်မြားစွာကို ခေါ်ယူနိုင်ခဲ့သည်။ အော်စကာသည် လွန်ခဲ့သည့် ၁၁ လခန့်က အင်တာဗျူးတစ်ခုတွင် "ကျွန်တော်လုပ်တဲ့ အလုပ်အောင်မြင်ဖို့ ဘယ်လိုအကြောင်းတရားတွေကြောင့်မှ အပွန်းအပဲ့မခံနိုင်ပါဘူး။ ဒါကြောင့် ဥရောပအပြင်ထွက်ပြီးကစားဖို့ စိတ်ကူးမရှိပါဘူး"ဟု ဆိုခဲ့သေးသော်လည်း တစ်နှစ်မပြည့်မီမှာပင် ဆုံးဖြတ်ချက်ပြောင်းလဲသွားသည်ကို ထင်ထင်ရှားရှား မြင်တွေ့ခဲ့ရခြင်းဖြစ်သည်။

## ကစားသမားဘဝမှ အနားယူရန်အစီအစဉ်မရှိသေးဟု ဖက်ဒရာ အတည်ပြု

ဆွစ်တင်းနစ်အကျော်အမော် ဖက်ဒရာမှာ လက်ရှိတွင်အသက်(၃၅)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း နောက်သုံး၊ လေးနှစ်အထိ ဆက်လက်ကစားဦးမည်ဖြစ်ပြီး အနားယူရန် အစီအစဉ်မရှိသေးဟု ဒီဇင်ဘာ ၃၀ ရက်တွင် အတည်ပြုကြေညာခဲ့သည်။



ဖက်ဒရာမှာ ပြီးခဲ့သည့် ဇူလိုင်လတွင် ကျင်းပခဲ့သည့် ဝင်ဘယ်လ်ဒန်အိုးပင်းပြိုင်ပွဲအတွင်းရရှိခဲ့သည့် ဒူးဒဏ်ရာကို ခွဲစိတ်ကုသခဲ့ရပြီးနောက် ငါးလကျော်ကြာအနားယူနေရသူဖြစ်ပြီး ဇန်နဝါရီ ၁ ရက်မှ ၇ ရက်အထိ ကျင်းပမည့် ဟော့ပ်မန်းအိုးပင်းပြိုင်ပွဲတွင် ဆွစ်ဇာလန်နိုင်ငံကိုယ်စားပြုကစားသမားတစ်ဦးအနေဖြင့် ပြိုင်ပွဲများကို စတင်ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖက်ဒရာက ပြန်လည်ယှဉ်ပြိုင်မည့်အချိန်တွင် အကောင်းဆုံးပုံစံဖြင့် ကစားနိုင်ရန်မသေချာသော်လည်း ကစားသမားဘဝမှ အနားယူရန် စိတ်ကူးပင်မရှိသေးကြောင်း ပြောကြားခဲ့သည်။ ပြီးခဲ့သည့် ဒီဇင်ဘာ ၂၈ ရက်ကပင် ဆားဘီးယားတင်းနစ်မယ် အိုင်ဗန်နိုဗစ်က ကစားသမားဘဝမှ အနားယူပြီဟု ကြေညာခဲ့ပြီးနောက် ဖက်ဒရာကို ကစားသမားဘဝမှ အနားယူရန် အစီအစဉ်ရှိသလားဟု မေးမြန်းခဲ့ရာ အနည်းဆုံးသုံး၊ လေးနှစ်အထိ ဆက်လက်ကစားနိုင်မည်ဟု ယုံကြည်ထားကြောင်း တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။ ဖက်ဒရာမှာ ဂရင်းစလင်းဖလားကို (၁၇)ကြိမ်အထိ စံချိန်တင် ဆွတ်ခူးထားသူဖြစ်ပြီး ကျန်းမာရေးကောင်းမွန်ပြီး ဒဏ်ရာပြဿနာကင်းစင်နေသမျှ တင်းနစ်ဆက်လက်ကစားနေဦးမည်ဖြစ်ကြောင်း ဆိုခဲ့သည်။

မေလဲ့သင်း ရေးသားသည်။

## လေ့ကျင့်ရေးကွင်းတွင် အိုဇေးလ် ပိုကောင်းဟု ဝင်းဂါးယုံကြည်

အာဆင်နယ်နည်းပြ ဝင်းဂါးက အသင်းကွင်းလယ်လူ မီဆပ်အိုဇေးလ်ဟာ တကယ့်ပြိုင်ပွဲမှာ ကစားတာထက် အသင်းလေ့ကျင့်ရေး ကွင်းအတွင်းအဆုံးသတ်ပိုင်းပိုမိုကောင်းမွန်စွာ ကစားနိုင်သူဖြစ်တယ်လို့ ပြောကြားလိုက်ပါတယ်။ အိုဇေးလ်က ယခုနှစ်ဘောလုံးရာသီ မန်ယူနဲ့ မန်စီးတီး အသင်းတွေနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ အဝေးကွင်းပွဲစဉ်တွေမှာ ခြေစွမ်းမပြနိုင်ခဲ့တာကြောင့် ဝေဖန်မှုတွေ ကြုံတွေ့နေရသူဖြစ်ပေမယ့် ဝင်းဂါးက အဆိုပါကိစ္စရပ်ကို နှုတ်ဆိတ်နေခဲ့ပြီး အိုဇေးလ်ဟာ လေ့ကျင့်ရေးကွင်းမှာ ပြင်းပြင်းထန်ထန် လေ့ကျင့်တတ်သူလို့ ဆိုလိုက်ပါတယ်။

ဝင်းဂါးရဲ့ ယခုမှတ်ချက်က ပြီးခဲ့တဲ့ရက်ပိုင်းက နောက်ခံလူဘယ်လာရင် ပြောကြားချက်နဲ့ အနည်းငယ်ကွဲလွဲမှုရှိနေပြီး ဘယ်လာရင်ကတော့ အိုဇေးလ်ဟာ အသင်းလေ့ကျင့်ရေးကွင်းမှာ အားမစိုက်ဆုံး ကစားသမားဖြစ်တယ်လို့ ဆိုခဲ့တာပါ။ ဝင်းဂါးကတော့ ယခုနှစ်ဘောလုံးရာသီအတွင်း အိုဇေးလ် သွင်းဂိုးတွေ ပိုမိုရရှိလာတာက လေ့ကျင့်ရေးကွင်းမှာ ပြင်းပြင်းထန်ထန် လေ့ကျင့်ခြင်းရဲ့ အကျိုးဆက်တွေပဲလို့ ချီးကျူးလိုက်ပါတယ်။

အိုဇေးလ်က အာဆင်နယ် အသင်းရဲ့စာချုပ်သစ် ကမ်းလှမ်းလာမှုကို ငြင်းပယ်ထားဆဲဖြစ်တာကြောင့် အသင်းဟောင်း ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့တော့မယ်လို့ သတင်းတွေထွက်လာခဲ့ပေမယ့် ဒီကိစ္စရပ်အပေါ် မှတ်ချက်ပေးဖို့ ဝင်းဂါးက ငြင်းဆန်ခဲ့ပါတယ်။

## ဗီဒယ်လ်ကိုခေါ်ယူရန် ချယ်လ်ဆီးကြိုးပမ်းနေ

ချယ်လ်ဆီးနည်းပြ ကွန်တီက အစောပိုင်းတွင် ရိုးမားကွင်းလယ်လူ နိုင်ဂိုလန်ကို ခေါ်ယူရန်တောက်လျှောက်ကြိုးပမ်းခဲ့သော်လည်း ယခုအခါ နိုင်ဂိုလန်အစား ဘိုင်ယန်မြူးနစ်ကွင်းလယ်လူ ဗီဒယ်လ်ကိုသာ ခေါ်ယူသွားရန် စီစဉ်နေကြောင်းသိရသည်။ ကွန်တီသည် ချယ်လ်ဆီးနည်းပြအဖြစ် စတင်တာဝန်ယူချိန်ကတည်းက နိုင်ဂိုလန်ကို ခေါ်ယူနိုင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ပြီး နိုင်ဂိုလန်ကိုယ်တိုင်က ရိုးမားတွင်သာ ဆက်ရှိမည်ဟု အတည်ပြုခဲ့ပြီးနောက် အပြောင်းအရွှေ့မှာ ပျက်ပြယ်သွားခဲ့ခြင်းဖြစ်သည်။

သတင်းရင်းမြစ်များ၏ အဆိုအရ ရိုးမားအသင်းသည် နိုင်ဂိုလန်အတွက် ပြောင်းရွှေ့ကြေး ပေါင် ၅၁ ဒသမ ၅ သန်း အလိုရှိခဲ့ပြီး ကွန်တီကယင်းပမာဏကို အသုံးပြုရန် ဆန္ဒမရှိခဲ့ခြင်းကြောင့် နိုင်ဂိုလန်နှင့် ချယ်လ်ဆီးကြား အပြောင်းအရွှေ့ကိစ္စ ရပ်တန့်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ ကွန်တီက နိုင်ဂိုလန်အစား ဂျူဗင်တပ်တွင် လက်တွဲခဲ့ဖူးသည့် ဗီဒယ်လ်ကို ပေါင် ၃၈ သန်းဖြင့် ကမ်းလှမ်းသွားရန် စီစဉ်ထားခြင်းဖြစ်သည်။ ချယ်လ်ဆီးသည် အော်စကာအား စူပါလိဂ်သို့ ရောင်းချခြင်းမှ ရရှိသည့် ပေါင်သန်း ၆၀ ကို အသုံးပြုပြီး ကွင်းလယ်ကစားသမားတစ်ဦးကို ပြန်လည်အားဖြည့်ရန်လိုလားနေကာ ဗီဒယ်လ်မှာ ချယ်လ်ဆီး၏ ဇန်နဝါရီဈေးကွက် ဦးစားပေးပစ်မှတ်ဖြစ်လာခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဗီဒယ်လ်ကို ရောင်းချမည်မဟုတ်ဟု တုံ့ပြန်ထားသော်လည်း ကွန်တီကမူ ဗီဒယ်လ်နှင့် သူ့အကြားခိုင်မြဲသည့်ရင်းနှီးမှုကြောင့် ဗီဒယ်လ်ကို ချယ်လ်ဆီးသို့ ခေါ်ယူနိုင်မည်ဟု တစ်ထစ်ချယုံကြည်ထားကြောင်း ဆိုခဲ့သည်။ ကွန်တီက ဂျူဗင်တပ်အား ကိုင်တွယ်ခဲ့သည့် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဗီဒယ်လ်အား လေဗာကူဆင်မှ ဂျူဗင်တပ်သို့ ခေါ်ယူခဲ့သူဖြစ်ပြီး ကွန်တီလက်အောက်တွင် ဗီဒယ်လ်မှာ ကမ္ဘာ့အကောင်းဆုံး ကွင်းလယ်ကစားသမားတစ်ဦး ဖြစ်လာရခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် စီးရီးအေဖလားသုံးကြိမ်အတူတူ ရယူနိုင်ခဲ့ပြီး ဗီဒယ်လ်မှာ ၂၀၁၃ ခုနှစ်စီးရီးအေအကောင်းဆုံးကစားသမားဆုနှင့် ၂၀၁၃၊ ၂၀၁၄ ခုနှစ်တို့တွင် စီးရီးအေအကောင်းဆုံးအသင်းလူစာရင်းတွင် ပါဝင်ခွင့်ရခဲ့သည်။

ဗီဒယ်လ်က ၎င်းစစ်မြေပြင်သို့ သွားရမည်ဆိုလျှင်တောင် ကွန်တီအားအဖော်အဖြစ် ခေါ်သွားလိုသည်ဟု အင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့ဖူးသလို ကွန်တီကလည်း ယင်းအဖြေကို ထောက်ခံခဲ့ပြီး သူလည်းဗီဒယ်လ်ကိုခေါ်ယူသွားလိုသည်ဟု ပြောကြားခဲ့ဖူးသည်။ ကွန်တီက ဗီဒယ်လ်မှာ ကြံ့ခိုင်မှုကောင်းမွန်သလို နည်းစနစ်ပိုင်းကောင်းမွန်သည့် ကစားသမားဖြစ်ရာ မည်သည့်ကစားကွက်ဗျူဟာပြောင်းလဲခြင်းကျင့်သည်ဖြစ်စေ အံဝင်အောင်ကစားနိုင်သည့် အံ့ဖွယ်ကစားသမားဖြစ်ကြောင်းလည်း မှတ်ချက်ပြုခဲ့သည်။

# ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များ၏ နှစ်သစ်ဆုတောင်းစကားများ

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို



လာမယ့် ၂၀၁၇ ခုနှစ် နှစ်သစ်မှာ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ် ဦးစီးဆောင်ရွက်နေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်မှုတွေရပါစေ၊ မြန်မာနိုင်ငံအတွင်းကိုလည်း နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါများတိုးတက်လာပြီးတော့ နိုင်ငံသူနိုင်ငံသားတွေ အလုပ်အကိုင်တွေရကြပါစေ၊ နိုင်ငံခြားမှာသွားရောက်ပြီးမှ အပင်ပန်းခံနေတဲ့ မြန်မာနိုင်ငံသားတိုင်းရင်းသားတွေ အမိမြန်မာနိုင်ငံတော်ရဲ့ရင်ခွင်မှာ ပြန်လည်ခေါ်ယူ အလုပ်အကိုင်ချထားပေးပြီးတော့ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ပါစေ၊ တည်ဆောက်နေတဲ့ အခြေခံပြည်သူတွေအတွက် အိမ်ရာစီမံကိန်းတွေလည်း ဒီထက်တိုးတက်ပြီး အကောင်အထည် ဖော်နိုင်ပါစေလို့ ဆုတောင်းပါတယ်။ နှစ်သစ်မှာ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းသာယာပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပါစေ။ ဘာသာ၊သာသနာတွေလည်း ပိုမိုထွန်းကားပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ မြတ်စန္ဒီသင်းဇော်
ဓာတ်ပုံ - လူမှုကွန်ရက်

## ဇာဂနာ



နှစ်သစ်ကူးပြီဆိုတာနဲ့ စိတ်သစ်တွေပါကူးဖို့လိုတယ်။ ဒါမှလည်း လူနေထိုင်မှုဘဝ အသစ်တွေလည်း ကူးပြောင်းကြရပါလိမ့်မယ်။ နှစ်သစ်ကူးရင် စိတ်သစ်ကူးပါ၊ စိတ်သစ် ကူးရင် ဘဝသစ်ကူးပါလိမ့်မယ်လို့ အားလုံးကို မေတ္တာရပ်ခံချင်ပါတယ်။

## ဖိုးချစ်



အတိတ်က မကောင်းတဲ့ အဟောင်းတွေကို ထားခဲ့ပြီး အနာဂတ်မှာ ကောင်းခြင်းတွေနဲ့ ချီတက်ကြပါစို့၊ မြန်မာပြည်သူ ပြည်သားတွေအားလုံးနဲ့အတူ ပြည်သူ၏နား၊ ပြည်သူ၏ မျက်လုံးဖြစ်သော မီဒီယာများသည်လည်း အစွန့်ရှည်တည်တံ့စွာ ဤနှစ်သစ်မှာ ကောင်းခြင်းများရရှိပါစေ။

## စာရေးဆရာမ ပုညခင်



၂၀၁၇ ခုနှစ် နှစ်သစ်မှာ စာပေပရိသတ်တွေအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ပြည်သူအားလုံးလည်း မင်္ဂလာနှစ်သစ်ပျော်ရွှင်ချမ်းမြေ့ကြသလို ကောင်းသောလိုအင်ဆန္ဒမှန်သမျှ ပြည့်ဝကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သပေးပါတယ်။

## ဒါရိုက်တာကြည်ဖြူသျှင်



၂၀၁၆ ကနေ ၂၀၁၇ နှစ်သစ်ကူးပြီ။ ဒီအချိန် နှစ်သစ်ကူးတိုင်းမှာ အားလုံးရဲ့စိတ်တွေ အကုန်လုံးကတော့ နှစ်ဟောင်းကနေ နှစ်သစ်ကို ရောက်ပြီဆိုရင် ပျော်ရွှင်လန်းဆန်းမှုတွေ ရှိတာပဲ။ အဲဒီလိုပဲ နှစ်ဟောင်းမှာရှိတဲ့ ကိုယ့်ရဲ့စိတ်ဓာတ်တွေကို နှစ်သစ်မှာပိုပြီးကောင်းမွန်အောင် ပြောင်းလဲဖို့လိုတယ်။ ပျော်ရွှင်မှုနဲ့အတူ ကောင်းသောပြောင်းလဲခြင်းတွေကိုလည်း နှစ်သစ်ကို သယ်ဆောင်သွားပါ။ ကိုယ့်မှာရှိတဲ့အားနည်းချက်တွေ၊ ပြင်ရမယ့်စိတ်ဓာတ်တွေကို နှစ်ဟောင်းမှာထားခဲ့ပါ။ ပြီးရင် နိုင်ငံရဲ့တိုးတက်မှုနဲ့အတူ လူတိုင်းလူတိုင်း ပျော်ရွှင်သောနှစ်သစ်ကို ပျော်ရွှင်စွာနဲ့၊ အားလုံး လိုအပ်ချက်မရှိပြည့်စုံစွာနဲ့ ပြောင်းလဲနိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်။

## နန်းခင်ဇေယျာ



နှစ်သစ်မှာ ပြည်သူတွေအားလုံး နှစ်ဟောင်းကရှိခဲ့တဲ့ စိတ်ဒုက္ခခံစားရတာတွေ၊ အခက်အခဲတွေခံစားရတာတွေ၊ နှစ်ဟောင်းမှာ အားလုံးထားခဲ့ပြီး နှစ်သစ်မှာကံကောင်းခြင်း ဆုလာဘ်များစွာတွေနဲ့ ပျော်ရွှင်မှုများစွာကို ရရှိပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

## ပိုင်းစုခိုင်သိန်း

၂၀၁၇ နှစ်သစ်ကနေစပြီးတော့ ချစ်တဲ့ပရိသတ်တွေအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံပါစေ၊ မိမိလိုချင်တဲ့ဆန္ဒတွေအားလုံး ဒီနှစ်ကနေစပြီး အကောင်အထည်ဖော်နိုင်ပါစေလို့ ဆုမွန်တောင်းလိုက်ပါတယ်။



## ထွန်းရတီ

၂၀၁၆ ခုနှစ်အကုန် Happy New Year မှာ ၂၀၁၇ ခုနှစ်ကို စတင်ဝင်ရောက်ချိန်ကစပြီး ချစ်သောပရိသတ်ကြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေ၊ ပိုပြီးလည်းပျော်ရွှင်ကြပါစေ။ စီးပွားလာဘ်လာဘလည်း ပိုပြီးတော့ကောင်းမွန်ပါစေ၊ ကျန်းမာရေး၊ လူမှုရေး၊ အချစ်ရေးတွေ အစစအရာရာ အားလုံးအဆင်ပြေပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။



## ဂျက်ရှည်အေးကျော်



တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်တဲ့နှစ်သစ်ကို ပိုင်ဆိုင်ပါစေ။ နှစ်တစ်နှစ်ကုန်ဆုံးတော့မယ်ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် မိမိကိုယ်ကို ပြန်ပြီးလေ့လာကြည့်ရှုသင့်ပါတယ်။ ဒီအထဲမှာကိုယ့်အနေနဲ့ ဘာတွေမကြိုက်တာများ ကြုံတွေ့ခဲ့ရသလဲ။ ပိုကောင်းတာတွေ ဘာဖြစ်ခဲ့သလဲ၊ နှစ်သစ်ကိုရောက်ပြီဆိုတာနဲ့ အမှားတွေနည်းသွားအောင်၊ ပိုပြီးအောင်မြင်လာအောင်၊ ပိုပြီးကောင်းလာအောင် ပြန်လည်ပြင်ဆင်ရင်း ပိုမိုကောင်းမွန်တဲ့နှစ်သစ်ကို ရယူပိုင်ဆိုင်နိုင်ကြပါစေလို့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအတွက်ရော ပရိသတ်ကြီးအတွက်ရော ဆုတောင်းပေးလိုက်ပါတယ်။

## ယွန်းဝတီလွင်မိုး

တစ်တိုင်းတစ်ပြည်လုံးမှာရှိကြတဲ့ ပြည်သူတွေအားလုံး နှစ်သစ်ကနေစပြီး စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာ ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။



## သျှားထွင့်အိန္ဒြာ





လာမယ့် ၂၀၁၇ ခုနှစ်မှာ ကမ္ဘာသူကမ္ဘာသားတွေရော၊ မြန်မာပြည်သူပြည်သားတွေရော၊ ပရိသတ်ကြီးရော စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ။ စိတ်သွားတိုင်းကိုယ်ပါ လိုရာဆန္ဒတွေ အားလုံးပြည့်ဝကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။


## အိမ့်ချစ်



နှစ်သစ်မှာ လူတိုင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်ဝပါစေ။ စီးပွားလာဘ်လာဘတွေလည်း အရင်နဲ့မတူဘဲ ဒီထက်တိုးတက်ကောင်းမွန်စွာ ရှာဖွေလို့ရကြပါစေ။ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး အစစအရာရာ တိုးတက်ကြပါစေလို့ အိမ့်ချစ်က ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်ရှင်။







# ဘူရိဒတ်နဂါး ကိုယ်ကျင့်တရား ထိပါးမခံ

ကိုရင်ညြ

ချမ်းမြေ့သာယာသော နှစ်သစ်ကို ကြိုဆိုလျက် သက်တမ်းအတိုင်းအရှည်ရှိသော ပြက္ခဒိန်သစ်ကို ဖွင့်လှစ်ကာ ၂၀၁၇ ခုနှစ်၏ နေ့ရက်သစ် ၃၆၅ ရက်တွင် ကမ္ဘာ့လူသားတိုင်း အခွင့်အလမ်းသစ် ၃၆၅ ခုကို ကိုယ်စီကိုယ်ငှ ဆွတ်ခူးရယူနိုင်ပါစေသားဟူ၍ ဆုတောင်းပတ္ထနာပြုမိရင်း နေ့စဉ်ကောင်းမြတ်သော ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် သာယာလှပသော လောကသစ်ကြီးကို ညီညာဖြိုဖြို စုပေါင်းတည်ထောင်ကြကုန်လော့ဟူ၍ ကျွန်ုပ်တိုက်တွန်းမိလေသည်။

ယနေ့အခါသမယသည်ကား နှစ်သစ်ကို စိတ်သစ်ဖြင့် ဖြတ်သန်းမည်ဟူသော အားမာန်မွေးကြရမည့် နေ့ရက်ပါပေတည်း။

အချိန်ဟူသည် မိမိတို့၏ အလိုကို မလိုက်သော်လည်း မိမိအလိုရှိရာ ကောင်းမြတ်သော ရည်မှန်းချက်တစ်ရပ်အတွက် မနားမနေ စွမ်းဆောင်နိုင်ရန် အချိန်ကို စီမံခန့်ခွဲအပ်ရာ၏ဟူ၍ ကျွန်ုပ်တွေးတောမိ၏။

## အကောင်းဆုံးအချိန်

"ယခုလက်ရှိအချိန်ထက် ကောင်းသောအချိန်မရှိ" ဟူသော မင်းကွန်း တိပိဋကရေ ဆရာတော်ဘုရားကြီး၏ အဆိုအမိန့်တစ်ရပ်ကို ကျွန်ုပ်ပြန်လည်သတိရမိရင်း 'အချိန်' ဟူသော သဘောတရား၏ လေးနက်ပုံကို ဆင်ခြင်နေမိလေသည်။

ဦးစွာ အခွင့်အလမ်းကောင်းတစ်ရပ်ရဖို့ အချိန်ကာလကြာရှည် စောင့်ဆိုင်းရတတ်သည့် သဘောတရားက ကျွန်ုပ်၏ အတွေးအမြင်ပုံရိပ်ထဲ ထင်ထင်လင်းလင်း ရှိလာ၏။ လူ့ဘဝတွင် အခွင့်အလမ်းကောင်းတစ်ရပ် ရရှိလာသည့်တိုင် ဘေးပယောဂများ၏ အဖျက်အမှောက်ပြုမှုကြောင့် အခွင့်အလမ်းကောင်းကို လက်လွှတ်လိုက်ရသည့် သာဓကများမှာ ဘဝအတွေ့အကြုံနှင့် ယှဉ်၍ များစွာရှိခဲ့ပေပြီ။ အချိန်က အခွင့်ပေးသော်လည်း အခွင့်ရသလောက် ဖြစ်မြောက်အောင် မစွမ်းသည့် ဖြစ်ထွေများက ကျွန်ုပ်ကို သင်ခန်းစာပေးလျက်ရှိ၏။

ထို့ရွေ့ထိုမျှမက လူ့ဘဝကြီးထဲတွင် အချိန်တန် နွားပိန်ကန်ခံရသည့် ဖြစ်ရပ်များမှာ လည်း ဒုနဲ့ဒေး။ အချိုရှာ သကာမတွေ့ဘဲ၊ အပျိုရှာ ကညာမတွေ့ဘဲ မလိုလျှင်အပြစ် လိုလျှင်အချစ် စံနှစ်ခွ ကျင့်သုံးတတ်သူများနှင့်လည်း တွေ့ကြုံရဖူးပေပြီ။

အချိန်နှင့်ပတ်သက်၍ ဆက်လက်ညွှန်းဆိုရလျှင် အချိန်နှင့်အမျှ ရယူပိုင်ဆိုင်မှုကိုသာ လိုလားတောင့်တနေသူများလည်း ရှိတတ်ပေသည်။ ထိုသူတို့သည်ကား 'မရ-ရသကချိုင်' သူများဖြစ်၏။ 'ပေါရိသာရမင်း' သည် လူသားကို ရှာမရသောအခါ မိမိ၏ တပည့် ရသကကိုပင် သတ်၍စားသည်ဟု အစွဲပြု၍ မရလျှင် ရသမျှယူသူအား 'ရသကချိုင်သူ' ဟု ဆိုကြသည် မဟုတ်လား။

မာယာတစ်သိန်း အပလိန်းအနန္တပြွမ်းသော လောကကြီးထဲ လောဘကြီးသူတို့၏ 'ခွဲ' သံ၊ ဒေါသကြီးသူတို့၏ 'ဆဲ' သံတို့ကို ဥပေက္ခာပြု၍ သတိနှင့် ပညာတည်းဟူသော စိတ်သစ်ဖြင့် ခရီးဆက်လျှင် စိတ်ချမ်းသာမှု ရတန်ကောင်း၏ဟု ကျွန်ုပ်တွေးဆမိလေသည်။

ထို့ထက်တိုး၍ ဆိုရသော် ပါးစပ်က ဘုရား၊ ဘုရား လက်က ကားယားကားယား လူစားမျိုးတွေကို နှစ်သစ်တွင် ရှောင်ရန်သင့်၏ဟု ကျွန်ုပ်ရှုမြင်မိပြီးလျှင် 'ငါ့စကားနွားရ' (ငါပြောတာအမှန်) လူသားတွေကိုလည်း ဝေးဝေးရှောင်ကြဖို့ လိုအပ်ပေလိမ့်မည်။



ဓာတ်ပုံ– pinterest.com

အချိန်ကာလသည်ကား အဖိုးအနဂ္ဃ ထိုက်တန်လှ၏။ သို့ဖြစ်ပေရကား အချိန်ရှိခိုက် လုံ့လစိုက်ကြရပေမည်။ အကြောင်းမူကား အချိန်လွန်က ပြင်မရသောကြောင့်တည်း။ အချိန်လွန်မှ နောင်တမရလေအောင် မိမိ၏ ညံ့ဖျင်းချက်ကို မထောက်မညှာသိ၍ ကောင်းသောဘက်သို့ ပြုပြင်ပြောင်းလဲခြင်းသည် 'အချိန်မီချုပ် အစုတ်သက်သာ' ဟူသော ကျွန်ုပ်တို့၏ ဘိုးဘွားမိဘများ၏ လမ်းညွှန်ချက်ကို မြေဝယ်မကျနာခံမှတ်သားရာ ရောက်ပေလိမ့်မည်။

## ပြက္ခဒိန်သစ် လှစ်လေသော်

နေ့ကိုလစား၊ လကိုနှစ်စားကာ ပြောင်းလဲသွားသည်ကား ပြက္ခဒိန်ပေတည်း။

ပြက္ခဒိန်ဟူသော ဝေါဟာရသည် ပါဠိ-ပဝုတ္တဒိန၊ သက္ကတ-ပြုတ္တဒိနဟူသော ဝေါဟာရမှ အခြေခံလာသည်ဟူ၍ ဘာသန္တရသုတေသီ ဆရာတော်ကြီးများ၏ ယူဆချက်အရ လေ့လာသိရှိရလေသည်။

ပြက္ခဒိန်ဟူသည်ကား နှစ်အပိုင်းအခြား၊ ရာသီ အပိုင်းအခြား၊ လ အပိုင်းအခြား၊ နေ့ရက်အပိုင်းအခြား သတ်မှတ်ထားခြင်းပင် ဖြစ်သည်။

အင်္ဂလိပ်ပြက္ခဒိန်ကို စီစဉ်ရာတွင် နေသွားကိုသာ အခြေပြုထားသဖြင့် လထပ်ဟူ၍ မရှိ၊ ရက်ငင်သာရှိ၏။ သို့သော် အရှေ့နိုင်ငံများတွင် ပြက္ခဒိန်ကို စီစဉ်ရာ၌ နေသွားလသွားတို့ကို အမှီပြုကာ တွက်ချက်သောကြောင့် သာမန်လူများ မတွက်နိုင်ချေ။ နက္ခတ်ပညာတွက်ကိန်းများ လိုက်စားသူများသာလျှင် တွက်နိုင်၏။ သို့အတွက် မြန်မာပြက္ခဒိန်ကို စီစဉ်ရာ၌လည်း လထပ် ရက်ငင်အရေးများ မှန်ကန် ညီညွတ်စေရန်၊ ဗေဒင်ပညာရှိပြက္ခဒိန်တော်ဆက်အဖွဲ့ကို အစိုးရမင်းတို့က ခန့်အပ်ပြီးလျှင် မှန်ကန်သော ပြက္ခဒိန်များကို တွက်ချက်ကာ ထုတ်ဝေလေသည်။

လူ့သမိုင်းတစ်လျှောက်တွင် ပထမဆုံး ပြက္ခဒိန်ကို တီထွင်အသုံးပြုကြသူများမှာ အီဂျစ်လူမျိုးများဖြစ်ကြသည်။ စိုက်ပျိုးရေးကို အမှီပြုကာ အသက်မွေးကြသည့် ပထမအီဂျစ် ပြည်ထောင်စုအတွက် စိုက်ပျိုးရေးအထောက်အကူပြု ပြက္ခဒိန်ကို တီထွင်နိုင်ခဲ့သည်။

သို့သော် ပြည်ထောင်စုခေတ် မစတင်မီကပင် မြောက်ပိုင်းအီဂျစ်နိုင်ငံမှ လူတို့က တစ်နှစ်တွင် ၃၆၅ ရက်ရှိသည်ကို တွက်ချက်မိပြီးဖြစ်ဟန်တူသည်။ ပြည်ထောင်စုခေတ်အရောက်တွင် ထိုသို့ သတ်မှတ်ကာ တစ်နှစ်တာအတွင်းရှိ နေ့ရက်များကို အုပ်စုဖွဲ့၍ 'လ' ဟု သတ်မှတ်ရာတွင် ကောင်းကင်ပေါ်ရှိလ၏ အခြေအနေကိုမူတည်ကာ တွက်ချက်သတ်မှတ်ကြသည်။

သို့ဖြင့် ဘီစီ ၄၂၄၁ ခုနှစ်အရောက်တွင် ပထမပြည်ထောင်စုမှ အီဂျစ်လူမျိုးများသည် ပြက္ခဒိန်သစ်တစ်ခုကို တီထွင်နိုင်ခဲ့သည်။ အဆိုပါ ပြက္ခဒိန်အရ တစ်နှစ်တွင် ၁၂ လ၊ ၃၆၅ ရက်ရှိကာ တစ်လတွင် ရက်ပေါင်း ၃၀ ဟု သတ်မှတ်သည်။ အစွန်းထွက်ကာ ပိုလျှံနေသော ၅ ရက်ကို ပွဲတော်ရက်အဖြစ် သတ်မှတ်လိုက်သည်။ ထို ပြက္ခဒိန်ကို မှီတည်ကာ ဖြည့်စွက်ပြင်ဆင်ထားသော ပြက္ခဒိန်ကို နှစ်ကာလတာရှည်စွာဖြင့် ဂရိ၊ ရောမခေတ်များမှသည် ယနေ့တိုင် အသုံးပြုနေကြခြင်းဖြစ်သည်ဟု စွယ်စုံကျမ်းက ညွှန်းဆိုလေသည်။

ပြက္ခဒိန်နှင့် ပတ်သက်၍ ကမ္ဘာကျော် အင်္ဂလိပ်စာရေးဆရာကြီး အိပ်ချ်ဂျီဝဲက ဤသို့ ပြောခဲ့ဖူးလေသည်။

"လူ့ဘဝရဲ့ တစ်ခဏတာတိုင်းမှာ အံ့မခန်းဖွယ်ရာ အစွမ်းသတ္တိရှိနေနိုင်တာကို ပြက္ခဒိန်နဲ့ နာရီတွေက ကွယ်မထားစေနဲ့" ဟူ၏။

အိပ်ချ်ဂျီဝဲ ဟောပြောသလိုပင် အချိန်တိုင်းကို အမှုမဲ့အမှတ်မဲ့ ကုန်လွန်စေခြင်းမရှိသူအတွက် အချိန်တိုင်း အဖိုးအနဂ္ဃ ထိုက်တန်ပေမည်။ ဆိုလိုသည်မှာ အချိန်တိုင်းကို ဘဝအတွက် အသုံးချနိုင်သမျှ တစ်ခဏတိုင်းတွင် မိမိ၏ အစွမ်းသတ္တိများ ပေါ်ထွက်နေဖို့ အကြောင်းရှိပေသည်။

## မပြောင်းလဲအပ်သောအရာများ

ပြက္ခဒိန်များ မည်သို့ပင် ပြောင်းလဲလာစေကာမူ မပြောင်းလဲဘဲ ထာဝရ အလေးမူအပ်သည့် အခြင်းအရာတို့မှာ ကျင့်ဝတ်များ၊ တရားမျှတမှုကိုဖြစ်စေသော ကျင့်စဉ်များနှင့် တရားမျှတမှု အခြေခံမှုများသာ ဖြစ်သည်ဟု အင်္ဂလိပ်ပညာရှိကြီး ဒီအိပ်ချ်လောရင့်က ညွှန်းဆိုခဲ့ဖူးလေသည်။

သူ၏ညွှန်းဆိုချက်မှာ လူသားအမြင်အရ ညွှန်းဆိုချက်ဖြစ်သည်ဟု ကျွန်ုပ်ယူဆမိ၏။ မိမိကိုယ်တိုင်ကစ၍ ကျင့်ဝတ်ရှိပါမှ လူမှုရေးတရားမျှတမှုရှိပါမှ တရားမျှတမှုကို ဖြစ်ပေါ်စေသော အခြေခံမှုများကို ကျင့်သုံးပါမှ မိမိဘဝအပါအဝင် လောကဘဝ တစ်ခုလုံး အေးချမ်းသာယာနိုင်မှုကို ရနိုင်အံ့ဟု ဆရာကြီးက ဆိုလိုခြင်းဖြစ်ပေမည်။

ကျင့်ဝတ်ကို ဖြည့်ဆည်းသူ၊ တရားမျှတမှု၊ တရားမျှတမှုကို ဖြစ်စေသော အခြေခံမှုများကို ကျင့်သုံးသူဖြစ်ရန်မှာ ကိုယ်ကျင့်တရား ကောင်းမွန်မှုမရှိဘဲ မဖြစ်နိုင်ချေ။

ကိုယ်ကျင့်တရား ပျက်ယွင်းသူသည် သီလမလုံခြုံသူသာဖြစ်သည်။ အသိဉာဏ်နည်းပါးသူ သာမန်ပုဂ္ဂိုလ်များအနေဖြင့် အူမ မတောင့်သဖြင့် သီလမစောင့်ခြင်းမှာ ခွင့်လွှတ်နိုင်ဖွယ်ရှိသည်ဟု ယူဆနိုင်သော်လည်း နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရ အထက်တန်းအရာရှိများ၊ ထင်ပေါ်ကျော်ကြားသူများ အစရှိသည့် ပုဂ္ဂိုလ်များမှာမူ ကိုယ်ကျင့်တရားကောင်းမွန်မှုကို စံနမူနာပြနိုင်သူများ ဖြစ်အပ်ရာသည်။

ကိုယ်ကျင့်တရားကောင်းသူသည်သာ စိတ်၏ တည်ကြည်မှုရှိနိုင်ပြီး ခေါင်းဆောင်မှုအရည်အသွေးပြည့်သူဖြစ်ပေမည်။

မိမိတို့ကိုယ်တိုင် စာရိတ္တသီလ၊ ဝါရိတ္တသီလတို့နှင့် မည်မျှပြည့်ဝနေပြီနည်းဟူသော မေးခွန်းမှာ နှစ်သစ်ကူးကာလတွင် မိမိကိုယ်မိမိ စောကြောအပ်သည့် မေးခွန်းအဖြစ် ရှုမြင်မိသည်။ ၂၀၁၆ ခုနှစ်အတွင်း ကိုယ်ကျင့်တရားကို အထိပါးခံပြီး လုပ်ဆောင်ခဲ့သည်များနှင့် ကိုယ်ကျင့်တရား ထိပါးမခံဘဲ လုပ်ဆောင်ခဲ့သည်များ မည်သည့်ဘက်က အလေးသာနေသည်ကို နှစ်သစ်ကူးကာလတွင် ပြန်လည်သုံးသပ်ကာ မိမိဘဝအတွက် ပြုပြင်ပြောင်းလဲရေး ဘာလုပ်သင့်သည်ကို စဉ်းစားတွေးတောရန် အချိန်အခါသင့် ရောက်နေပြီဟု ဆိုချင်သည်။

ဘဝ၏အောင်မြင်မှုကို ဘဝတစ်သက်တာလုံး ထိန်းထားနိုင်သူမှာ ကိုယ်ကျင့်တရားကောင်းသူသာဖြစ်ပြီး မည်သည့်ဘာသာတရားကို လက်ခံယုံကြည်သည်ဖြစ်စေ ကိုယ်ကျင့်တရား၏ အခြေခံမှုများဖြစ်သော စာနာစိတ်ရှိခြင်း၊ ကိုယ်ချင်းစာနာတတ်ခြင်း၊ ကရုဏာစိတ်ရှိခြင်းတို့နှင့် ပြည့်စုံရန် အမြဲထာဝရ ဖြည့်ဆည်းနေကြရမည်သာတည်း။

ကိုယ်ကျင့်တရားကောင်းသူဖြစ်ပြီဆိုလျှင် ပြည်သူကိုဗဟိုပြု (ဦးထိပ်ပန်)သည့် သူတော်စင် စိတ်ဓာတ် ခိုင်ကျည်လာမည်သာ။ ကိုယ်ကျင့်တရားကောင်းသူသည် လူထုတစ်ရပ်လုံး၏ အကျိုးစီးပွားကိုဖြစ်ထွန်းစေမည့် ပညာတိုးတက်ရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်ရန် အမြဲပင် စိတ်အားထက်သန်နေတတ်သည်။ လူမှုအသိုက်အဝန်းအတွင်း စုစည်းညီညာစွာ လက်တွဲဆောင်ရွက်တတ်သူ တိုးပွားလာရန်မှာလည်း ကိုယ်ကျင့်တရားကောင်းသူ တိုးပွားလာမှုအပေါ် မူတည်နေသည်ဟု ကျွန်ုပ် တွေးတောမိ၏။

၂၀၁၆ ခုနှစ်အတွင်း ကမ္ဘာကြီးတွင် လွှမ်းမိုးနေသော ဇာတ်ကောင်နှစ်ကောင်မှာ 'ပဋိပက္ခ' နှင့် 'ယှဉ်ပြိုင်မှု' တို့ဖြစ်ကြ၏။ နိုင်ငံတကာ ပဋိပက္ခများ တစ်ခုပြီးတစ်ခု ပေါ်ထွက်နေပုံကို ဆည်ဝမှာ ဖျိုင်းစောင့်သလို စောင့်ကြည့်လေလေ တွေ့မြင်ရလေလေဖြစ်၏။ ယှဉ်ပြိုင်မှုဟူသည်မှာလည်း နေရာတကာတွင်ဖြစ်နေရာ ရန်သတ္တရုအသွင်ဆောင်သော ယှဉ်ပြိုင်မှုမှသည် ပဋိပက္ခအဖြစ်သို့ တရွေ့ရွေ့ကူးပြောင်း ရောက်ရှိတတ်သည်ကို ကျွန်ုပ် သတိပြုမိလေ၏။

ပဋိပက္ခနှင့် ယှဉ်ပြိုင်မှုတို့ ချုပ်ငြိမ်းရာသည်ကား ငြိမ်းချမ်းခြင်းတရားဖြစ်သည်။ ငြိမ်းချမ်းခြင်းသည် မိမိ၏ဘဝ ကြီးပွားတိုးတက်ဖို့အတွက်ရော မိမိ၏နိုင်ငံ ဖွံ့ဖြိုးစည်ပင်ဖို့အတွက်ပါ အခြေခံအကျဆုံးဖြစ်ပေလိမ့်မည်။ ငြိမ်းချမ်းရေးကို တည်ဆောက်ယူခြင်းမှသာလျှင် ရရှိခံစားနိုင်ပေမည်။ ငြိမ်းချမ်းရေးကို ကိုယ်ကျင့်သီလတည်းဟူသော အုတ်မြစ်ပေါ်တွင် တည်ဆောက်ကြရပေလိမ့်မည်။ ကိုယ်ကျင့်သီလသည် ငြိမ်းချမ်းရေးနှင့် စည်ပင်တိုးတက်ရေးတို့အတွက် အခြေခံအကျဆုံးဖြစ်ပြီး မိမိ၏ ကိုယ်ကျင့်တရားကို ထိပါးမခံဘဲ စွန့်လွှတ်အနစ်နာခံမှုများဖြင့် ဆောင်ရွက်ရမည်ဟု ယူဆရသည်။

ဘုရားလောင်းဖြစ်ခဲ့သော ဘူရိဒတ်နဂါးမင်းကြီးသည် ဥပုသ်သီလဆောက်တည်ထားချိန်တွင် အသက်နှင့်လဲကာ သီလစောင့်ခဲ့ပုံမှာ အံ့မခန်းလောက်ပါသည်။ အလမ္ပာယ်ဆရာကို ဒေါသဖြင့် ရန်ပြုခြင်းမရှိဘဲ မိမိအသက်ကိုစွန့်၍ ကိုယ်ကျင့်တရားအား တန်ဖိုးထားသည့်ဖြစ်စဉ်တော်ကို အာရုံပြုမိရင်း "ဘူရိဒတ်နဂါး ကိုယ်ကျင့်တရား ထိပါးမခံ" ဟူ၍ ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

# သပြေကန်ရွာတွင် မြေပဲခွဲစက်တည်ထောင်သူများအဆင်ပြေလျက်ရှိ

**တံတားဦး ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် သပြေကန်ရွာမှာ အိမ်ခြေလေးရာကျော်ရှိသော ရွာဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး မန္တလေးမြို့နှင့် တိုက်ရိုက်ဆက်သွယ်ကာ ဒေသထွက်ကောက်ပဲသီးနှံများကို ရောင်းချလေ့ရှိသည်။ အထူးသဖြင့် မြေပဲဆီသန့်များကို ကြိတ်ကာ ရောင်းချသည်များလည်းရှိသည်။ တောင်သူများ စိုက်ပျိုးရာတွင် ရာသီအလိုက် မြေပဲ၊ နှမ်းနှင့် အခြားသီးနှံများကို စိုက်ပျိုးလေ့ရှိသည်။

ကျေးရွာအတွင်း မြေပဲခွဲစက်များတည်ထောင်ကာ တစ်နှစ်ပတ်လုံး မြေပဲခွဲပေးလေ့ရှိသည်။ မြေပဲခွဲစက် တစ်လုံးလျှင်ငွေကျပ်ရှစ်သိန်းငါးသောင်း၊ အင်ဂျင်စက်တစ်လုံးလျှင် ငွေကျပ်လေးသိန်းပေးရပြီး စုစုပေါင်းငွေကျပ် ၁၂ သိန်းငါးသောင်းကုန်ကျသည်။ မြေပဲခွဲရာတွင် မြေပဲအတောင့်တစ်တင်းလျှင် ငွေကျပ်တစ်ရာဖြင့် ကြိတ်ခွဲပေးသည်။ မြေပဲအတောင့်တစ်တင်းလျှင် မြေပဲအဆန်ခြောက်ပြည်ရရှိသည်။ မြေပဲခွဲစက်တစ်လုံးလျှင် တစ်နေကုန်ကြိတ်ခွဲပါက မြေပဲတင်း ၄၅၀ အထိ ကြိတ်ခွဲနိုင်ကြောင်း သိရသည်။

မြေပဲခွဲစက်များမှမြေပဲခွဲရာတွင် မြေပဲအဆံအကောင်းသီးသန့်၊ အခြမ်းသီးသန့်နှင့် အတောင့်များပါလာပါက သီးခြားဆန်ခါမှ ဖယ်ထုတ်ပေးလေ့ရှိသည်။ အတောင့်များပါလာပါက ပြန်လည်ကြိတ်ခွဲပေးကြသည်။ မြေပဲခွဲစက်များမှာ မြေပဲခွံများကို စနစ်တကျထားသိုကာ ထော်လာဂျီတစ်စီးလျှင် ငွေကျပ်တစ်သောင်းငါးထောင်ဖြင့် ရောင်းချကြသည်။ တစ်ခါတစ်ရံ ယာကွက်အတွင်း မြေဩဇာဖြစ်စေရန် မြေပဲခွံများကို ချပေးကြသည်။ မြေပဲခွဲစက်များကို မြို့သာမှ အဓိကဝယ်ယူကြသည်။ လက်ရှိကာလတွင် သပြေကန်ရွာမှာ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းကာ မြေပဲခွဲစက်များ အလုပ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**စိုးရွှေ**



# မီးဘေးကြိုတင်ကာကွယ်ရေးပညာပေးဟောပြောခြင်းနှင့် သရုပ်ပြဇာတ်တိုက်လေ့ကျင့်



**ကျောက်ဆည် ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့အမှတ် (၁၄) ခြေမြန်တပ်ရင်းတပ်နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီက အဆိုပါတပ်ရင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားကိုအမှတ် (၁၄) ခြေမြန်တပ်ရင်းတပ်နယ်မှ ဗိုလ်ကြီးမျိုးကိုကိုဇော်နှင့် ဗိုလ်ကြီးမိုးကျော်သူတို့က အမှာစကားများပြောကြားပြီး ကျောက်ဆည်ခရိုင်မီးသတ်ဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးဇင်ထွန်းက မီးဘေးလုံခြုံရေးပညာပေးဟောပြောခြင်းနှင့် မီးသတ်ကိရိယာအသုံးပြုနည်းများ၊ လျှပ်စစ်မီးဖိုမှ ဝါယာရှော့ဖြစ်ခြင်း၊ ထင်း+မီးသွေးမီးဖိုမှ မီးလောင်ကျွမ်းမှုဖြစ်ပေါ်လာပါက မီးငြိမ်းသတ်ရန်အသုံးပြုနည်းများ ပြောကြားခဲ့သည်။

ပွင့်လင်းရာသီအချိန်ရောက်ပြီဖြစ်၍ ကျောက်ဆည်ခရိုင်မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အမှတ် (၁၄) ခြေမြန်တပ်ရင်းတပ်နယ်မှ ရဲဘော်များနှင့် ရဲမေများအား မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများ သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်းသိရသည်။

**ခင်မောင်လွင်**

# ချင်တောင်ကျေးရွာတွင် ဒေသခံတောင်သူများအား စိုက်ပျိုးရေးအသိပညာပေး

**ဆိပ်ဖြူ ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအား စိုက်ပျိုးရေးအသိပညာပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက ချင်တောင်ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူတောင်သူများ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများအနေဖြင့် အထွက်နှုန်းမြင့်အရည်အသွေးမြင့်မားသော မျိုးကောင်းမျိုးသန့် မျိုးစေ့များ ကျယ်ကျယ်ပြန့်ပြန့်တိုးချဲ့စိုက်ပျိုးလာစေရန်၊ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများကို လိုက်နာကျင့်သုံးပြီး စိုက်ပျိုးရေးနည်းပညာ ဗဟုသုတများတိုးပွားရရှိစေပြီး လူနေမှုဘဝမြင့်မားကာ မိသားစုဝင်ငွေတိုးတက်လာစေရန်ရည်ရွယ်၍ စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဒေါ်ဌေးဌေးအေးက သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးနှင့် ပြောင်းလဲလာသောရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးနစ်များအကြောင်း ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဦးကျော်စိုးလင်းက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ရေး၊ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများကို လိုက်နာကျင့်သုံးဆောင်ရွက်လာစေရေးကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ခင်အေးကြူက မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းစနစ်များ၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများသုံးစွဲနည်းစနစ်များကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးထွန်းအောင်က မတ်ပဲစိုက်ပျိုးထုတ်လုပ်မှုနည်းပညာများနှင့် သဘာဝမှိုသတ်ဆေး၊ ပိုးသတ်ဆေးများကို အသုံးပြုနည်းစနစ်များအား ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသည့် တောင်သူများက စိုက်ပျိုးရေးနည်းပညာများ၊ သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားဆွေးနွေးခဲ့သည်။ ဆက်လက်၍ မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများက စိုက်ပျိုးရေးသုံးဆေးများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# ကျောက်မဲမြို့တွင် သာသနာနွယ်ဝင် စိစစ်ရေးကတ်ပြားများ ဆက်ကပ်လှူဒါန်းပွဲကျင်းပ

**ရွှေဘို ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့ အမှတ်(၂)ရပ်ကွက် ရန်ကင်းရပ် ရေဦးဘုန်းတော်ကြီးကျောင်းတိုက်တွင် ရဟန်း၊ သာမဏေ၊ သီလရှင်များအား ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် သာသနာဝင် စိစစ်ရေးကတ်ပြားများဆက်ကပ်ပေးအပ်ခဲ့ကြောင်း သိရသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျောက်မဲမြို့နယ်ဦးစီးရုံး၊ ဦးစီးအရာရှိ ဦးသန်းဌေးနှင့် ဝန်ထမ်းများက အမှတ်(၂)ရပ်ကွက် ရန်ကင်းရပ်ရှိရေဦးဘုန်းတော်ကြီးကျောင်းမှ ရဟန်းသုံးပါး၊ သာမဏေ ၃၅ ပါး၊ သီလရှင်နှစ်ပါး တို့အား သာသနာဝင်နွယ် စိစစ်ရေးကတ်ပြားများအား နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါဆောင်ရွက်ပြီးစီးသည့် သာသနာနွယ်ဝင် စိစစ်ရေးကတ်ပြားများကို ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထွန်းဘော်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်နှင့် ဦးစီးအရာရှိ ဦးသန်းဌေးတို့က ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်ကပ်ခဲ့သည့်စိစစ်ရေးကတ်ပြားမှာ စုစုပေါင်း ကတ်ပြား ၄၀ ရှိပြီး သံဃာတော်တစ်ပါးချင်းစီသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင်(ပြန်/ဆက်)**

# မိုင်းယောင်း၌ လူ့ငယ်မူဝါဒရေးရာအလုပ်ရုံ ဆွေးနွေးပွဲကျင်းပမည်

**မိုင်းယောင်း ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်၌ လူငယ်မူဝါဒရေးရာအလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီတွင် မိုင်းယောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်မူဝါဒအကြောင်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လူငယ်မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ၊ သဘာဝပတ်ဝန်းကျင်၊ မူးယစ်ဆေးဝါး၊ ငြိမ်းချမ်းရေး၊ ပညာရေးနှင့် ကျန်းမာရေး) စသည့်အကြောင်းအရာများကို ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ယာဉ်အန္တရာယ်ကင်းရှင်းရေးလှည့်လည်ပညာပေး

**ကော့သောင်း ဒီဇင်ဘာ ၃၁**

ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆောင်ရွက်မှုအနေဖြင့် ကော့သောင်းခရိုင် မြို့နယ်ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ ဆိုင်ကယ်စီးဦးထုပ်များ ဆောင်း၍ ဆိုင်ကယ်များ စီတန်းလှည့်လည် စီးနင်းကာ မြို့ပေါ်ရပ်ကွက်များအနှံ့ ဒီဇင်ဘာတတိယပတ်က ပညာပေးသရုပ်ပြမောင်းနှင်ခဲ့ကြောင်း သိရသည်။

သရုပ်ပြမောင်းနှင်ရာတွင် မြန်မာနိုင်ငံတောင်ဘက်စွန်း ထိုင်း-မြန်မာ နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့တွင် မြို့နေပြည်သူ ၉၀ ရာခိုင်နှုန်းကျော်သည် မော်တော်ဆိုင်ကယ်အား အသုံးပြုသွားလာကြသဖြင့် မော်တော်ဆိုင်ကယ် မတော်တဆမှုဖြင့် မြို့နေပြည်သူများ ထိခိုက်နာကျင်သေဆုံးမှုများ နှစ်စဉ်တိုးပွားလျက်ရှိရာ ကော့သောင်းခရိုင် ရဲတပ်ဖွဲ့မှူးလမ်းညွှန်မှု၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ကြီးကြပ်ကာ ယာဉ်ထိန်းရဲတပ်ဖွဲ့စုနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ NGO အဖွဲ့များ၊ တက္ကစီအသင်းများ စုစုပေါင်းဆိုင်ကယ်အစီးရေ ၅၀ကျော်ဖြင့် ကော့သောင်းမြို့ပေါ်ရှိ ရပ်ကွက်အသီးသီးသို့ လှည့်လည်ကာ ပြည်သူများအား ယာဉ်မတော်တဆမှု မဖြစ်စေရေး၊ ဆိုင်ကယ်စီးနင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ သွားလာမောင်းနှင်ကြစေရေး၊ ဆိုင်ကယ်စီးသူများ ဆိုင်ကယ်စီးဦးထုပ်ဆောင်းကြရန် လူထုလှုပ်ရှားမှုအသွင်ဖြင့် သရုပ်ပြလှုံ့ဆော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ကျေးလက်လူငယ် ကွန်ပျူတာနည်းပညာပြန့်ပွားရေးသင်တန်းဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ကျေးလက်လူငယ် ကွန်ပျူတာနည်းပညာပြန့်ပွားရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၃ နာရီက ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စု မြောက်ကျောင်းစုကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးတင့်က အမှာစကားပြောကြားပြီး သင်တန်းနည်းပြ ဦးဇင်မင်းဖြိုးက သင်တန်းသားများအား စာတွေ့လက်တွေ့ သင်ကြားပေးမည့် အစီအစဉ်များအား မိတ်ဆက်ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းက ကျေးဇူးတင်စကားပြောကြားပြီး ဒက္ခိဏခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို သင်တန်းသား ၂၀ ဖြင့် သင်တန်းကာလ တစ်လကြာ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။



**ဟိန်းအောင်(နေပြည်တော်)**

# (၁၃) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ

အောင်အောင်(MBA)

ယနေ့ကာလမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ မြန်မာနိုင်ငံအကြား ပြည်သူလူထုချင်း၊ မီဒီယာချင်း ပိုမိုထိတွေ့ဆက်ဆံလာနေကြတာကိုတွေ့ရပါတယ်။ ပထဝီသဘောအရလည်း တရုတ်နဲ့ မြန်မာဟာ မိုင်ထောင်ကျော်(ကီလိုမီတာ ၂၀၀၀ကျော်) ရှိတဲ့ နယ်နိမိတ်ချင်းဆက်စပ်နေတဲ့ အိမ်နီးချင်းနိုင်ငံနှစ်ခုဖြစ်နေတဲ့အပြင် တရုတ်နိုင်ငံရဲ့ မြန်မာပြည်နဲ့ပတ်သက်တဲ့ ရပ်တည်ချက်တွေ၊ မူဝါဒတွေဟာ မြန်မာနိုင်ငံအတွက် များစွာအရေးပါနေလို့ပဲဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာနဲ့အညီ ဒေသတွင်းနိုင်ငံများနဲ့အတူတကွ ဖွံ့ဖြိုးရေးမူကို အကောင်အထည်ဖော်ဆောင်နေပြီဖြစ်ပါတယ်။ ဒီနေရာမှာ တင်ပြချင်တာကတော့ ပြီးခဲ့တဲ့လပိုင်းက တရုတ်နိုင်ငံ နန်နင်းမြို့မှာကျင်းပခဲ့တဲ့ (၁၃) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ ဖြစ်ပါတယ်။ အဲဒီထဲမှာ စိတ်ဝင်စားစရာ အကောင်းဆုံးကတော့ နှစ်စဉ်ကျင်းပတဲ့ နန်နင်းကုန်စည်ပြပွဲပါပဲ။

**13th Nanning CAEXPO ပြပွဲ**

နန်နင်း ကုန်စည်ပြပွဲကို နှစ်စဉ်ကျင်းပခဲ့တာ အခုဆိုရင်တော့ (၁၃) ကြိမ်အထိကို ရှိခဲ့ပါပြီ။ တရုတ်နိုင်ငံက ကျင်းပတဲ့ နိုင်ငံတကာ ကုန်စည်ပြပွဲတွေထဲမှာ နန်နင်းကုန်စည်ပြပွဲဟာ အင်မတန် ထင်ရှားပါတယ်။ အခု ပြပွဲကို ပြည်တွင်းမီဒီယာတွေဖြစ်တဲ့ Myanmar Times, ပြည်မြန်မာနဲ့ China Today မဂ္ဂဇင်းတိုက်က သတင်းအဖွဲ့တွေနဲ့အတူ တက်ရောက်ဖြစ်ခဲ့တာဖြစ်ပါတယ်။ ပြပွဲကိုတော့ စက်တင်ဘာ ၁၁ ရက်ကနေပြီး ၁၄ ရက်အထိ ကွမ်ရှီးပြည်နယ် နန်နင်းမြို့မှာ ကျင်းပခဲ့တာဖြစ်ပါတယ်။

**CAEXPO ဆိုတာ**

တရုတ်-အာဆီယံ အပြန်အလှန်စီးပွားရေးနဲ့ နယ်ပယ်စုံဆက်ဆံရေးကို လွန်ခဲ့တဲ့ ၂၅ နှစ်က စတင်ခဲ့ပြီး အဲဒီအချိန်ကတည်းက နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမှုများစွာရှိခဲ့ပါတယ်။ CAEXPO သည်လည်း တရုတ်-အာဆီယံ အပြန်အလှန်ဆက်ဆံရေး တိုးတက်လာမှုများရဲ့ ပြယုဂ်တစ်ခုပဲဖြစ်ပါတယ်။ CAEXPO ပြပွဲတွေရဲ့ အကျိုးဆက်ကြောင့် ၁၉၉၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၉၆ ဘီလီယံသာရှိခဲ့တဲ့ တရုတ်နိုင်ငံနဲ့ အာဆီယံအဖွဲ့တို့ကြား အပြန်အလှန် ကုန်သွယ်မှုတန်ဖိုးဟာ ၂၀၁၅ ခုနှစ်မှာတော့ ၄၇၆ ဒသမ ၁၆ ဘီလီယံအထိ မြင့်တက်လာခဲ့ကာ နှစ်စဉ်ဖွံ့ဖြိုးတိုးတက်မှုပမာဏမှာလည်း ၁၈ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့တို့ကြားမှ အပြန်အလှန် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံကျော် လွန်သွားခဲ့ရပါတယ်။ အာဆီယံအဖွဲ့ဟာ တရုတ်နိုင်ငံက စီးပွားရေးလုပ်ငန်းများစွာအတွက် ပင်မရင်းနှီးမြှုပ်နှံရာ နေရာတစ်ခုဖြစ်လာကာ အခြေခံအဆောက်အအုံတည်ဆောက်ခြင်းနဲ့ ပတ်သက်ပြီး ကြီးမားတဲ့စီမံကိန်းမြောက်မြားစွာကို အတူတကွ အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံမှာတော့ ကျောက်ဖြူအထူးစီးပွားရေးဇုန်နဲ့ ကျောက်ဖြူ-ကူမင်းရထားလမ်း စီမံကိန်းများပါပဲ။ စီမံကိန်းတွေထဲမှာ လျှပ်စစ်ဓာတ်အား၊ လမ်းတံတား၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းမျိုးစုံပါဝင်နေပြီး ကူမင်း-ဘန်ကောက် မီးရထားလမ်းနဲ့ တရုတ်-လာအိုအမြန်ရထားလမ်း စသည်ဖြင့် အကောင်အထည်ဖော်ပြီး စီမံကိန်းကြီးများစွာ ပါဝင်နေပါတယ်။ တရုတ် CAEXPO မှာ ၁၃ နှစ်တာကာလအတွင်း နိုင်ငံတကာ စီးပွားရေးလုပ်ငန်းစုပေါင်း ၆၅၀၀၀ ကျော်အထိ ပါဝင်ခဲ့ကြပြီး ကုန်ပစ္စည်းဝယ်ယူမှုစီမံချက် Buying Mission ပေါင်း ၈၅ ခု အထိ ရှိခဲ့ပါတယ်။ နိုင်ငံတကာအဆင့် ပရောဂျက်ပေါင်း ၆၂ ခုနဲ့ တရုတ်ပြည်တွင်းပရောဂျက်ကြီးပေါင်း ၁၀၇ ခုအထိ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နိုင်ငံတကာကုန်စည်ပြပွဲတွေဟာ နှစ်ဖက်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့ အရေးပါလှပါတယ်။

၂၀၀၄ ခုနှစ်မှာ စတင်ကျင်းပခဲ့တဲ့ နန်နင်းတရုတ်အာရှကုန်စည်ပြပွဲဟာ နန်နင်းဒေသကို စီးပွားရေးအခွင့်အလမ်းသစ်ပေါင်းများစွာ ဖန်တီးပေးနိုင်ခဲ့ပြီး နန်နင်း CAEXPO ပြပွဲကျင်းပခဲ့တဲ့ ၁၂ နှစ်တာ ကာလအတွင်းမှာ တရုတ်စွန့်ဦးတီထွင်လုပ်ငန်းပေါင်း ၇၀၀ ကျော်နဲ့ နိုင်ငံပိုင် State Own Business ပေါင်း ၄၀ ကျော်တို့ အာဆီယံနဲ့ နိုင်ငံတကာကိုခြေဆန့်နိုင်ခဲ့ကြပါပြီ။ CAEXPO ကို နိုင်ငံတကာ ထိပ်သီးခေါင်းဆောင်ပေါင်း ၁၄၃ ဦး၊ ဝန်ကြီးအဆင့် ၂၅၀၀ ဦးအထိ တက်ရောက်ခဲ့ကြပြီးအခု (၁၃) ကြိမ်မြောက်မှာတော့ မြန်မာနိုင်ငံက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်ခဲ့ပါတယ်။ (၁၃) ကြိမ်မြောက် CAEXPO မှာတော့ တရုတ်-အာဆီယံ စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှုညီလာခံ China -Asean Business and Investment CABIS တို့ကိုပါ ထည့်သွင်းကျင်းပခဲ့ပြီး ဆက်စပ်တဲ့စီးပွားရေး ဖိုရမ်ပေါင်း များစွာကိုလည်း ကျင်းပခဲ့တာတွေ့ရပါတယ်။

ဒီနှစ်မှာ ကျင်းပတဲ့ပွဲကတော့ တရုတ်-အာဆီယံ စီးပွားရေး အပြန်အလှန် ပူးပေါင်းဆက်ဆံတဲ့ ၂၅ နှစ်သက်တမ်းရှိတဲ့ နှစ်လည်းဖြစ်သလို အာဆီယံထဲက ဂုဏ်ထူးဆောင်နိုင်ငံအဖြစ်ကတော့ ဗီယက်နမ်နိုင်ငံကို ရွေးချယ်ထားပြီး သီရိလင်္ကာနိုင်ငံကတော့အထူးဧည့်နိုင်ငံအဖြစ်ပါဝင်ခဲ့တယ်။

**ကုန်စည်ပြပွဲက လုပ်အားပေး ကျောင်းသူ၊ ကျောင်းသားတွေ**

တရုတ်နိုင်ငံတွင် ကုန်စည်ပြပွဲတွေဟာ ပြည်နယ်အလိုက်မှာ လစဉ်ရှိပါတယ်။ ဒေသအလိုက် သက်ဆိုင်ရာပေါ်လစီတွေနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်ကြတဲ့အဖွဲ့မျိုးဖြစ်ပြီး မြန်မာနိုင်ငံနဲ့ ရင်းနှီးတဲ့ကုန်စည်ပြပွဲတွေကတော့ မူဆယ်၊ ကြယ်ခေါင်နယ်စပ်ကုန်စည်ပြပွဲ၊ ယူနန်ကူမင်း Expo, ကွမ်ကျိုးကုန်စည်ပြပွဲနဲ့ နန်နင်းတို့ပါပဲ။ ပြပွဲတွေတိုင်းမှာ Volunteer လုပ်အားပေး ကျောင်းသားကျောင်းသူ ထောင်နဲ့ချီပြီးပါဝင်ကြတယ်။ တရုတ်ကျောင်းသား၊ ကျောင်းသူတွေအတွက် ဒီလို နိုင်ငံတကာပွဲတွေကနေပြီး အတွေ့အကြုံတွေ အများကြီးရနေကြပါတယ်။ စီမံခန့်ခွဲမှု၊ မိတ်ဆွေဖွဲ့ခြင်းနဲ့ ဘာသာစကားစတဲ့အဖိုးမဖြတ်နိုင်တဲ့အတွေ့အကြုံတွေကို အချိန်တိုအတွင်း ရသွားစေပါတယ်။ တကယ့်ကိုအတုယူသင့်တဲ့ ဓလေ့စရိုက်ကောင်းတစ်ခုပါပဲ။

**ယခုနှစ်ပြပွဲနှင့် ပြခန်းများ**

ဒီနှစ်ပြပွဲမှာတော့ အာဆီယံနိုင်ငံတွေဖြစ်တဲ့ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ထိုင်း၊ မြန်မာနဲ့ ဗီယက်နမ်တို့က လူသုံးကုန်ပစ္စည်းထုတ်ကုန်များကို နိုင်ငံအလိုက် သီးသန့်ပြပွဲခန်းမများမှာ ပြသကြမှာ ဖြစ်ပါတယ်။ အခြားသော ကိုရီးယား၊ ဂျပန်၊ ပါကစ္စတန်၊ အိန္ဒိယ၊ UAE၊ ဘရူနိုင်း စတဲ့နိုင်ငံတွေကလည်း ပါဝင်ပြသရောင်းချကြပြီး ဩစတြေးလျ၊ အီဂျစ်၊ ဘရာဇီး၊ ဂါနာ၊ ကနေဒါနဲ့ ပြင်သစ်နိုင်ငံတွေကတော့ စက်မှုဇုန်တွေအကြောင်း နောက်ဆုံးပေါ် ရင်းနှီးမြှုပ်နှံမှုပေါ်လစီတွေအကြောင်း၊ ပရောဂျက်နဲ့ Service Factor တွေအကြောင်း ပါဝင်ပြသကြတာတွေ့ရပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအတွက်ကတော့ ပါဝင်ပြသလိုတဲ့ လုပ်ငန်းရှင်တွေကို ကုန်သည်စက်မှုအသင်းချုပ်တို့က ဖိတ်ခေါ်ခဲ့တာဖြစ်ကြောင်းနဲ့ အခုနှစ်မှာတော့ ပြခန်း ၁၅၀ အထိ တိုးချဲ့ပြသနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံကတော့ ၂၀၁၂ ခုနှစ် CAEXPO မှာ ဂုဏ်ထူးဆောင်နိုင်ငံအဖြစ်နဲ့ ပါဝင်ပြသခဲ့ပါတယ်။

ပြခန်းတွေဟာဆိုရင်လည်း ယမန်နှစ်ကထက် ပိုမိုကျယ်ဝန်းပြီး ဒီနှစ်မှာ အသစ်မြင်တွေ့ခဲ့ရတာကတော့ China-Asean Agricultural Cooperation, Asean Investment and Trade Sector တွေကို ပိုမိုတိုးမြှင့်ပြသနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ပြပွဲကြီးတစ်လျှောက်လုံးမှာ လုပ်ငန်း Enterprise ပေါင်း ၂၆၆၉ ခုပါဝင်ပြခဲ့ပြီး အဲဒီအထဲက ၁၀၂၀ ဟာ နိုင်ငံတကာ Enterprise ဖြစ်ပါတယ်။ ကျန်တာတွေကတော့ Alibaba အပါအဝင် တရုတ်ပြည်တွင်း ကုမ္ပဏီတွေပဲဖြစ်ပါတယ်။ ပြပွဲမှာပါဝင်တဲ့ မြန်မာပြခန်းများကိုတော့ ဝန်ကြီးနဲ့ UMFCCI ဥက္ကဋ္ဌတို့က ဖွင့်လှစ်ပေးခဲ့ပါတယ်။ Asean Pavillion မှာတော့ မြန်မာနိုင်ငံက မော်လမြိုင်မြို့ကို ကိုယ်စားပြုပြသထားပြီး မွန်ရိုးရာဝတ်စုံအမှတ်တရဓာတ်ပုံရိုက်ရတဲ့ Photo Booth လေး ပြသထားကာ မြန်မာမှုတွေနဲ့ တန်ဆာဆင်ထားတဲ့ ကပွဲစင်မြင့်မှာတော့ မြန်မာအနုပညာရှင်များရဲ့ ရိုးရာအကအလှတွေနဲ့ တင်ဆက်နေတာတွေ့ခဲ့ရပါတယ်။ ပြပွဲမှာတော့ပြခန်းပေါင်း ၂၀၀ ရှိတဲ့ ပြခန်းမကြီးတွေကို မြန်မာ၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံတွေအတွက်ပေးထားပြီး အချို့နိုင်ငံတွေကတော့ နှစ်နိုင်ငံပေါင်းပြီး တစ်ခန်းပြကြတာတွေ့ရပါတယ်။ တရုတ်နိုင်ငံ စက်မှုထုတ်ကုန်ပြခန်းတွေကို သီးခြားပြသထားပြီး ခန်းမပြင်ပဧရိယာမှာတော့ အကြီးစားစက်မှုလုပ်ငန်းတွေပြသထားပါတယ်။

**Forum တွေလည်းကျင်းပ**

13th CAEXPO မှာ Business & Investment Promotion Event တွေများစွာ ပါဝင်ကျင်းပခဲ့ကာ Business & Investment Promotion Events ပေါင်း ၇၂ ခုပါဝင်ပါတယ်။ တရုတ်နိုင်ငံ Ministry of Commerce က ကြီးမှူးပြီး China Electronic Commerce Association ကဦးဆောင်ကျင်းပတဲ့ China-Asean Cross Border E-Commerce Cooperation ကလည်း စိတ်ဝင်စားစရာကောင်းပြီးတရုတ်နဲ့မြန်မာအပါအဝင် အာဆီယံနိုင်ငံတွေအကြား Government to Government (G2G) နဲ့ Business to Business (B2B) စနစ်ကို ပိုမိုတွန်းအားဖြစ်စေကာ လက်တွေ့နယ်စပ် ကုန်သွယ်ရေးလုပ်ငန်းတွေမှာ ရင်ဆိုင်နေကြရတဲ့ ပြဿနာတွေကို ပူးပေါင်းဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ စာရေးသူတို့အဖွဲ့ကတော့ ၂၁ ရာစု ရေကြောင်းပိုးလမ်းမဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု Forum တစ်ခုကိုပဲ တက်ရောက်ဖြစ်ခဲ့ပါတယ်။ အခြားစိတ်ဝင်စားစရာကောင်းတဲ့ ဆွေးနွေးပွဲတွေကတော့ Cross Border E-Commerce, Foreign Trade နဲ့ China Electronic Commerce Association CESA တို့က ဦးဆောင်ဆွေးနွေးတဲ့ ဆွေးနွေးပွဲများဖြစ်ပါတယ်။ လက်ရှိမှာ တရုတ်နိုင်ငံဟာ နိုင်ငံတကာနဲ့ပူးပေါင်းပြီး International Economic and Industrial Capacity Cooperation တွေကို ဆောင်ရွက်နေပြီး အခြေခံအဆောက်အအုံတည်ဆောက်ခြင်းဆိုင်ရာ Infrastructure Construction လုပ်ငန်းတွေကို အောင်မြင်စွာ ဆောင်ရွက်နေနိုင်တာတွေ့ ရပါတယ်။

**CAEXPO ကရခဲ့တဲ့သင်ခန်းစာများ**

မြန်မာပြခန်းနဲ့ နိုင်ငံတကာပြခန်းတွေမှာ စာရေးသူတို့သုံးရက်တာ လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြရင်း မြန်မာကုန်သည်များ အပါအဝင် လူပေါင်းများစွာနဲ့ ဆွေးနွေးမေးမြန်းမှုများ ပြုလုပ်ခဲ့ပါတယ်။ ပထမဆုံးတွေ့ခဲ့ရတဲ့ အချက်ကတော့ မြန်မာနိုင်ငံမှာလည်း International EXPO ပြပွဲကြီးမျိုးပြသနိုင်မယ့် Exhibition Area တွေ အမြန်ဆုံးလိုအပ်နေပါပြီဆိုတာပါပဲ။ လက်ရှိအသုံးပြုနေတဲ့ တပ်မတော်ပြခန်း၊ Myanmar Event Park နဲ့ MCC ခန်းမတွေဟာ လက်တွေ့မှာ ပြည်တွင်းဈေးရောင်းပွဲတော်အဆင့်ပဲ လုပ်လို့ရတာတွေ့ရပါတယ်။ CAEXPO ပြပွဲရဲ့ သတင်းစာရှင်းလင်းပွဲနဲ့ သတင်းအချက်အလက်စင်တာတစ်ခုကပဲ တပ်မတော်ပြခန်းအရွယ်ရှိနေပါပြီ။ အစည်းအဝေး၊ Event Area နဲ့ ပြပွဲခန်းမဆောင်၊ ဖွင့်ပွဲစသည်ဖြင့် တစ်ပြိုင်တည်းခင်းကျင်းနိုင်ဖို့ လုံလောက်တဲ့ အခြေခံအဆောက်အအုံမျိုး မြန်မာပြည်အတွက် အထူးလိုအပ်လှပါတယ်။

မြန်မာအများစုက EXPO နဲ့ ဈေးရောင်းပွဲတော် မကွဲပြားဘူးလို့ ထင်ပါတယ်။ EXPO ရဲ့ အဓိကဦးတည်ချက်က ကုန်သွယ်မှုမြှင့်တင်ပေးဖို့ဖြစ်ပြီး မိမိထုတ်ကုန်တွေအတွက် International Buyers တွေ ရှာဖွေရမှာဖြစ်သလို မိမိနိုင်ငံအတွက် အမှန်တကယ်လိုအပ်တဲ့ နည်းပညာနဲ့ စက်ပစ္စည်းတွေကို လေ့လာကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ဈေးကွက်ရှာဖို့ အရေးကြီးသလို ပြည်တွင်းမှာပဲ Value Added ထုတ်နိုင်တဲ့အဆင့်မီ SME လုပ်ငန်းတွေ ဖွံ့ဖြိုးဖို့ အထူးလိုအပ်နေတယ်လို့ မြင်ပါတယ်။ နောက်တစ်ချက်ကတော့ အစိုးရပံ့ပိုးမှုအပိုင်း ပိုမိုလုပ်ဆောင်သွားနိုင်ဖို့ပါ။ နောက်တစ်ခုကတော့ သတင်းအချက်အလက် ဖြန့်ဖြူးရေးအပိုင်းပါ။ ဒေသတွင်း နိုင်ငံတွေက ဒီနေရာမှာ မြန်မာနိုင်ငံထက် အားသာတာကို တွေ့ရပါတယ်။

> EXPO ရဲ့ အဓိကဦးတည်ချက်က ကုန်သွယ်မှုမြှင့်တင်ပေးဖို့ဖြစ်ပြီး မိမိထုတ်ကုန်တွေအတွက် International Buyers တွေရှာဖွေရမှာ . . .

မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်ပြန်ကြားရေး စင်တာမျိုးမှာ တာဝန်ခံ ဆက်သွယ်သတင်းမျှဝေနိုင်မယ့် Myanmar Call Center in EXPO မျိုးလိုအပ်ပါတယ်။ နိုင်ငံတကာက လေ့လာသူတွေက မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး သိလိုသမျှကို ဆိုင်ရာဌာနတွေနဲ့ ချိတ်ဆက်ပြီး ကျေနပ်လောက်တဲ့ သတင်းပြန်ကြားချက်တွေ ပိုမိုပေးသွားနိုင်ဖို့လိုအပ်ပါတယ်။ ပြပွဲမှာတော့ စီးပွားရေးနဲ့ ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုဗဟိုဌာနက စီးပွားရေးနဲ့ ကုန်သွယ်ရေးသတင်းအချက်အလက်တွေ ဖြန့်ဝေပေးဖို့ ကုန်သွယ်မှုမြှင့်တင်ရေးဝန်ဆောင်မှုပေးနိုင်ဖို့ Information Center စီစဉ်ဆောင်ရွက်ထားတာရှိပေမယ့် ပိုပြီးကြိုးစားကြဖို့လိုပါတယ်။

ပြပွဲကိုတော့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံလိုသူတွေ အတော်များများ တက်ရောက်တာတွေ့ရပြီး သိလိုသမျှတွေကို မြန်မာတာဝန်ရှိသူတွေက ရှင်းလင်းဖြေကြားပေးတာ တွေ့ခဲ့ရပါတယ်။ နောက်ထပ် နိုင်ငံတကာက လုပ်ငန်းရှင်တွေရဲ့ သိလိုသမျှတွေကို UMFCCI, DICA က ပညာရှင်တွေပါဝင်တဲ့ စားပွဲဝိုင်းထိုင်ဆွေးနွေးကြတဲ့ Round Table Discussion အစီအစဉ်တွေရော Myanmar Trade Promotion Conference မှာ မြန်မာပြည်တွင်လာရောက်ရင်းနှီးလုပ်ကိုင်ကြဖို့ မေးမြန်းစုံစမ်းမှုများစွာရှိခဲ့တဲ့အတွက် ပြပွဲနေ့တိုင်းကျင်းပပြီး အကြိမ်များများလုပ်ပေးနိုင်ဖို့ လိုအပ်ပါတယ်။ ပြပွဲမှာမြန်မာထုတ်ကုန်တွေကို စိတ်ဝင်စားမှုများသလို လယ်ယာထွက်ကုန်တွေအပေါ်မှာလည်း နိုင်ငံတကာ စိတ်ဝင်စားမှုမြင့်မားပါတယ်။ ပြပွဲလာတဲ့ လုပ်ငန်းရှင်တစ်ဦးကတော့ မြန်မာဈေးကွက်အတွက် အတတ်ပညာနည်းပညာတွေ ကျန်ရစ်စေမယ့် Labor Intensive လုပ်ငန်းတွေဖြစ်တဲ့ SME လုပ်ငန်းတွေကိုအားပေးဖို့ အချိန်တန်ပြီလို့ဆိုပါတယ်။

**ကြိုးစားကြဖို့လိုပါတယ်**

13th CAEXPO ပွဲမှာတော့ စာရေးသူအတွက် အတွေ့အကြုံတွေများစွာရရှိခဲ့ပါတယ်။ ကိုယ့်တိုင်းပြည်အတွက်လည်း အများနည်းတူ ဘက်စုံတိုးတက်စေချင်တဲ့အတွက် စာရေးသူလေ့လာမြင်တွေ့ခဲ့ရသမျှ သတင်းအချက်အလက်တွေဟာ အမိနိုင်ငံတော်တည်ဆောက်ရေးအတွက် သဲတစ်ပွင့်အဖြစ်ရှိနိုင်ပါလို့ ဆန္ဒပြုပါတယ်။ ခေတ်မီနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ကြဖို့ စာရေးသူတို့ နိုင်ငံသားအားလုံး ပူးပေါင်း လက်တွဲကြိုးစားကြပါစို့လို့ တင်ပြရင်းနိဂုံးချုပ်လိုက်ရပါတော့တယ်။

## တောင်ငူခရိုင်အတွင်း လျာထားစိုက်ပျိုးဧက(၇၀၄၄၇) ဧကနွေစပါး ရေပေးဝေရေးဆောင်ရွက်



**ပဲခူး ဒီဇင်ဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ ခုနှစ် နွေစပါးစိုက်ပျိုးရေအား ဆည်၊ ကန်၊ တမံများနှင့် ချောင်းပိတ်မြောင်းပိတ်များမှ စိုက်ပျိုးရေများစတင်ပေးဝေလျက်ရှိပြီဖြစ်ကြောင်း သိရသည်။

တောင်ငူခရိုင် အုတ်တွင်းမြို့နယ်နှင့် ရေတာရှည်မြို့နယ်များအတွင်း နွေစပါးစိုက်ပျိုးရေပေးဝေနေမှု၊ ရေသောက်စနစ်ရေပေးမြောင်းများ ပြုပြင်ဆောင်ရွက်နေမှုများအား ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

၂၀၁၆-၂၀၁၇ ခုနှစ် တောင်ငူခရိုင်အတွင်း နွေစပါးစိုက်ရာတွင် တောင်သူများ၏ဆန္ဒအရ အုတ်တွင်းမြို့နယ် မင်းရဲရေလှောင်တမံ မှ (၃၇၅)ဧက၊ ရေသိုးရေလှောင်တမံမှ ၁၃၁၆ ဧက ၊ ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံမှ ၂၁၀၈၁ ဧက စိုက်ပျိုးရေပေးဝေမည်ဖြစ်သည်။

တောင်ငူခရိုင်အတွင်းတွင် တောင်သူဆန္ဒအရ ဆည်ကန်ရေတံခါးများမှ ၅၉၉၈၆ ဧက၊ ချောင်းပိတ်တမံများမှ ၂၅၃၇ ဧက ၊ အခြားနည်းလမ်းများမှ ၇၉၂၄ ဧက စုစုပေါင်း ၇၀၄၄၇ ဧက လျာထားစိုက်ပျိုးမည် ဖြစ်ကြောင်း သိရသည်။

**သူရအောင်(ပြည်)**

## ဆိုလာလျှပ်စစ်မီးပေးစင်တာ လွှဲပြောင်းပေးအပ်

**ပခုက္ကူ ဒီဇင်ဘာ ၃၁**

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားပေးသည့်စနစ် မရောက်ရှိသည့် ကျေးရွာများတွင် မီးအလင်းရရှိစေရေး၊ အများပြည်သူသုံးဆိုလာလျှပ်စစ်မီးပေးစင်တာ လျှူဒါန်းလွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၂၈ ရက် ညနေ ၅ နာရီခွဲက ပခုက္ကူမြို့ နတ်ကျွန်းကျေးရွာအုပ်စု ကင်မွန်းခါးကျေးရွာမူလတန်းကျောင်းဝန်းအတွင်း၌ ကျင်းပခဲ့သည်။

ရန်ကုန်မြို့နေ အလှူရှင် ဦးလင်းမြိုင်-ဒေါ်သီတာ မိသားစုကိုယ်စား ဦးကျော်သန်းက ဆိုလာလျှပ်စစ်မီးပေးစင်တာနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့ပြီး (Community Light Center) လှူဒါန်းရခြင်းပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆိုလာလျှပ်စစ်မီးပေးစင်တာကို နတ်ကျွန်းကျေးရွာမူလတန်းကျောင်းဝန်းအတွင်းတွင် ထောင့်လေးထောင့်၌ မီးတိုင်လေးတိုင်စိုက်ထူထားခြင်းဖြစ်ပြီး အလိုအလျောက်ဆိုလာဖြင့် အားဖြည့်ပြီး မှောင်မိုက်သည့်အချိန်အလိုအလျောက်မီးလင်းသည့်စနစ်ဖြင့် တပ်ဆင်ထားခြင်းဖြစ်ကြောင်း သိရသည်။ အလားတူ နတ်မောက်မြို့နယ် ပိတောက်ငုတ်ကျေးရွာအပါအဝင် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များရှိကျေးရွာ ၁၀ ရွာတွင် တပ်ဆင်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုလာလျှပ်စစ်မီးပေးစင်တာထူထောင်ပေးခြင်းဖြင့် ကျေးရွာများတွင် ညပိုင်းအလုပ်လုပ်ရန်လိုအပ်ပါက အဆိုပါအလင်းကို အသုံးပြုလုပ်နိုင်ခြင်း၊ ကျောင်းသား၊ ကျောင်းသူများ စာဖတ်နိုင်ခြင်း၊ ကျေးရွာလူထု ညပိုင်းစည်းဝေးတိုင်ပင်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

နတ်ကျွန်းကျေးရွာတွင် အိမ်ခြေ ၃၂၁ အိမ်၊ အိမ်ထောင်စု ၃၄၉ စု၊ လူဦးရေ ၁၄၂၅ ဦးရှိပြီး မူလတန်းကျောင်းသား၊ ကျောင်းသူ ၁၇၀ ဦးနှင့် မူကြိုကျောင်းသား၊ ကျောင်းသူ ၃၂ ဦးရှိကြောင်း သိရသည်။

**ကိုဇော်(ဓာတု)**

## (RG-12) တွင်းတူးစက်ကြီးဖြင့် အနက်ပေ ၈၀၀ ရှိစက်ရေတွင်း စမ်းသပ်တူးဖော်

**မလှိုင် ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းမြစ်) မှ ဌာနပိုင် (RG-12) တွင်းတူးစက်ကြီးဖြင့် မလှိုင်မြို့နယ် ရေနီကျေးရွာအုပ်စု ရေနီ(အနောက်) ရွာတွင် အနက်ပေ ၈၀၀ ရှိ လေးလက်မစက်ရေတွင်းကို စမ်းသပ်တူးဖော်ပေးခဲ့ရာ ယခုအခါ တူးဖော်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါစက်ရေတွင်းကို စမ်းသပ်တူးဖော်ရခြင်းမှာ မလှိုင်နယ်တွင် ယခင်ကအနက်ပေ ၈၀၀ ထိ တူးဖော်ခဲ့ခြင်းမရှိသေး၍ (RG-12) တွင်းတူးစက်ကြီးဖြင့် ပေ ၈၀၀ အထိ တူးဖော်ပြီး မြေအောက်ရေအောင်းလွှာ၏ အခြေအနေကိုသိရှိရန် စမ်းသပ်တူးဖော်ခဲ့ခြင်းဖြစ်သည်။

ယခုအချက်အလက်များပေါ် အခြေခံ၍ နောင်ရေတွင်းများကို တူးဖော်ပေးသွားမည်ဖြစ်ပြီး ရေရှားပါးသည့် ရေနီကျေးရွာကို ရွေးချယ်စမ်းသပ်တူးဖော်ပေးခြင်းဖြင့် ရေကောင်းရရှိလျှင်လည်း ကျေးရွာအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ တူးဖော်ခဲ့ကြောင်း မိတ္ထီလာခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အေးက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းမှ ခြောက်သွေ့ခရိုင်များဖြစ်တဲ့ မိတ္ထီလာခရိုင် ကိုယ်စားပြုတစ်တွင်း၊ မြင်းခြံခရိုင်ကိုယ်စားပြုတစ်တွင်း၊ ညောင်ဦးခရိုင်ကိုယ်စားပြုတစ်တွင်း စုစုပေါင်း ရေတွင်းသုံးတွင်းကို စမ်းသပ်တူးဖော်သွားမည်ဖြစ်ပြီး မလှိုင်မြို့နယ် ရေနီအနောက်ရွာတွင် တူးဖော်ခဲ့သော စက်ရေတွင်းမှာ မိတ္ထီလာခရိုင်ကိုယ်စားပြု တူးဖော်ခဲ့ခြင်းဖြစ်သည် ။ ထို့အပြင် ရေတွင်းအတွက် CHANGFA အမျိုးစား 30 HP အင်ဂျင်စက်တစ်လုံးနှင့် AGESTAR 20 KW ဒိုင်နမိုတစ်လုံးနှင့် 3HP Submersible Pump တစ်စုံကိုလည်း တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုလို စမ်းသပ်တူးဖော်တယ်ဆိုပေမယ့် ကျွန်တော်တို့ကျေးရွာအတွက်တော့ အများကြီးကို အထောက်အကူပြုပါတယ်။ ရွာမှာက သောက်ရေအခက်အခဲရှိပါတယ်။ ကျွဲ၊ နွားသောက်ဖို့ ကစ၍ ခက်ခဲပါတယ်။ သုံးရေတော့ပေါပါတယ်။ ရွာထဲကစက်တွင်းဆို ပေ ၂၀၀ ကျော် တူးတာတောင် ရေချိုမရပါဘူး။ ခုဒီတွင်းရေက တစ်နာရီ ရေဂါလန် ၂၅၀၀ နှုန်းထွက်ရှိပြီး ကျွဲ၊ နွားတိုက်လို့ရတဲ့အတွက် အများကြီးအထောက်အကူဖြစ်စေပါတယ်။ နွေရာသီ မီးဘေးအန္တရာယ်မှအစ စိတ်ချသွားရပါပြီ" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းထွန်းက ပြောသည်။

**အောင်ဌေး(မလှိုင်)**

## ခရီးသွားဧည့်သည်များတည်းခိုနိုင်ရေး ဟိုတယ်ဆောက်လုပ်ခွင့်ရရှိ၍ နှစ်ဆန်းပိုင်းတွင် လုပ်ငန်းစတင်တော့မည်



**ဟားခါး ဒီဇင်ဘာ ၃၁**

ချင်းပြည်နယ်သို့ လာရောက်လည်ပတ်ကြမည့် ပြည်တွင်း၊ ပြည်ပခရီးသွားများ စားသောက်နေထိုင်ရေး အဆင်ပြေမှုရှိစေရန် အချက်အချာကျသည့် မြို့ကြီးခြောက်မြို့တွင် တည်းခိုရေး၊ စားသောက်ရေးဝန်ဆောင်မှုအပြည့်အဝပေးနိုင်သည့် ဟိုတယ်ကြီး ၁၀ လုံးကို ပြည်နယ်အစိုးရအဖွဲ့မှ ဟိုတယ်ဆောက်လုပ်ခွင့်ရရှိရန် စိစစ်ရွေးချယ်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင် ၁၀ ဦးတို့မှ နှစ်ဆန်းပိုင်းတွင် စတင်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဟိုတယ်ဆောက်လုပ်ခွင့်ရလုပ်ငန်းရှင်များမှာ ချင်းပြည်နယ်မြို့တော် ဟားခါးမြို့တွင် KL Amazing Company, King Solomon Company နှင့် ချမ်းသာရွှေမြေကုမ္ပဏီတို့ကလည်းကောင်း၊ ဖလမ်းမြို့တွင် Adventures-Myanmar Company နှင့် Falam Cherry Company တို့ကလည်းကောင်း၊ တီးတိန်မြို့တွင် Unique Asia Gate Construction Company နှင့် ရွှေစင်နန်းတော်တို့ကလည်းကောင်း၊ ပလက်ဝမြို့တွင် Sweet Hotel Group ကလည်းကောင်း၊ မတူပီမြို့တွင် ရွှေပြည်တံခွန်နှင့် ချင်းတွင်းဧရာတို့ကလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့အနီး ခိုင်ကမ်းမြို့တွင် တောင်ဇလပ်ဟိုတယ်နှင့် ဒေါက်တာကမ်ကျင့်ဒါးလ်တို့ကလည်းကောင်း ပထမအသုတ်အနေဖြင့် အသီးသီးစိစစ်ရွေးချယ်ထားရာ ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ကာ လုပ်ငန်းများဆောင်ရွက်တော့မည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းပြည်နယ်တွင် ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုပွင့်လင်းရာသီတွင် ချင်းပြည်နယ်ဒေသတစ်ခုလုံး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသ၏လိုအပ်ချက်ဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ ခရီးသွားများတည်းခိုစားသောက်နေထိုင်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်နေခြင်းဖြစ်ရာ ယခုလက်ရှိအားဖြင့် ပြည်တွင်းပြည်ပခရီးသွားများ တည်းခိုနေနိုင်သည့် ကန်ပက်လက်မြို့တွင် အဆင့်မီဟိုတယ်ရှစ်လုံးရှိနေပြီး မင်းတပ်နှင့် ကန်ပက်လက်မြို့များတွင် ဆောက်လုပ်ဆဲဟိုတယ်သုံးလုံးရှိနေကြောင်း သိရသည်။ **ခိုဟေဆာ**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဇလွန်မြို့နယ် ပြစ်ဆယ် – မဟာသာလမ်း မြေသားလမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**ဇလွန် ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ပြစ်ဆယ်-မဟာသာလမ်းမြေသားလမ်းခင်းခြင်းလုပ်ငန်းအား ဒီဇင်ဘာ ၂၈ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းမြေတိုင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါလမ်းသည် ၀/၃ ဒသမ ၈၃ မိုင်ရှိပြီး ခွင့်ပြုငွေကျပ်သန်း ၉ ဒသမ ၅ ဖြင့် အကျယ် ၁၈ လက်မ၊ ထု ၂ လက်မ မြေသားလမ်းဆောင်ရွက်မည်ဖြစ်ပြီး မဟာသာကျေးရွာအုပ်စု ကော့ကပ်ကြီးကျေးရွာအုပ်စုများမှ ကျေးရွာ ၁၁ ရွာ၊ ကျန်းမာရေးဆေးပေးခန်း ၂ ခု၊ မူလတန်းကျောင်း ၆ ကျောင်း ၊ ဘုန်းတော်ကြီးကျောင်း ၅ ကျောင်းနှင့် လူဦးရေ ၃၂၃၁ ဦးအား အကျိုးပြုသောလမ်းတစ်လမ်းဖြစ်ကြောင်း သိရသည်။

**ငွေသန်း (ပြန်/ဆက်)**

## နေ့စားအလုပ်သမားများ ဆောင်းရာသီတွင် နေ့စဉ်အလုပ်အကိုင်ရရှိ

**တပ်ကုန်း ဒီဇင်ဘာ ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးလက်နေပြည်သူများ ဆောင်းသီးနှံများစိုက်ပျိုးလျက်ရှိရာ ဒေသခံနေ့စားလိုက်အလုပ်များဖြင့် ဝင်ငွေရှာသူများ နေ့စဉ်အလုပ်အကိုင်ရရှိနေသဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဆောင်းရာသီအချိန် ဆင်သေချောင်းရိုးတစ်လျှောက် ကျေးရွာများ၌ ချောင်းမြေ၊ ယာမြေ၊ လယ်မြေများတွင် ဆောင်းသီးနှံများဖြစ် ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ မုန်လာဥ၊ အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ မေမြို့ပန်း၊ နံနံပင်၊ မုန်ညှင်း၊ ခရမ်းသီး၊ ခရမ်းချဉ်၊ ချဉ်ပေါင်၊ ပြောင်းစသည့်သီးနှံများကို ချောင်းရေ၊ မြေအောက်ရေများနှင့် စိုက်ပျိုးလျက်ရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

ယင်းသီးနှံများကိုစိုက်ပျိုးရာတွင် ရေလောင်း၊ ခါးလှည့်၊ ပေါင်းလိုက်၊ ဆေးဖြန်းခြင်းလုပ်ငန်းများကို နေ့စားအလုပ်သမားခေါ်ယူလုပ်ကိုင်ရသည့်အတွက် နေ့စားလုပ်ငန်းအမျိုးအစားအလိုက် လုပ်အားခကို ငွေကျပ် ၄၀၀၀ ကျပ်၊ ၂၅၀၀ ကျပ်၊ ၂၀၀၀ ကျပ်ရရှိကာ သီးနှံစိုက်ချိန်တွင် မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေလျက်ရှိကြောင်း နေ့စားလုပ်ကိုင်သူတစ်ဦးက ပြောသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

## မိုင်းယု၌ ခရစ္စမတ်(စ်)မိတ်ဆုံစားပွဲနှင့် ဝတ်ပြုဆုတောင်းပွဲ ကျင်းပ

**မိုင်းယု ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့ နှစ်ခြင်းအသင်းတော်မိသားစုများပြုလုပ်သော ခရစ္စမတ်(စ်) ဝတ်ပြုခြင်းနှင့် မိတ်ဆုံစားပွဲအခမ်းအနားကို မိုင်းယုနှစ်ခြင်းအသင်းအမှုတော်ဆောင် စိုင်းဂျွန်နေအိမ်၌ ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့သည်။

ခရစ်တော်မွေးနေ့မိတ်ဆုံစားပွဲသို့ မိုင်းယုမြို့ အုပ်ချုပ်ရေးမှူး ဦးကျော်စွာနှင့် ဌာနဆိုင်ရာများ၊ မြို့ပေါ်နှင့် ကျေးရွာများမှရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မိုင်းယောင်းမြို့နယ်မှ နှစ်ခြင်းအသင်းတော်မိသားစုများက တည်ခင်းသော ခရစ္စမတ်(စ်)မိတ်ဆုံစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မိုင်းယောင်းဝမ်မွန်သင်းအုပ်ဆရာ ရွှေဝါတူးစိုင်းက ခရစ်တော်မွေးနေ့ကျင်းပရခြင်း၏ အကြောင်း မေတ္တာအမှာစကားပြောကြားပြီး တက်ရောက်လာသော မိုင်းယောင်းမြို့နယ်နှင့် မိုင်းယုမြို့မှ နှစ်ခြင်းအသင်းတော်မိသားစုများနှင့်အတူ သမ္မာကျမ်းစာတော်မြတ်ဖတ်ကြားခြင်း၊ မွေးနေ့တော်သတင်းကောင်းမျှဝေခြင်း၊ ကောင်းချီးပေးခြင်းတို့ကို ဝတ်ပြုဆုတောင်းကာ အခမ်းအနားကို ရုတ်သိမ်းလိုက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နှစ်သစ်ကူးအထူးဆုတောင်းမင်္ဂလာ

ချစ်ခင်လေးစားအပ်ပါသော လူကြီးမင်းတို့သည် ပျော်ရွှင်စရာနှစ်သစ်ကို စောင့်မျှော်နေကြလိမ့်မည်ဟု မျှော်လင့်မိပါသည်။ ကျွန်ုပ်လေးစားတန်ဖိုးထားအပ်သော လူကြီးမင်းတို့သည် နှစ်သစ်မှာ ဘေးရန်ကင်းကွာကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်း၍ အခက်အခဲများအားလုံး ကျော်လွှားနိုင်ပြီး လုပ်ငန်းများလည်း တိုးတက်အောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လူကြီးမင်းတို့ပျော်ရွှင်မှုဟာ ကျွန်ုပ်၏ပျော်ရွှင်မှုနှင့် ထပ်တူညီလှပါသည်။ လူကြီးမင်းတို့သည် ရွှေမန္တလေး အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီအပေါ် ယုံကြည်စွာလက်ခံပေးမှုအတွက်လည်း ကျေးဇူးဥပကာရ အထူးပင်တင်ရှိပါသည်။ စိတ်လှုပ်ရှားပျော်ရွှင်စရာကောင်းသော ၂၀၁၇ခုနှစ် နှစ်သစ်ကို လူကြီးမင်းတို့၏ မိသားစုနှင့်အတူ ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြပါစေ။

လူကြီးမင်းတို့ရင်းနှီးမြှုပ်နှံမှု မမှားဖို့၊ မှန်ကန်ဖို့၊ အမြတ်အစွန်းရရှိဖို့ ကျွန်ုပ်တို့ကုမ္ပဏီမှ တာဝန်ယူပါသည်။

ဦးနေလင်းအောင် (LL.B)
Managing Director
မြန်မာရွှေမန္တလေး အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီလီမိတက်
ဖုန်း-၀၂-၆၈၉၃၈၊ ၀၂-၂၈၄၄၇၇၂၊ ၀၉-၂၀၁၆၃၁၆၊ ၀၉-၂၀၁၃၉၁၉


## နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော နှစ်သစ်အခါသမယတွင်
"ကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပြီး စိတ်ချမ်းသာ ကိုယ်ကျန်းမာ၍
စီးပွားဥစ္စာများ တိုးတက်ပြီး လိုရာဆန္ဒများပြည့်ဝပါစေကြောင်း"
'စိန်ပင်လယ်' အာမခံစိန်ရွှေရတနာဆိုင် မိသားစုမှ
ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

"စိန်ပင်လယ်" စိန်ရွှေရတနာဆိုင်မိသားစု



## စိန်ပင်လယ် အာမခံစိန်ရွှေရတနာဆိုင်

စိန်ပင်လယ်မှ **Happy New Year** အထူးအစီအစဉ်ဖြင့် လက်ဝတ်ရတနာများအားလုံးကို **(1.1.2017)** မှ **(30.1.2017)** ထိ **5%** မှ **30%** အထိ **(Special discount** အထူးလျှော့ဈေးဖြင့်) ရောင်းချပေးမည်ဖြစ်ပါသည်။

1. Junction Square Centre, C-049, မြေညီထပ်၊ ကျွန်းတောလမ်းဝင်ပေါက်၊ ကမာရွတ်မြို့နယ်။
2. ဂမုန်းပွင့် Shopping Mall(စံရိပ်ငြိမ်)၊ ဒုတိယထပ်၊ လှည်းတန်း၊ စံရိပ်ငြိမ်မှတ်တိုင်အနီး၊ အင်းစိန်လမ်းမကြီး။
3. AKK Shopping Centre, ပထမထပ်၊ သဃ်န်းကျွန်းလမ်းမကြီး၊ ဇဝနမှတ်တိုင်၊ လေးထောင့်ကန်လမ်း။

Facebook Page : Diamond Sea/စိန်ပင်လယ် Jewellery Shops








## selfie (ဆယ်လ်ဖီ) ရိုက်ရင်ပိုလှစေတဲ့မိတ်ကပ်

virosava® Brightening BB Balm




မျက်နှာအသားအရောင် မညီမညာဖြစ်ခြင်း၊ ဝက်ခြံအထွက်များခြင်းနှင့် အမည်းအစက်အပြောက်များခြင်းဖြစ်နေသူတွေ၏ မျက်နှာများကို နည်းကျသွားအောင် ဖုံးအုပ်ညှိပေးနိုင်စွမ်းရှိပါသည်။ သင့်မျက်နှာကိုလည်း လင်းလက်တောက်ပဝင်းမွတ်စေနိုင်စွမ်းရှိ၍ လူအများကြားတွင်ရိုရှင်းခဲ့အသက်ထက်နုပြီး ဆွဲဆောင်မှုအပြည့်ရှိသော "လှတစ်မျက်နှာ" အဖြစ် တင့်တယ်စေနိုင်စွမ်းရှိပါသည်။

လေဆာပန်းသီးတံဆိပ် အထူးသတိပြုရန် (ကျား / မ မရွေး သုံးနိုင်သည်)

Apple Production Co., Ltd : အမှတ် (A-29) ၊ ဦးဝိစာရလမ်း၊ (၃၃) ဘီးရဲ့ရပ်ကွက်၊ ဓမ္မြိုက်ခုံ ... ရန်ကုန်မြို့။
Ph : 09 86 18081, 09 49 316408


### မြန်မာနိုင်ငံ လျှပ်စစ်နှင့်အီလက်ထရောနစ် လုပ်ငန်းရှင်များအသင်း အသင်းဝင်များ ဖိတ်ခေါ်ခြင်း

၁။ မြန်မာနိုင်ငံတွင် လျှပ်စစ်နှင့်အီလက်ထရောနစ်လုပ်ငန်းရှင်များအသင်းအား ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ပါသည်။

၂။ လျှပ်စစ်နှင့်အီလက်ထရောနစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန် အသင်းဝင်များအား ဖိတ်ခေါ်အပ်ပါသည်။

၃။ အသင်းတွင် ဦးဆောင်မှုကဏ္ဍပါဝင်လိုသူများအားလည်း ဖိတ်ခေါ်ပါသည်။

၄။ အသင်းဝင်ခြင်းကြောင့် ရရှိမည့် အကျိုးစီးပွားမှာ မိမိစီးပွားရေးနှင့် နိုင်ငံအကျိုးစီးပွား အတူယှဉ်တွဲ တိုးတက်စေမည့် နည်းလမ်းအကြံပြု ပူးပေါင်းပါဝင်နိုင်ခွင့် ရရှိစေမည် ဖြစ်ပါသည်။

၅။ အသင်းဝင်ပုံစံများအား www.mm-eea.org တွင် Download ရယူ၍လည်းကောင်း Email: myanmareea@gmail.com တွင်လည်း Mail ပို့၍တောင်းခံနိုင်ပြီး အသင်းဖုန်းနံပါတ် (RSVP) 09-963 999 263 သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။


★STAR★
ဒုံပြီးသစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
Ph:09-43088052,
09-73254389,
09-421067330



တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

# ကြော်ငြာ


**GOLDEN STAR**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

ရွှေလမ်းညွှန်
ဘားအံ၊ မြဝတီ၊ မဲဆောက် (၃)ရက် 70000Ks ...Jan 20
မန္တလေး၊ မုံရွာ၊ အလောင်းတော်ကဿပ(၃)ရက် ... 36000Ks ...Jan 27
09-420087371, 09-262705136, 09-791975802

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
ဦးအောင်သင်းလမ်း၊ဆေးခန်းမှတ်တိုင်၊ကိုးလုံးကွင်း၊မော်ဘီမြို့နယ်။
(40'x30')= 32 သိန်း၊ (40'x60')= 70 သိန်း
(45'x60')= 75 သိန်း
Ph:09-257800158,09-262175661

ရွှေကောင်းကင် အဆင့်မြင့် ခန်းဆီး၊ လိုက်ကာ
တန်းချိတ်၊ တပ်ဆင်၊ ချုပ်ခ အခမဲ့
★ နယ်အော်ဒါလက်ခံသည်။ ★
09-43168269, 09-43113342, 09-451111717

ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
SMH နှစ်သစ်မင်္ဂလာတောင်းဆုလွှာ SMH
၂၀၁၆ခုနှစ်အတွင်း ဗုဒ္ဓဂယာနှင့်သိရိလင်္ကာခရီးစဉ်များတွင် ဗုဒ္ဓဝင်နေရာတော်မြတ်များ၌ ပဌာန်းပွဲနှင့်ပရိတ်ရွတ်ပွဲများပြုလုပ်ခွင့်ရခဲ့ကြ၍ဝမ်းသာပီတိ ဖြစ်ခဲ့ကြသောမမှတ်ဆွေများ ကမြင့်ကျောင်း၊ဒလအလယ်ကျောင်းနှင့်ပန်းတနော်လမ်းတရားပွဲများတွင် ကံထူးရှင်ပုဂ္ဂိုလ်(၄)ဦးတို့အားဗုဒ္ဓဂယာသို့အခမဲ့ ကုသိုလ်ယူပို့ခွင့်ရခဲ့၍တရားနာကြွရောက်ကြသူများအားလုံးတို့အားကျေးဇူးအထူးတင်ရှိပါသည်။
၂၀၁၇ခုနှစ်-နှစ်သစ်ခါသမယတွင်လည်းရွှေမဟာဘုရားဖူးအဖွဲ့နှင့်လိုက်ပါသူများအပြင်မြန်မာပြည်တဝှမ်းမှပြည်သူပြည်သားအားလုံးတို့အားကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့်ဘေးအယာဝေးကွာကြ၍ လိုရာဆန္ဒပြည့်ဝကြပါစေကြောင်းဆုမွန်ကောင်းတောင်းလိုက်ပါသည်။
ကျန်ရှိသောခရီးစဉ်များ -Mar-3,19,Apr-12
အမှတ်(၆၃)၊ဇေယျဝတီ(ဗဟို)လမ်းမကြီး၊စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။ဖုန်း-၀၉-၅၀၈၈၃၇၆၊၀၉-၅၁၃၄၀၄၄၊၀၉-၄၃၂၀၆၄၆
၀၁-၅၁၈၁၃၆

Since 1985
ရေစကြာနာရှင်
ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
မြဝတီ-ဘားအံ/ငွေဆောင်
အလောင်းတော်ကဿပ
မန်းရွှေစက်တော်(ဖွင့်ပွဲ-Jan30,31)
01-392704, 09 73017110
09795066657, 09785066657

FORWARD (YGN)
Travel & Tour Co.,Ltd
ချောင်းသာ နေ့စဉ်
09 259259180
09 259259181
09 259259182

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI Level - I&II, III စာရင်းကိုင်
သင်တန်းများ ခုံနံပါတ်ယူထားနိုင်သည်။
LCCI (၂၅)နှစ်ကျော်အတွေ့အကြုံကြောင့်
သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎- 09 -776349905, 978578325, 01-371741, 240824

ချစ်ဇော်သား ကျိုက်ထီးရိုး၊ချောင်းသာ(နေ့စဉ်)
ကျိုက်(၅)ကျိုက်-မွန်ပြည်နယ်ဘုရားစုံ စက်စဲဇင်းကျိုက်ရေတံခွန် (1/2)Package(35000)
လိုက်ဖ(၅)ဂူ-ကရင်ပြည်နယ်ဘုရားစုံ ... (35000)
မြည်(၅)မြည်-ပုပ္ပါးမုက်(စွယ်တော်လေးဆူ) ... Package(55000)
... (15000)
Ph:09425334456,09252606649,0949323965

လူထု
သံပန်းသံတံခါး
လိပ်တံခါး
အလူမီနီယံ
Steel Structure ဝေါ်းလုပ်ငန်း
အမှတ်(၁၄)၊ ၁၆၇-လမ်း၊ တာမွေ။
Ph:09-5031107,09-5028986,
09-5008411









၂၀၁၇

MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်

**မင်္ဂလာအပေါင်း ခညောင်း၍**
**ပျော်ရွှင်ဖွယ်ရာ နှစ်သစ်ဖြစ်ပါစေကြောင်း**
MPT မှ ဆုတောင်းမေတ္တာ ပို့သရင်း
မြန်မာပြည်သူပြည်သားများ နှင့်အတူ
နှစ်သစ်ကိုကြိုဆိုလိုက်ပါသည်။




| အမည် | မြို့နယ် | တိုင်းဒေသကြီး |
|---|---|---|
| ၁။ ဦးဝင်းရွှေ | မင်္ဂလာဒုံ | ရန်ကုန် |
| ၂။ ကိုသန်းထွန်း | သာကေတ | ရန်ကုန် |
| ၃။ မစန်းစန်းမော် | အရှေ့ဒဂုံ | ရန်ကုန် |
| ၄။ မောင်ကျော်လွင် | ပြည်ကြီးမျက်ရှင် | မန္တလေး |
| ၅။ ကိုခိုင်ဇော် | တာမွေ | ရန်ကုန် |
| ၆။ ကိုအေးလင်း | (၆၇)လမ်း | မန္တလေး |
| ၇။ မလွင်လွင်ချို | သာကေတ | ရန်ကုန် |
| ၈။ ကိုထွန်းထွန်းလင်း | လှိုင် | ရန်ကုန် |
| ၉။ မောင်သဲကိုကိုဦး | မင်္ဂလာဒုံ | ရန်ကုန် |
| ၁၀။ ကိုအုံးထွန်း | လှိုင် | ရန်ကုန် |
| ၁၁။ ကိုသီဟဇော် | သင်္ဃန်းကျွန်း | ရန်ကုန် |
| ၁၂။ မအေးနှင်းနွယ် | ရန်ကင်း | ရန်ကုန် |
| ၁၃။ ကိုကျော်သူရ | မရမ်းကုန်း | ရန်ကုန် |
| ၁၄။ ဦးကြည်သောင်း | ကျောက်တန်း | ရန်ကုန် |

# နှစ်သစ်မင်္ဂလာဆုတောင်း

၂၀၁၇ ခုနှစ်၊ နှစ်သစ်မင်္ဂလာအခါသမယတွင်

မြန်မာပြည်သူ ပြည်သားအပေါင်း

စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး

လိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း

ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

KBZ BANK

ဥက္ကဋ္ဌ နှင့် ဒါရိုက်တာ အဖွဲ့

ကမ္ဘောဇဘဏ်လီမိတက်

# 2017 HAPPY NEW YEAR နှစ်သစ်ဆုတောင်းလွှာ

## GRAND WYNN ENTERPRISES LTD & GRAND TWIN BROTHERS LTD

(၂၅)နှစ်မြောက် ငွေရတုကျော်တိုင်အောင် Grand Wynn Group of Companies မှ ဖြန့်ဖြူးရောင်းချသည့်ကုန်ပစ္စည်းများကို တစိုက်မတ်မတ်ယုံကြည်စွာ ဝယ်ယူအားပေးသုံးစွဲခဲ့ကြသော မိတ်ဟောင်းမိတ်သစ် သုံးစွဲသူ မိတပြည်သူများ၊ လုပ်ငန်းရှင်ကြီးများနှင့် မြန်မာနိုင်ငံတဝန်းလုံးသို့ ဖြန့်ဖြူး ရောင်းချ ပေးခဲ့ကြသောတိုင်းဒေသကြီးနှင့်ပြည်နယ် အရပ်ရပ်မှ အရောင်းကိုယ်စားလှယ်ကြီးများအားလုံး ၂၀၁၇နှစ်သစ်တွင် မင်္ဂလာ အပေါင်းနှင့်ပြည့်စုံပြီး ကျန်းမာပျော်ရွှင် ချမ်းမြေ့ပါစေ ကြောင်း Grand Wynn Group of Companies မိသားစုမှ နှစ်သစ်ဆုတောင်းမေတ္တာ ပေးပို့ရှုတ်ခွန်းဆက်သအပ်ပါသည်။ ကျွန်တော်များ Grand Wynn Group of Copanies အနေဖြင့် Grand Wynn Enterprises Ltd. နှင့် Grand Twin Brothers တို့မှ Grand Food Mart,123 Fast Food ဆိုင်ခွဲကို ဖွင့်လှစ်ပြီး၊ ဆိုင်များတွင် နိုင်ငံတကာ အရည်အသွေးမီ Right Weight,Right Size,Right Quality အဖြစ် ထုတ်လုပ်ထားသော မလေးရှားနိုင်ငံထုတ် Saji Vegetable Oil ဟင်းချက်ဆီ ၊ တူရကီနိုင်ငံမှ ထုတ်လုပ်သော ZADE အဆင့်မြင့် နေကြာဆီနှင့်သံလွင်ဆီ၊ Mom's Choice အသင့်စားခေါက်ဆွဲ ၊ Jam, Mayonnaise, French Cookie နှင့် USA အာလူးချောင်းကြော် ၊ ဘာလချောင်ကြော် ၊ အဆင့်မြင့် Mom's Choice Cooking Oil ဟင်းချက်ဆီ၊ ငါးအသားလုံး၊ ငါးအသားပြားနှင့် သန့်ရှင်းလတ်ဆတ်သော Seafood ၊ မလေးရှားနိုင်ငံထုတ် Kawan အမှတ်တံဆိပ် ကော်ပြန့်၊စမူဆာ၊ပလာတာမျိုးစုံ၊Mother's Choice Margarine နှင့် Bakery Products မုန့်လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်း အမျိုးမျိုး ၊ ဂျာမဏီနိုင်ငံမှ ထုတ်လုပ်သော Milcow နွားနို့၊New Zealand နိုင်ငံထုတ် Meadow Fresh နွားနို့ ၊စပိန်နိုင်ငံမှ ထုတ်လုပ်သော Pascual ဒိန်ချဉ် ၊ Turkey နိုင်ငံထုတ် Arla အမှတ်တံဆိပ် နို့ထွက် ပစ္စည်းအမျိုးမျိုး၊ Grand Twin Brothers Ltd. (Cool Chain Food Service) မှ ဖြန့်ဖြူးရောင်းချသော Hotel & Restaurant များတွင် အသုံးပြုသော International Food & Beverage Products များကို ဝယ်ယူအားပေးကြသည့် မိတ်ဟောင်းမိတ်သစ် သုံးစွဲသူမိတပြည်သူများ လုပ်ငန်းရှင်ကြီးများနှင့်ဖြန့်ဖြူးရောင်းချသော အရောင်းကိုယ်စားလှယ်ကြီးများ နယ်ကိုယ်စားလှယ်တော်ကြီးများအားလုံး ငွေရတု အား အတူဆင်နွှဲကာ အစဉ်လက်တွဲပြီး ၂၀၁၇ခုနှစ် နှစ်သစ်ကူး နှစ်ဦးမင်္ဂလာ အခါသမယမှစ၍ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကာ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာပြီး စီးပွားဥစ္စာ ဒီရေအလား ဆထက်ထမ်းပိုး တိုးပွားကာ ပြည့်စုံပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း Grand Wynn Group of Companies မိသားစုမှ နှစ်သစ်ဆုတောင်းမေတ္တာ ပေးပို့ရှုတ်ခွန်းဆက်သအပ်ပါသည်။ Grand Food Mart ,123 Fast Food ဆိုင်ခွဲများသို့ လာရောက်လေ့လာဝယ်ယူအားပေးနိုင်ပါသည်။ GWE မိသားစု




လူကြီးမင်းအနေဖြင့် လိုအပ်သည့်စားသောက်ကုန်ပစ္စည်းများကို ဖုန်းတစ်ချက်ဆက်လိုက်ရုံဖြင့် နိုင်ငံတကာမှတင်သွင်းထားသော Hotel & Restaurant သုံး စားသောက်ကုန်ပစ္စည်း အမျိုးအမယ်ပေါင်း ၁၅၀၀ ကျော်ကို မှာယူသည့်နေရာသို့ လျင်မြန်စွာ အရောက်ပေးပို့သည့် Door to Door Delivery System စနစ်ဖြင့် တစ်နှစ်ပတ်လုံး ကုန်ပစ္စည်း ပြတ်လပ်မှုမရှိဘဲ သိုလှောင်ထားပြီး မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ အလုံအလောက် ဖြန့်ဖြူးရောင်းချပေးလျက် ရှိပါသည်။

EU code no : YGN/079/TBS/DOF HACCP PLANT အနယ်နယ်အရပ်ရပ်မှ အရောင်းကိုယ်စားလှယ်ကြီးများအနေဖြင့် ဝယ်ယူဖြန့်ဖြူးရောင်းချလိုပါက Hotline : 01 9010045,9010277,9010522၊ ဒေါ်အိအိဟန် ၀၉ ၄၂၁၀၅၂၄၈၄၊ ဒေါ်အိအိထွန်း ၀၉ ၇၃၂၄၈၆၁၃

Grand Food Mart (1) (Yangon) : No-2, Aung San Stadium (Eastern),Upper Pansoedan Street,Mingalar Taung Nyunt Township. Tel : (95-1) 394874, 252325. Email : aungsan.grandtwinbrother@gmail.com
Grand Food Mart (2) (Yangon) : No.159,corner of Anawrahta Road & Maha Bandula Garden Street, Kyauktada Township Yangon. Hot Line :(95-1)246427. Facebook:www.facebook.com/grandwynn
Grand Food Mart (3) (Mandalay) : No-(A-4), 78th Street,Between 27th Street & 28th Street, Chan Aye Thar Zan Township, Mandalay Tel : (95-2) 66878, 0991027645. Website :www.gwe-myanmar.com

နှစ်သစ်ကူးဆုမွန်လွှာ

**Apple Villa (Apple Products Sale and Service)**

ကိုချစ်ခင်နှစ်သက်စွာဖြင့် အစဉ်တစ်စိုက်အားပေးခဲ့ကြသော မိတ်ဆွေဟောင်း၊ မိတ်ဆွေသစ်များအားလုံး နှစ်သစ်ကူးအခါသမယတွင် ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို Apple Villa Co.Ltd မိသားစုမှ ရင်တွင်းပီတိများစွာဖြင့် အထူးကျေးဇူးတင် ရှိပါသည်။

Apple Villa Co.Ltd မိသားစု

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင် အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
ဇန်နဝါရီ (၃/၇/၉)ရက်နေ့ (ဗ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
ဓဒ္ဓ - Essay, Letter လက်ခံပြီ။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မိးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

ညှိနှိုင်းဈေးဖြင့်ရောင်းမည်
(၁) မင်္ဂလာဒုံ၊ ရန်ကုန်စက်မှုဇုန်အနီး၊ ကံ့ကော်ရိပ်သာ(၂)၊ မြေ(၆၅×၈၀)ပေ
(၂) နေပြည်တော်၊ ဥတ္တရသီရိမြို့၊ စစ်ကိုင်း ၃လမ်း၊ ပေ(၁၀၀×၁၀၀)၊ RC ၁ထပ်တိုက်
ဆက်သွယ်ရန် ဖုန်း-၀၉-၇၈၂၂၉၉၄၂၀

နှစ်သစ်မင်္ဂလာမှာ ရဟန်း ရှင် လူ အားလုံး ကျန်းမာချမ်းသာကြပါစေ ...

ဆေးခန်းတည်ထောင်ခြင်း နှစ် (၆၀) ပြည့် အထိမ်းအမှတ်

SINCE - 1957
သရဇင် သွား-ခံတွင်း

၅၂/၆၂၁-ဒေမာသီလမ်း၊ (၅၂/ဈေးအနီး)၊ မြောက်ဥက္ကလာပ၊ အောင်မင်္ဂလာအဝေးပြေးဝင်းအနီး။ ☎:01-9699225, 📱:09-5122032

မြသဇင်ဇာဘော်လီ မိသားစု၏ ၂၀၁၇ ခုနှစ် နှစ်သစ်မင်္ဂလာဆုမွန်လွှာ

မဖို/မနို မြသဇင် ဇာဘော်လီ လက်လီ/လက်ကား ရောင်းဝယ်ရေး




နှစ်သစ်တွင် မြန်မာပြည်သူပြည်သားအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး အောင်မြင်တိုးတက်၍ မင်္ဂလာအပေါင်းဖြင့် ပြည့်စုံကြပါစေကြောင်း နှင့် မြသဇင်ဇာဘော်လီမှ ထုတ်လုပ်ဖြန့်ချီရောင်းချနေသော အဝတ်အထည်များကို ဝယ်ယူအားပေးကြသော အမြို့မြို့အနယ်နယ်မှမိတ်ဟောင်းမိတ်သစ်လုပ်ငန်းရှင်များ သုံးစွဲသူများနှင့် မြသဇင်၏ စီးပွားမိတ်ဖက်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ဖြင့် ပြည့်စုံပြီး စီးပွားလာဘ်လာဘများ ဆတက်ထမ်းပိုးတက်၍ အမျိုးဘာသာ သာသနာ့အကျိုး သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆန္ဒပြုဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပင်ရင်း
တိုက်(၉)၊ အမှတ်(၂၊၃)၊ စံပယ်လမ်း။ ယုဇနပလာဇာအနောက်။
၀၁-၂၉၆၃၄၆၊ ၀၁-၂၀၅၅၄၁၊ ၀၁-၉၀၀၀၈၅၃၊ ၂၀၀၇၄၇ လိုင်းခွဲ-၇၀၅၃ E-mail: mtzygn@gmail.com

ဆိုင်-၁
အမှတ်(၆၉)၊ ပထမထပ်၊ စက်လှေကားထိပ်၊ရွှေမင်္ဂလာဈေး
၀၉-၇၈၂၇၇၄၀၆၀၊ ၀၉-၄၂၀၀၈၃၂၄၁

ဆိုင်-၂
ဂျီ-၄၃၊ ယုဇနပလာဇာ။
၀၁-၂၀၀၇၄၇ လိုင်းခွဲ-၁၀၈၄

SAKURA HOSPITAL
ဆာကူရာဆေးရုံတွင်
"အထွေထွေရောဂါကုဆရာဝန်"များမှ
နေ့စဉ်ဝန်ဆောင်မှုပေးနေပါပြီ။
အမှတ်(၂၃)ရှင်စောပုလမ်း
စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့.
HOTLINE : 01-512 668,01-512 669

AA ယာဉ်မောင်းသင်တန်း
အလွယ်တကူကားမောင်းတတ်လိုလျှင် တစ်နေ့(၁)နာရီသာအချိန်ပေးပါ
အိမ်အရောက်သင်ပေးမည်။
09-43158300,09-254051326
09-782793551

မန္တလာသား
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
14' Box ကားများဖြင့်
ရန်ကုန်မြို့တွင်း/နယ်ဝေး
အကောင်းဆုံး
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-770639155
09-770639166

**M.E.E.G** Masterpiece Engineering & Education Group
Construction Design Training & Service Center
Since2004 1.Architectural Design 2.Structural Design 3.M&E Design
ပြည်တွင်း၊ပြည်ပလုပ်ငန်းခွင်ဝင်မည့်အင်ဂျင်နီယာများနှင့်အင်ဂျင်နီယာကျောင်းသားများအတွက် လုပ်ငန်းခွင်အသုံးချအဆင့်မြင့်ကွန်ပျူတာသင်တန်းများကိုအပတ်စဉ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

| | | | |
|---|---|---|---|
| AutoCAD | 3dsMAX | SketchUp | MicroStation |
| Estimate | Etabs | Revit | SolidWorks |

အမှတ်(၁၈/၃၈)၊သုံးလွှာ၊သပြေညို(၁)၊ဦးထွန်းလင်းခြံလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။
PH: 01512476, 0949294085, 0973145196 , 095140118 Mail: meeg2004@gmail.com

SMART GIRLS
ကိုယ်ကာယသင်တန်း နှင့် အဆီချလုပ်ငန်း
သောက်ဆေးလုံးဝမပါဘဲ ဘေးဥပါဒ်မဖြစ်စေသော ဆေးများလိမ်း၍ ခန္ဓာကိုယ်မှမိုသောအဆီများကို (၁၂)ရက်အတွင်း အမြန်ဆုံးနှင့် အထိရောက်ဆုံး အာမခံဖြင့် အဆီချပေးနေပါပြီ ( Lady Only)
(၁)မျိုးလျှင် 10% Discount
အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။
- အမှတ်(၆၆/၆၈)၊ ဓမ္မိဗိုဓိ(၆)လမ်းထိပ်၊ အင်းစိန်လမ်းမကြီး၊ လှည်းတန်း၊ ကမာရွတ်မြို့နယ် 09-257666799, 09-31559666
- အမှတ်(၃၇)ပထမထပ်၊ သမိန်ဗရမ်းလမ်းမကြီး၊ နတ်ချောင်းရပ်ကွက်၊ လမ်းညွှန် - မနော်ဟာရီလမ်းထိပ်၊ မွေ့ဒါနလမ်းနှင့် ရွှေဂုံတိုင်ဆေးခန်းကြား၊ စိန်ငမန်းအိမ်သုတ်ဆေးဆိုင်ပေါ်ထပ်၊ 09-5181189, 09-420081189,

ပထမဦးဆုံး ဦးထွန်းဦး-ဒေါ်ဝင်းမာ
T.V (ရန်ကုန်)
ကားမောင်း-စက်ပြင်သင်တန်း
ဗညားဒလလမ်း၊ သိမ်ဖြူတင်းနစ်ကွင်းဘေး၊ မဆလာ စက်မှုတက္ကသိုလ်၊ ကားကတ်ဆက်တန်း
သိမ်ဖြူ- 09-421150033, 09-73044311
09-5041550, 09-440051114, 09-779144498
ဒဂုံ- 09-260111942, 09420066955
09-440051112, 09-44051113

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ကျောက်စိမ်းလမ်းမကြီးနှင့်ကျောက်စိမ်း(၁)လမ်းထောင့်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၄)၊ မြေကွက်အမှတ်(၁၂၀)၊ ဧရိယာ(၀.၀၅၅)ဧက အကျယ်ရှိ ဦးကျော်မြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်မြင့် (၁၂/ရကန(နိုင်)၀၅၃၄၅၈) (RGN-၀၂၁၉၀၅) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | | |
|---|---|---|
| ဒေါ်မေရည်စိုးဦး | ဒေါ်မေချောစိုးဦး | ဒေါ်မေဇွန်စိုးဦး |
| LL.B,D.B.L | LL.B,D.B.L | LL.B,D.B.L,D.I.R |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၁၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၅၇) | အထက်တန်းရှေ့နေ(စဉ်-၃၆၁၆၅) |

စာချုပ်စာတမ်းနှင့် အိမ်ခြံမြေ ဥပဒေအကြံပေးရှေ့နေများ
ခြံအမှတ်(၅၀၅/၆ခ)၊ ပြည်ရိပ်သာလမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်
ဖုန်း - ၀၉-၅၀၅၇၇၇၁၄၊ ၀၉-၂၆၂၅၉၄၄၅၊ ၀၉-၅၁၄၁၀၅၃

# ရန်ကုန်မြို့နေပြည်သူများ နှစ်သစ်ကူးကြိုဆိုပွဲ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲ

**ရန်ကုန် ဒီဇင်ဘာ ၃၁**

၂၀၁၇ ခုနှစ် နှစ်သစ်ကူးအကြို Happy New Year ညကို ရန်ကုန်မြို့နေပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲကြရာ အင်းလျားကန်ပေါင်၊ ပြည်သူ့ရင်ပြင်၊ ကန်တော်ကြီး မျှော်စင်ကျွန်း၊ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံ၊ မိုင်ဒါကွင်း အစရှိသည့်နေရာများတွင် အထူး စည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းက ဘုရားစေတီပုထိုးများတွင် ဘုရားဖူးများဖြင့် စည်ကားလျက်ရှိပြီး မွန်းလွဲပိုင်းတွင် တိရစ္ဆာန်ဥယျာဉ်၊ ရုပ်ရှင်ရုံများနှင့် ပန်းခြံများ၌ အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိကာ ညပိုင်းတွင်လည်း အဆိုတော်များ၏ တေးဂီတဖျော်ဖြေပွဲများဖြင့် နေရာအလိုက် ကျင်းပတင်ဆက်နေမှုများကို တွေ့မြင်ရသည်။

"ဒီမနက်မှာ မိသားစုတွေနဲ့ လျှောက်လည်ကြတယ်။ အခုက

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**



ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားကန်ပေါင်တွင် ဒီဇင်ဘာ ၃၁ ရက် ညပိုင်းတွင် နှစ်သစ်ကြိုဆိုမည့် ပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။ (ငွေအောင်-ကြေးမုံ)

# နတ်ပေါက်ဆင်စခန်းသို့ ယခုနှစ်ခရီးသွားရာသီအစတွင် နိုင်ငံခြားသား ၂၇၀ ကျော် လာရောက်လေ့လာ



**မန္တလေး ဒီဇင်ဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ကသာ(အနောက်) သစ်ထုတ်လုပ်ရေးဒေသရှိ နတ်ပေါက်ဆင်စခန်းသို့ ယခုနှစ် ခရီးသွားရာသီအစတွင် နိုင်ငံခြားသား ၂၇၀ ကျော် လာရောက်လေ့လာခဲ့ကြောင်း ဆင်စခန်းမှ တာဝန်ခံ ဒေါက်တာအောင်သူရစိုးက ပြောသည်။

အဆိုပါ ဆင်စခန်းအဖြစ် ၂၀၀၅ ခုနှစ်က စတင်ခဲ့ပြီး ၂၀၀၉ ခုမှစ၍

**စာမျက်နှာ ၁၁ ကော်လံ ၅ သို့**

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၃၁**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ၅ ရက်အတွင်း ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်(တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**


## ထွန်းရွှေဝါဆေးတိုက် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများအား အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီအားပေးခဲ့ကြသော ကျေးဇူးရှင် ဆရာသမားများနှင့် မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်း ကိုယ်စားလှယ်တော်ကြီးများနှင့် သုံးစွဲသူ မိဘ ပြည်သူ များ၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်နေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများအားလုံး ခရစ်နှစ် ၂၀၁၇ ခုနှစ် နှစ်သစ်မင်္ဂလာ အခါသမယမှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့်အတူ စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်း ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

၂၀၁၇ နှစ်သစ် မင်္ဂလာမှာ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်း နှင့် ပြည့်စုံပါစေဟု

APOLO®

မိသားစုမှ ဆုမွန်ကောင်း တောင်းအပ်လိုက်ပါသည်။

မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးဂျာနယ်

ဇန်နဝါရီ ၁၊ ၂၀၁၇ (တနင်္ဂနွေနေ့)

# ငယ်ကြောက်





ကိုဇေ

ငယ်ကြောက်ဆိုတာ သူများတွေတော့ ဘယ်လိုခံယူထားတယ်မသိဘူး။ ကျုပ်အတွက်တော့ ငယ်ငယ်ကတည်းက ခုချိန်ထိ ကြောက်တဲ့အဖြစ်တစ်ခုရှိတယ်။ အဲဒါဘာလဲဆိုရင် ဆေးထိုးဆေးသောက်ကြောက်တာပဲ။ ငယ်ငယ်က မိုးရွာကြီးထဲ ဘောလုံးကန်တာ ခြေထောက်ကို သံလည်းစူးရော ဆေးခန်းသွားရမှာစိုးလို့ စောင်ခြုံပြီး တက်အိပ်နေတာ မကြာပါဘူးဗျာ သံဆိပ်တက်ပြီး ဖျားပါလေရော။ အမေက အိပ်နေတယ်ထင်ပြီးလာနှိုးမှ အသားတွေပူပြီး ဖျားနေမှန်းသိလို့ ဆေးခန်းပြေးရတယ်။

ခု ကျုပ်ချစ်သူက နာ့စ်။ သူနဲ့ကျုပ်က ငယ်ငယ်ကတည်းက ခြံချင်းကပ်ရက်နေတာ။ သူက ငယ်ငယ်ကတည်းက အဲဒီ နာ့စ်အလုပ်ကိုဝါသနာပါတာ။ အိမ်နားမှာလည်း ကျုပ်နဲ့ကစားဖော်ဆိုလို့ သူတစ်ယောက်ပဲရှိတာ။ သူနဲ့မှ မကစားရင်လည်း ကျုပ်မှာကစားဖို့လူကမရှိဘူးဆိုတော့ သူနဲ့ပဲ ကစားပေါ့။

ဒင်းကလည်း ငယ်ငယ်ကတည်းက ကျုပ်ကိုအနိုင်ကျင့်တယ်။ သူက နာ့စ်အလုပ်ကိုဝါသနာပါတဲ့လူဆိုတော့ အိမ်လာရင် "ဘွားဘွားရယ်၊ အန်တီရယ် မျက်နှာလည်း မလန်းဘူးနော်။ နေကောင်းလား။ သမီး ဘာလုပ်ပေးရမလဲ။ ဆေးသောက်ပြီးလား။ နင်းပေးရမလား"။ အဲလိုတွေလားပေါင်းများစွာနဲ့ အမှတ်တွေနင်းကန်ယူ၊ သူက စွတ်ပြီး လိမ္မာပြလေ ကြားထဲကကျုပ်မှာ အချောင် လူဆိုးကြီးကို ဖြစ်လို့။

"ဟဲ့ ငဇေ တွေ့လား၊ သူများသားသမီးတွေများ လိမ္မာလိုက်တာ။ နင်နဲ့များ နံ့သာဆီနဲ့ အီးပဲ"။ ကြားထဲက ကျုပ်မှာ အဲလို အချောင်အပြောခံရတယ်။ ကျုပ်က သူနဲ့ မဆော့ချင်ဘူးဗျ။ မဆော့ရင်လည်း အရိုက်ခံရမှာစိုးလို့ ဆော့ရတယ်။ ဆော့ပြန်ရင်လည်း ဒင်းက နာ့စ်လုပ်ရမှ။ သူနာ့စ်လုပ်မှတော့ ကျုပ်က အော်တို လူနာဖြစ်ပြီပေါ့။ အဲတော့ မဆော့ဘူးပြောရင် အသံပြဲကြီးနဲ့အော်ငိုတာပဲ။ သူငိုသံကြားရင် ကျုပ်အတွက်အရိုက်မခံရတောင် အဆူခံရဖို့ သေချာနေပြီ။ အဲဒီတော သူဆော့ချင်တာ ဆော့ပေးရတာပဲ။

ခုအရွယ်ရောက်လာတော့လည်း အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိဆိုသလိုပဲ။ ကျုပ်မှာ သူနဲ့ခပ်ကြောက်ကြောက်ပဲ ချစ်သူတွေဖြစ်ရော။ ဒင်းကလည်း သူဝါသနာပါတဲ့ နာ့စ်အလုပ်ပဲလုပ်တယ်။ ကျုပ်ကတော့ ဟိုနိုင်ငံထွက်တော့မလိုလို၊ ဒီနိုင်ငံထွက်တော့မလိုလိုနဲ့ ဟိုယောင်ယောင်ဒီယောင်ယောင်ပေါ့ဗျာ။

မှတ်မိသေးတယ်ဗျ။ ကျုပ်နဲ့သူ ပထမဆုံး ချိန်းတွေ့တုန်းက သူကဆေးရုံကအပြန် ကျုပ်နဲ့ နှစ်ယောက်သား ပန်းခြံထဲသွားကြတယ်။ အံမယ် ငတိမ ဆေးရုံထဲကထွက်လာတော့ မျက်နှာမှာ နှာခေါင်းစည်းကြီးတပ်ပြီး ထွက်လာတာဗျား။ ကိုယ်ထင်တာက သူအလုပ်ထဲမှာ safety ဖြစ်အောင်လို့ တပ်ထားတာပဲထင်လိုက်တာ။ ကျုပ်နဲ့ နှစ်ယောက်တည်းထိုင်ပြီး ကျုပ်မှာတော့ စကားတွေပြောလိုက်ရတာ။ ဒင်းက အဲဒါကြီးမဖြုတ်ဘဲ အင်းတစ်လုံးတည်းလိုက်နေတာ ကြာတော့ကျုပ်လည်း "ဟဲ့. . နင့် နှာခေါင်းစည်းကြီး မဖြုတ်ဘူးလား"

"အံမယ် ဘာလို့ဖြုတ်ရမှာလဲ၊ ဒါ ကျန်းမာရေးအတွက် တပ်ထားတာ"

"ခုနင်က ဘာဖြစ်နေလို့တုံး"

"ဟဲ့ နင်မသိဘူးလား။ ခု တရုတ်တို့၊ ဂျပန်တို့၊ ကိုရီးယားတို့မှာ ဆားလ်ရောဂါတွေဖြစ်နေတယ်လေ"

"ဟ အဲတာ ငါတို့နဲ့အဝေးကြီးလေ"

"နင်ဘယ်လောက်သိလို့လဲ။ အဲဒီရောဂါက လေထဲကနေတစ်ဆင့်ကူးတာဟ၊ နင့်လို အလေနတ်တော လျှောက်သွားနေတဲ့လူတွေ ပိုဖြစ်တယ်"။ အံမယ် ကျုပ်တောင် ခလုတ်တိုက်လိုက်သေးတယ်။

စဉ်းစားကြည့်လေ။ သမီးရည်းစား ချိန်းတွေ့ပါတယ်ဆိုမှ ဒင်းက မျက်နှာအပြည့်နီးပါး အဲဒါကြီးတပ်လာတော့ ကျုပ်က ဘယ်နားနမ်းရမလဲ။ အဲဒီတော့ ကျုပ်လည်း ထပြန်လာခဲ့တယ်။ လမ်းရောက်တော့

"ကိုဇေ ငါဗိုက်ဆာလို့ဟာ အကြော်ဝင်စားကြမယ်"

"စားမနေနဲ့၊ နင့်မှာ နှာခေါင်းစွပ်ခြင်းလိုဟာကြီး ပါးစပ်တပ်ထားတော့ ဘယ်အပေါက်ကထိုးထည့်မလဲ။ အိမ်ရောက်မှ စားတော့"။ အိမ်ရောက်တော့ သူ့ကိုနှာခေါင်းစွပ်ခြင်းကြီးလို့ပြောပြီး နွားနဲ့နှိုင်းပါတယ်ဆိုတိုင်လို့ အဆူခံလိုက်ရသေးတယ်။

ကျုပ်မှာ သူ့ကိုအကြောက်ဆုံးအချိန်ရှိတယ်ဗျ။ အဲဒါ ကျုပ်နေမကောင်းတဲ့အချိန်ပဲ။ ကျုပ်များနေမကောင်းဖြစ်ပြီဟေ့ဆိုတာနဲ့ သူ့ခွင်ထဲဝင်လို့ လှော်မယ်ဆိုတာကြီးပဲ။

"ဟဲ့ လာ ဆေးထိုးမယ်"

"ငါက နည်းနည်းလေးဖျားတာလေဟာ၊ သောက်ဆေးလောက်နဲ့ မဖြစ်ဘူးလား"

"လာစမ်းပါ။ မရှည်နဲ့။ ရောဂါဆိုတာ မွေးထားလို့ကောင်းတာမဟုတ်ဘူး။ ဆေးထိုးတာက ပိုထိရောက်တယ်"

ဂန်းနာမလေး အဲဒီစကားကို တိုးတိုးပြောလည်း ရရဲ့သားနဲ့ တစ်အိမ်လုံးကြားအောင် အော်ပြောတာ။ ကျုပ်အဘွားနဲ့ အမေက ကျုပ်ဆေးမထိုးဘူးဆိုတာသိရင် လာဆူအောင် အသံကိုအကျယ်ကြီးပြောတာ။ ကျုပ်ဆိုတဲ့ကောင်ကလည်း ဆေးထိုးတာမပြောနဲ့ ခြင်ကိုက်ရင်တောင် အတော်နာတယ်ထင်တဲ့ကောင်။

ငယ်ငယ်ကတည်းက ကျောင်းမှာ ကျောင်းကျန်းမာရေးဝင်မယ်။ ကာကွယ်ဆေးထိုးရမယ်ဆိုတဲ့နေ့ ကျုပ်ကျောင်းပြေးပြီ။ အိမ်ကလည်း အဲလို ကျောင်းပြေးတဲ့နေ့ဆို ဒင်း သွားမေးတာပဲ။ ပြီးရင် ကျုပ်ကို ရိုက်မောင်းပုတ်မောင်းနဲ့ ကျောင်းလိုက်ပို့တော့တာ။

ခု သူဆေးထိုးမယ်ဆိုတော့ ပြောမရမယ့်အတူတူ ထိုးပေါ့။ သူဆေးထိုးရင်လည်း နာတယ်လို့မပြောရဲဘူး။ တစ်ခါလည်း "နင်ဆေးထိုးတာ နာလိုက်တာဟာ"

"ဘာ နာတယ် ဟုတ်လား" ငင့်. . . အော်လိုက်တာ လန့်တောင်သွားတယ်။

"အေးလေ နာလို့"

"သေလိုက် လဲသေလိုက်။ ငါဆေးရုံမှာ တစ်နေ့ကို လူနာ အစိတ်သုံးဆယ် ထိုးပေးနေရတာ။ ဘာသံမှမထွက်ဘူး။ တစ်ယောက်မှလည်း နာတယ်မပြောဘူး။ နင့်ကျမှ နာတယ်တောင် ဖြစ်ရသေးတယ်"

"အေးလေ။ သူတို့က နင့်ကြောက်လို့နေမှာပေါ့"

"ငါ့ကြောက်ရအောင် ငါက ဘာလုပ်ပြနေလို့လဲ"

"ဘာမှ လုပ်မပြလည်း နင်တို့အော်ငေါက်နေတော့ ကြောက်လို့နေမှာပေါ့"

ကျုပ်က အဲဒါလေး ပြောမိပါတယ်။ သူ့အပေါက်ဆိုးတယ်ပြောရပ့်မလားဆိုပြီး နှစ်ပတ်လောက် စိတ်ကောက်သွားတာ မနည်းပြန်ချော့လိုက်ရတယ်။

အဲ သူဆေးထိုးပေးတဲ့အချိန်များ "နင်ဆေးထိုးတာ သိတောင်မသိလိုက်ဘူး"ပြောကြည့်။ သဘောတွေကျပြီး ကျုပ်တင်ပါးနှစ်ဖက်ကို ဘယ်တစ်လုံး၊ ညာတစ်လုံး လှော်တော့တာပဲ။

ကျုပ်မှာတော့ အံကြိတ်ခံရတယ်။ တစ်ခါလည်း အလို အံကြိတ်အခံကောင်းလို့ သူဆေးထိုးရင်း ပေါင်ကြီးတန်းသွားတာ ငါးရက်လောက် လမ်းကောင်းကောင်းလျှောက်မရဘူး။ နာ့စ်နဲ့ကြိုက်မိတဲ့ ကျုပ်ဒုက္ခကလည်း မသေးဘူးဗျ။

ကျုပ်ဟာကျုပ် အိမ်မှာနေရင်း သီချင်းလေးညည်းပြီး ခုံလေးခေါက်နေတာတောင် ပြောလိုက်တာလွန်ရော။

"ခုံခေါက်ရင် လူနာလာတယ် ဘာညာပေါ့ဗျာ"လူနာလာရအောင်လည်း ကျုပ်အိမ်က ဆေးခန်းဖွင့်ထားတာလည်းမဟုတ်။ ဆေးရုံလည်း မဟုတ်နဲ့။

"နင်ကလည်း ဘာမှမဆိုင်ပါဘူးလို့ပြောရင်"

"နင်တို့တွေက အသိခေါက်ခက်အဝင်နက်တွေ"လို့ အပြောခံရပြန်ရော။ သူ့အိမ်မှာသွားကြည့် တစ်အိမ်လုံး ကျန်းမာရေးစာစောင်တွေအပြည့်ပဲ။ အဲဒီထဲက

"ကွမ်းစားရင် ပါးစပ်ကင်ဆာဖြစ်တယ်"

"ဆေးလိပ်သောက်ရင် အဆုတ်ကင်ဆာဖြစ်တယ်"

"အရက်သောက်ရင် အသည်းကင်ဆာဖြစ်တယ်"

အဲလိုစာတွေပါတဲ့စာစောင်တွေယူလာပြီး ကျုပ်နဲ့ နှစ်ယောက်တည်းတွေ့တဲ့အချိန်ဆို ဖတ်ခိုင်းတော့တာပဲ။ တစ်ခါတလေ ကွမ်းစားလာမိရင် တန်းကောက်တော့တာ။ ကျုပ်မှာ ကွမ်းတစ်ယာစားရတာနဲ့မကာမိဘူး။ ပါးစပ်က အမြုပ်ထွက်အောင် ပြန်ချော့ရတယ်။ ဘီယာလား။ နည်းနည်းသောက်လို့ရတယ်။ ဆေးလိပ် နိုးပဲ။

"နင်ကလည်းဟာ သူများတွေလည်း စားနေကြတာပဲ ဘာမှမဖြစ်ပါဘူးဟ"

"ဟဲ့ အဲဒီ သူများဆိုတဲ့ကောင်တွေက ငါ့ချစ်သူ မဟုတ်ဘူးလေ" ဆိုတော့ ကျုပ်မှာ ဘာမှမပြောသာတော့ဘူး။ သူ့အိမ်များသွားတဲ့အချိန်ဆို သူ့ရှေ့မှာ နှစ်ခါလောက် နှာချေလိုက်တာနဲ့ ဆေးသေတ္တာကို လှမ်းကိုင်တော့တာပဲ။

အဲ နောက်တစ်ခါများ ထပ်ပြီးနှာချေလို့ကတော့ ဆေးပုလင်းထဲက ဆေးကို စလင်းနဲ့စုပ်ပြီးသား လက်ကလည်း မြန်မှမြန်။ ပါးစပ်ကလည်း "အဲဒါကြောင့် နင့်ကို ပြောတာ။ ရေချိုးရင် အကြာကြီးမချိုးနဲ့လို့။ ပြီးတော့ ဘယ်အချိန်ကြည့်ကြည့် စွပ်ကျယ်လက်ပြတ်နဲ့။ လူကြည့်တော့ ရေဆွတ်ချိန်မှ အစိတ်သားလောက်ပဲရှိတဲ့ ကိုယ်လုံးနဲ့"

"ဟာ နင်ကလည်း နှာခေါင်းယားလို့နှာချေတာပါဟာ။ ဘာမှမဖြစ်ပါဘူး"

"အေး နင့်ပြောလိုက်ရင် ဘာမှမဖြစ်ဘူးဆိုတာပဲ။ နှာစီးချောင်းဆိုးကနေစပြီး ကင်ဆာအထိ အကုန်သေလို့ရတဲ့ ရောဂါတွေဟဲ့"။ အမ် သူပြောမှ ကိုယ်ကပဲ ရောဂါသိုလှောင်ရေးဂိုဒေါင်ကြီးကြနေတာပဲ။

အဲလိုနဲ့ ကျုပ်မှာ တစ်နေ့တစ်နေ့ သူနဲ့တွေ့ရင် အတော်ကို အနေအထိုင်ဆင်ခြင်ရပါတယ်ဗျာ။ အော် ငယ်ကြောက် ငယ်ကြောက် ကြီးတဲ့အထိ ကြောက်နေရတဲ့ ကျုပ်အတွက် ငယ်ကြောက်တွေပေါ့ဗျာ။

■■■

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

# မြန်မာတွေ ဘာဆင်းရဲနေလဲ



ခြူး
B.A (japan)

"မြန်မာစာကြီးကမလိုပါဘူးကွာ"

"မြန်မာလူမျိုးဖြစ်ပြီး မြန်မာစာကျက်နေရဦးမှာလား"

"ဒီခေတ်ကြီးမှာ မြန်မာစာမလိုတော့ပါဘူးဗျာ" စသဖြင့် ညည်းတွားသံပေါင်းစုံကို စာရေးသူ နားနှင့်မဆံ့အောင် ကြားခဲ့ဖူးပါသည်။ မှန်ရာကိုဆိုပါမည်။ စာရေးသူကိုယ်တိုင်ပင် တစ်ချိန်က ထိုကဲ့သို့တွေးမိပါသည်။ တိုင်းတစ်ပါးယဉ်ကျေးမှုကူးစက်ခံ ယနေ့ခေတ်မြန်မာနိုင်ငံအဖို့ မြန်မာစာပေ၏ကဏ္ဍမှာ အင်မတန်မှေးမှိန်လာပြီဟုဆိုလည်း မမှားနိုင်ပေ။

ထိုအသိများအမှောင်ထုထဲမှ စာရေးသူအား ကယ်တင်ပေးလိုက်သောလက်တစ်စုံမှာ အခြားမဟုတ် မိမိတို့တလွဲဆံပင်ကောင်း လေးစားအတုယူနေမိသော တိုင်းတစ်ပါးသားများပင်တည်း။ စာရေးသူသည် အကြောင်းပါကာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ကြီးတွင် နိုင်ငံခြားဘာသာသင်ကြားဖြစ်ပါသည်။ နိုင်ငံခြားသားများနှင့် ခင်မင်ရင်းနှီးစေရန်မိတ်ဖွဲ့ခဲ့ပါသည်။ မိတ်ဆွေလာအဖွဲ့လည်း ခံခဲ့ဖူးပါသည်။

ကာလအတန်ကြာသော် စာရေးသူအဖို့ နိုင်ငံခြားသားသူငယ်ချင်းမိတ်ဖွဲ့သည်မှာ မဆန်းတော့ပေ။ သို့ရာတွင် အဖြေမထုတ်နိုင်သေးသည်မှာ ကျွန်ုပ်တို့ အထင်မကြီး မလေးမစား ပြက်ရယ်ပြုခဲ့သော မြန်မာစာအား ကျွန်ုပ်တို့အားကျအတုခိုးနေသော တိုင်းတစ်ပါးသားများ ဘာကြောင့်တလေးတစားလာသင်နေသလဲဆိုသည့် မေးခွန်းပင်ဖြစ်၏။ အဟုတ်တည်း။ ကျွန်ုပ်တို့သည် မြန်မာစာပေသမိုင်းကြောင်းထက် လူရေးရုပ်ရှင်သမိုင်းကို ကိုးကွယ်နေကြသည်။ ကျွန်ုပ်တို့သည် တန်ဖိုးထားသင့်သော မိခင်ဘာသာထက် ချိစ်စား၍ပြောသော ဘိုစကား၊ ဘိုစာကို ပိုမြတ်နိုးစုံမက်နေကြ၏။ အမှန်စင်စစ် အမေကျော် ဒွေးတော်လွမ်းဟူသော စကားပုံအတိုင်းပင်တည်း။

ကျုပ်တို့မြန်မာလူမျိုးများကသာ ဟန်လုပ်၊ ဂုဏ်လုပ်ရုံသက်သက်ဖြင့် နိုင်ငံခြားသားများအား မိတ်ဖွဲ့သော်ငြား ယင်းတို့၏ရည်ရွယ်ချက်မှာကား ကွဲပြား၏။ မြန်မာစာ မြန်မာစကားအား ကျောင်းစာအပြင် ဆရာ ဆရာမ သင်ကြားသည်ထက် ပိုမိုကျယ်ပြန့်စွာလေ့လာလို၍ ဖြစ်၏။ သို့သော် ခေတ်သုံးဗန်းစကားများနှင့် အသိများ အသုံးလွဲနေသော စကားများသာ လေ့လာခွင့်ရကြဟန်ပေါ်သည်။ စွန်းပျော်တယ်ဟုဆိုကာ အလွန်အစား "စွန်း" ကို အသုံးပြုပြောနေကြသဖြင့် မြန်မာစာသင်နိုင်ငံခြားသားတစ်ဦး၏ စပ်စုခြင်းခံခဲ့ရဖူးပါသည်။ စာရေးသူပင် ဤအဓိပ္ပာယ်နှင့် ဇာစ်မြစ်ကို မသိချေ။ သို့ရာတွင် အစွန်းရောက်၊ အစွန်းတစ်ဖက်ဟူသော စကားလုံးတို့အတိုင်း ဆိုလိုရင်းတူကောင်းတူနိုင်မည်ဟု ထင်မှတ်မိသည်။ ဇာစ်မြစ်ကား ကျွန်ုပ်တို့၏ဘဝတစ်စိတ်တစ်ပိုင်းဖြစ်နေသော ဖေ့စ်ဘွတ်ခေါ် အင်တာနက်လူမှုစာမျက်နှာပင်ဖြစ်မည်ဟု ထင်မိ၏။

ယင်းသို့ကောက်ချက်ချမိသည်ကား တခြားမဟုတ်။ လူမှုစာမျက်နှာပေါ်တွင် "ယ်"အစား "ရ်"သုံးနေသည်ကို တွေ့မြင်ဖူးသည်။ "ရ်"ကို ရှေးမြန်မာစာပေတွင် အသုံးပြုဖူးသည်ကို လေ့လာခဲ့ဖူးပါသည်။ "တဲ့"ကိုပင် "တက်"ဟု ဖော်ပြခဲ့ဖူးသေးသည်။ ထိုအခါ ရှေးမြန်မာစာ လေ့လာကျက်စားသည်မဟုတ်ပေတကားဟု ထင်မှတ်မိပါသည်။

သို့သော် ယခုအသုံးပြုနေကြတော့ "ကွိုး"၊ "မွိုး" ဆိုသည်ကား မည်သည့်အဘိဓာန်မှ ကောက်နုတ်ထားသည်ကို မသိရိုးအမှန်ပေ။ ယခုအခါ "ပဲ"နှင့် "ဘဲ"၊ "လည်း" နှင့် "လဲ" စသည့်အသုံးပင်မမှန်တော့ပေ။ ဖေ့စ်ဘွတ်အဘိဓာန်ကျမ်းစာအရ ပြောင်းသွားသည်လား။ မြန်မာစာအသုံး ကျမ်းမကျေတော့သည်ကား စာရေးသူမပြောတတ်ပေ။

သို့သော် ပြတင်းပေါက်ကို ပြူတင်းပေါက်ဟု သင်နေသော ဆရာမ။ ကြေညာအား ကြေငြာဟုရေးနေသော သတင်းဆောင်းပါးရှင်။ ကိုယ့်ကိုယ်ကိုယ်ဟုမရေးဘဲ ကိုယ့်ကိုကိုဟု ရေးတတ်သည့်စာရေးဆရာတို့ကို မြင်တွေ့ရသော် စာရေးသူ အင်မတန်တုန်လှုပ်သွားမိပါသည်။

လမ်းတွင်ထောင်ထားသော ဘေဘုတ်မှ မြန်မာစာသတ်ပုံအမှားများ၊ လက်ကမ်းကြော်ငြာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့တွင်ပါလာသည့် ကျွန်ုပ်တို့မြန်မာလူမျိုးများ၏ မြန်မာစာအမှားကို မြန်မာစာသတ်ပုံကျမ်းကိုင်ကာ ထောက်ပြနေသော နိုင်ငံခြားသားများရှေ့မှောက်တွင် ရပ်နေမိသော စာရေးသူ ထွက်ပြေးသွားချင်မိသည်မှာ မှန်သောစကားသစ္စာတည်း။

ဘာကြောင့် မြန်မာတွေ မြန်မာစာအခြေခံတောင်မှားနေရတာလဲဟူသော အမေးအောက် စာရေးသူအရိုးထိအောင်နာကျင်မိသည်။

ရှက်သည်မဟုတ်။ ရွံ့သည်မဟုတ်။ ဤတိုင်းတစ်ပါးသား ငါ့နိုင်ငံလာ ငါ့လူမျိုးကိုနှိမ်ပြောတာလားဟူ၍လည်း စိတ်မဆိုးမိပါ။ နာကျင်သည့်အကြောင်းမေးလျှင် မသိလိုက်ခြင်း၊ မသိမိခြင်းဟုပင်ဖြေရမည်။ ကျုပ်တို့အားလုံးရုပ်ပိုင်းဆိုင်ရာ အလွယ်ဖွံ့ဖြိုးဖို့ရည်မှန်းကာ နည်းပညာအသစ်အဆန်းတွေ၊ တိုင်းတစ်ပါးဘာသာစကားတွေ လေ့လာကြ၊ ဆည်းပူးကြနဲ့ အချိန်တွေကုန်ပြီး ဆင်းရဲလာကြတာမသိလိုက်ကြဘူး။ မြန်မာလူမျိုးဖြစ်ပြီး လူတိုင်းမြန်မာစာမရေးတတ်ကြဘူး။ ဘာသာပြန်မပေးနိုင်ကြဘူး။ မြန်မာစာမသင်ပေးနိုင်ကြဘူး။

ဒီလိုပြောလို့ စာရေးသူကိုယ်တိုင်လည်း မြန်မာစာအဓိက မဟုတ်ရပါဘူး။ မြန်မာစာအကျွမ်းတဝင် လေ့လာသူလည်း မဟုတ်ရပါဘူး။ သို့ရာတွင် လေ့လာဆဲ၊ လေ့လာမြဲပါ။ ဒါကြောင့် ကိုယ့်ဘာသာစကား ဂုဏ်မငယ်ရလေအောင် မြန်မာဖြစ်ပြီး မြန်မာစာမဆင်းရဲရလေအောင် မြန်မာစာကိုမပစ်ပယ်ကြစေလို၍ အပြုသဘောနှင့် အသိပေးလိုက်ပါရစေ။ ။

# ကြောင်အက်ဆေး



ခန့်နေ
4th B.D.S၊ သွားဘက်ဆိုင်ရာ
ဆေးတက္ကသိုလ် (ရန်ကုန်)

**နှစ်ယောက်လုံးအတွက် ဗိုလ်ဖြစ်၍ ပျော်ရမှာထက် ဒုတိယလူ ဖြစ်ရမှာကို ကြောက်သောစိတ်က ပိုအားသာနေသည်။ တစ်ဦးတည်း ဗိုလ်မလုပ်ရလည်း ဘာမှမဖြစ်။ ရှုံးပြီး အောက်လူဖြစ်သွားရင်တော့ သွားပြီ။ ထို့ကြောင့် ကျီးဘုတ်ရိုသေ၊ ဘုတ်ကျီးရိုသေ နေလိုက်ကြခြင်းပင်။**

"ခါး. . . ခါး. . . "

စာဖတ်နေရာမှ အသာနားစွင့်နေလိုက်သည်။ အငဲသီချင်းသံမဟုတ်။ ကြောင်အော်သံ။ အာခေါင်ခြစ် အော်သည့်အသံ။

"ခါး. . . ခါး. . . ဝှမ်. . ညှောင်. . ခရူး. . ဂူး. . "

ဟာ အသံတွေကို ဆူညံနေတော့သည်။ တစ်ကောင်တည်း မဟုတ်တန်ရာ။ စာအုပ်ချထားခဲ့ပြီး သွားကြည့်လိုက်သည်။

ဟုတ်ပ့ါ။ နှစ်ကောင်။ တစ်ကောင်နှင့်တစ်ကောင် ရန်စောင်နေကြသည်။ အမြီးကြီးတွေက တုတ်ပွပြီး မိုးပေါ်ထောင်လို့။ အစွယ်တွေအဖွေးသားနှင့် သွားတွေကို ဖြီးလို့။ နှုတ်ခမ်းမွေးတွေက တလှုပ်လှုပ်။ မြေပြင်ပေါ်မှာ။ ကျွန်တော်က အိမ်ပေါ်မှာ။ ဘာဆက်ဖြစ်ကြမလဲ စိတ်ဝင်စားသည်နှင့် အသာရပ်ကြည့်နေလိုက်သည်။

ဆယ့်ငါးမိနစ်ခန့်သာ ကြာသွားသည်။ ဘာမှဆက်မဖြစ်။ "ဂူး. . ဂရား. . ခါး. . . ဂရူး. . ရှူး. . . "က မတက်။ ဘယ်အကောင်ကမှ စမတိုက်။ ဘယ်ကောင်က မှလည်း ထွက်မပြေး။ အမြီးတုတ်၊ သွားဖြီး၊ အမွေးပွကြီးတွေနှင့်သာ ဆက်ရန်စောင်နေကြလေသည်။

ဒီနှစ်ကောင်ကိုကြည့်ပြီး ကျွန်တော်ပြုံးမိသည်။ ဆရာကြီးရွှေဥဒေါင်းရဲ့ ဇော်ဟိတ်ဝတ္ထုတွေထဲက တစ်ပုဒ်ကို သွားသတိရသောကြောင့်ဖြစ်သည်။

လူမိုက်များနှင့်ရင်ဆိုင်၍ အစွမ်းပြခြင်းဆိုသောအပုဒ်။ ထိုအပုဒ်ထဲက သရဲကုန်းရွာသား လူမိုက်ခေါင်းဆောင်ကြီးနှစ်ယောက်ဖြစ်သော ကိုကျော်ဆောင်နှင့် ကိုထွားကြီးတို့နှစ်ယောက် အားစမ်းဗိုလ်လုကြသော အခန်းမှာ ဤကြောင်နှစ်ကောင်နှင့် တူနေသလားထင်မိသည်။ ထိုအပိုဒ်ကလေးကို ကူးယူဖော်ပြပါရစေ။

"တစ်နေ့သ၌ ကိုကျော်ဆောင်နှင့် ကိုထွားကြီးတို့သည် အရက်သောက်ရင်း ကာယဗလအကြောင်းကို စကားစပ်မိကြ၍ တစ်ယောက်၏လက်ကို တစ်ယောက်ဆုပ်ကိုင်ကာ လက်လှဲခြင်း အားစမ်းနည်းဖြင့် စမ်းကြည့်ကြရာ နှစ်ယောက်စလုံးတောင့်ထားကြစဉ်အတွင်း စားပွဲခုံသည် သူတို့၏ တံတောင်ဖိနှိပ်ခြင်းကို မခံနိုင်သည်နှင့် ဂွမ်းခနဲ ကျိုးကျသွား၏။ လူကြီးနှစ်ယောက်တို့သည် ဆက်လက်၍ အားမစမ်းကြတော့ဘဲ ထိုနေ့မှစ၍ တစ်ယောက်ကိုတစ်ယောက် လေးစားကြလေတော့၏။ ဦးကျော်ဆောင်သည် အခြားလူများထံမှ အကြွေးတောင်းခံ၍ အလွယ်တကူမရခဲ့လျှင် ခပ်ဆတ်ဆတ် ပြောတတ်သော်လည်း ကိုထွားကြီးအားမူ ထိုကဲ့သို့ ပြောဖူးခြင်းမရှိ။ ကိုထွားကြီးကလည်း အကြွေးသောက်စေကာမူ မပေးဆပ်ဘဲ မနေခဲ့ချေ။ စင်စစ်မှာ ဤလူနှစ်ယောက်အနက် မည်သူက မည်သူ့ကိုကြောက်ရသည်ဟု မပြောနိုင်ကြဘဲ အပြန်အလှန်လေးစားကြခြင်းကိုသာ တွေ့ရလေသည်။"

ထိုအခန်းကိုဖတ်ရတုန်းကလည်း တော်တော် သဘောကျသည်။ ဖတ်မိတိုင်းပြုံးရသည်။ ဗိုလ်မလုတော့ဘဲ သရေရလဒ်ဖြင့်သာ အဆုံးသတ်ထားလိုက်ပြီး အပြန်အလှန်လေးစား၍သာနေလိုက်ကြသည်ဆိုသည်မှာ တကယ်တော့ ရှုံးနိမ့်မှာကြောက်ခြင်းဖြစ်သည်။ နှစ်ယောက်လုံးအတွက် ဗိုလ်ဖြစ်၍ ပျော်ရမှာထက် ဒုတိယလူဖြစ်ရမှာကို ကြောက်သောစိတ်က ပိုအားသာနေသည်။ တစ်ဦးတည်း ဗိုလ်မလုပ်ရလည်း ဘာမှမဖြစ်။ ရှုံးပြီး အောက်လူဖြစ်သွားရင်တော့ သွားပြီ။ ထို့ကြောင့် ကျီးဘုတ်ရိုသေ၊ ဘုတ်ကျီးရိုသေ နေလိုက်ကြခြင်းပင်။ လူ့သဘာဝအတော်ပေါ်လွင်သောအဖွဲ့ဖြစ်သည်။

ခု ဒီနှစ်ကောင်လည်း အတူတူပင်။ ဘယ်ကောင်ကမှ စမတိုက်ရဲ။ မတိုက်ရဲဘူးဆိုရင် ထွက်ပြေးပါတော့လား ဆိုတော့လည်း ထွက်မပြေး။ ဟန်ကိုယ့်ဖို့ မိုက်ဟန် ဆက်ဆောင်နေရသည်။ မဆောင်လို့လည်းမရ။ စထွက်သွားတဲ့ကောင် ဦးကျိုးပြီသာမှတ်။ ခုနက နှစ်ကောင်လုံး စမတိုက်ရဲသော်လည်း တစ်ကောင်ကစထွက်သွားပြီဆိုရင်တော့ ဟန်ကိုယ့်ဖို့ပိုတောင့်ခံနိုင်ခဲ့သည့် ကျန်ခဲ့တဲ့အကောင်က လိုက်ကိုက်ပြီသာမှတ်ပေတော့။ ဒါနဲ့ ဒီနှစ်ကောင်လည်း "ဂူး. . ဂရား. . ဝူး. . ဝါး"နှင့် ဇာတ်မျောကြီး ဖြစ်နေလေတော့သည်။

နှစ်ကောင်သားကြည့်ရတာ သူတို့အစား အတော်အကျပ်ရိုက်သည်။ ဒါနဲ့ ရေနဲ့လှမ်းပက်ကာ ဖျန်ဖြေပေးလိုက်သည်။ ပြေးကြတာမှ တန်းလို့။ ပြေးချင်နေတာကြာလှပြီကိုး။ မရဲသော်လည်း ပြေးခဲစေ မိုက်ဟန်ဆောင်နေရလို့သာ။ ခုတော့ ဟန်မပျက်နောက်ဆုတ်လို့ရပြီ။ ကြောင်တွေသာ အသိဉာဏ်ရှိရင် "ငါတို့ဂုဏ်သိက္ခာကို အဖတ်ဆယ်ပေးတဲ့ အနှီလူသား ကျန်းမာသက်ရှည် ဘုန်းကြီးပါစေဗျာ"ဟု နှစ်ကောင်လုံး ကျွန်တော့်ကို ကျေးဇူးတင်နေလောက်သည်။ ကိုကျော်ဆောင်နှင့် ကိုထွားကြီးလည်း ကျိုးသွားသော စားပွဲခုံကို စိတ်ထဲက ကြိတ်ကျေးဇူးတင်နေမှာ သေချာသည်။

ဒီကောင်တွေက မျိုးတူကြောင်ချင်းအပေါ်တွင်သာ ဟန်လုပ်ကောင်းတာမဟုတ်သေး။ လူတွေအပေါ်မှာလည်း ဟိတ်ဟန်က လုပ်တတ်သေးသည်။ ခုနကနှစ်ကောင်ထဲက တစ်ကောင်က ကျွန်တော့်အိမ်က ကြောင်မလေးကို လာပိုးနေကျ။ ကျွန်တော်ကလည်း ကြောင်ချစ်တတ်သူဆိုတော့ အေးအေးလူလူနေခွင့်ပေးထားသည်။ ဒါပေမယ့် ဒီကောင်က အလိုလိုက်အမိုက်စော်ကား၊ အရိပ်နေနေ အခက်ချိုးချိုး၊ သားရေပေါ်အိပ်သားရေနားစားကြောင်။ အိမ်ကိုလာတိုင်း တစ်ခုခုကို သေးနဲ့ပန်းသည်။ ညှိသည်က အချိုးမပြေမှတော့ အိမ်ရှင်က သဘောကောင်းနေလို့ မရတော့။ ဒီကောင် အမြီးတုန်ဖင်လှုပ်တာ မြင်သည်နှင့် မောင်းထုတ်သည်။ အမယ် သကောင့်သားကြောင်က အော်တုန်းခဏသာ အမြန်ပြေး၍ သူလွတ်လောက်ပြီ ထင်သည့်နေရာရောက်သည်နှင့် တစ်လှမ်းချင်းသာလှမ်းပြီး သမင်လည်ပြန် ချိုကြည့်ကြည့်ကာ တဝှမ်ဝှမ်အော်သွားလိုက်သေးသည်။ မင်းကို ငါမကြောက်ဘူးကွဆိုတဲ့ သဘော။


သို့သော် ကျွန်တော် သဘောကျစွာပြုံးလိုက်ပါသည်။ တိရစ္ဆာန်လေးတွေဆိုတာ လူကိုအသက်အန္တရာယ်မဖြစ်စေသရွေ့ ဘယ်လိုပဲနေနေ ချစ်စရာကောင်းလှသည်မဟုတ်လား။ ။

## နားလည်မှု လမ်းဆုံ

မီးပွိုင့် မရှိဘူး။
မြင်းကျား မရှိဘူး။
ယာဉ်ထိန်းရဲ မရှိဘူး။
ကိုယ့်ဘေးအန္တရာယ်အတွက်
ကိုယ်တိုင်ကာကွယ်တတ်ဖို့ပဲလိုတယ်။
နားလည်မှုတွေနဲ့ တွဲဖက်လို့
ခက်ခဲစွာဖြတ်သန်းရမယ့် လမ်းတစ်ဖက်ကို
ယုံကြည်မှုတွေနဲ့ ခရီးဆက်လို့ရတယ်။
မာန်မာနတွေ မလိုအပ်ဘူး။
ပကာသနတွေလည်း အသုံးမဝင်ဘူး။
လျှောက်လှမ်းရမယ့်
ပန်းတိုင်တွေတူညီနေပြီဆို
လမ်းကြုံရင် တွဲခေါ်လို့ရတယ်။
လမ်းဆုံမှာ တွဲကပ်မနေပါနဲ့
လမ်းဘေးရောက်သွားလိမ့်မယ်။
အသက်မှာ အပိုတွဲ
မပါသလို ငရဲအတွက်လည်း
ဗီဇာ မလိုအပ်ဘူး။
အရှိန်အဝါကြီးသူ ဦးစားပေးစနစ်နဲ့
ခေတ်သစ်ရဲ့လမ်းဆုံမှာ
အလုအယက် တိုးထွက်နေမယ့်အစား
အမျိုးသားရေးစိတ်ဓာတ်တွေနဲ့
နားလည်မှုလမ်းဆုံကို
ငြိမ်းချမ်းစွာဖြတ်သန်းကြမယ်။

ပုညခေတ် (မန္တလေး)
တတိယနှစ် (ဒဿနိကဗေဒ)
ရတနာပုံတက္ကသိုလ်

# ဘဝ၏ လှည့်ကွက်



ခင်ရတနာထက်
တတိယနှစ် (အင်္ဂလိပ်စာ)
ရန်ကုန်တက္ကသိုလ်

(၁)

ယနေ့မှစ၍ ကျွန်မဘဝ အားလုံးပြောင်းလဲသွားခဲ့သည်။ တစ်ချိန်က ကျွန်မသည် တစ်မိသားစုလုံး၏ အချစ်တော် ဖြစ်ခဲ့သည်။ သူများတွေမရနိုင်သော အချစ်တွေ ပိုင်ဆိုင်ကာ ပျော်ရွှင်ခဲ့ရသည်။ သို့သော် ယခုအခါ အားလုံး ပျောက်ကွယ်သွားခဲ့လေပြီ။

နှစ်လအရွယ် ကျွန်မသည် ဤမိသားစုလေးထဲသို့ စတင်ဝင်ရောက်ခဲ့သည်။ မွေးခါစအရွယ်ဖြစ်၍ တစ်မိသားစုလုံး တယုတယနှင့် ဂရုစိုက်ကြသည်။ ပျော်ရွှင်မှုအပြည့်၊ စိတ်ချမ်းသာမှုအပြည့်ဖြင့် သခင်များ၏ သမီးအရင်းသဖွယ် ဂရုစိုက်မှုကိုလည်း ခံယူခဲ့ရသည်။ တစ်နေ့တွင် ရိုစီဟူသောနာမည်ကို ကျွန်မပိုင်ဆိုင်ခဲ့သည်။ ထိုအချိန် ထိုကာလသည် တစ်မိသားစုလုံး၏အချစ်ကို ပိုင်ဆိုင်ဖို့သာ ကျွန်မ၏အလုပ်ဖြစ်သည်။

ထမင်းစားရန် အချိန်ကျရောက်လျှင် ကျွန်မအတွက် ကောင်းမွန်သော အစားအစာများကို အဆင်သင့်ပြင်ထားပေးကြသည်။ ကျွန်မတို့ သဘာဝ အရိုးဟူသောအရာကို ကြိုက်နှစ်သက်သည်ဟု ကြားဖူးသော်လည်း ကျွန်မအတွက် မြင်တောင်မမြင်ဖူးပေ။ တစ်နေ့ သခင်၏သားဖြစ်သူသည် ကျွန်မအတွက် အရိုးဟူ၍ ချပေးသည်။ မမြင်ဖူး၊ မလုပ်ဖူးသော၊ လက်တည့်စမ်းချင်သော စိတ်သည် သတ္တဝါတိုင်းတွင်ရှိတတ်ကြသည်။ အရိုးဟူသောအရာကိုစားရန် အရှိန်ယူလိုက်စဉ် "သား ရိုစီကို အရိုးမကျွေးရဘူး ပြောထားတယ်လေ။ အရိုးစူးသွားရင် ဘယ်လိုလုပ်မလဲ"ဟူသော အသံတစ်ခုနှင့်အတူ အရိုးပါ ပျောက်သွားလေသည်။

ညနေခင်းတစ်ခု၌ သာယာသော ရာသီဥတုနှင့်အတူ သခင်ခေါ်ဆောင်ရာသို့ လိုက်ပါလာခဲ့သည်။ များသောအားဖြင့် အိမ်ထဲ၌သာနေရသော ကျွန်မအဖို့ အပြင်ထွက်ရသည်မှာ အပျော်ရွှင်ဆုံးအချိန်ဖြစ်ပေသည်။ တစ်နေရာတွင် သခင်ဖြစ်သူသည် အသိတစ်ယောက်နှင့် စကားလက်ဆုံကျနေလေသည်။ ထိုအခိုက်လမ်းထဲရှိ နာမည်ကြီးဂျလေဘီအုပ်စုနှင့် ဆုံလေသည်။ အုပ်စုထဲမှ ခေါင်းဆောင်ဆိုသူ မိုက်ခဲသည် ကျွန်မထံသို့ ချဉ်းကပ်လာသည်။

"ဟေ့ နင်က ဟိုအိမ်ကြီးမှာနေတဲ့ ရိုစီမဟုတ်လား" ထိုသို့အမေးခံရသော ကျွန်မသည် ခပ်ကြွကြွဖြစ်နေကာ ဘဝင်မြင့်နေပုံကို အထူးတလည်ပြောစရာလိုမည် မထင်ပေ။ ထို့ကြောင့် "ဟုတ်တယ်။ နင်က ဘယ်သူလဲ"ဟု အသံမာမာနှင့် မေးလိုက်သည်။

"ငါက ဒီလမ်းထဲကပါ။ နင်က ကံကောင်းတယ်နော်" ဟု မိုက်ခဲက စကားဆက်လိုက်သည်။ မီးလောင်ရာလေပင့်ဆိုသလို ကံကောင်းတယ်ဟူသော စကားကို ကြားလိုက်ရသော ကျွန်မသည် ခြေထောက်နှင့်မြေကြီး မထိသလိုပင် ခံစားလိုက်ရသည်။ ထိုအချိန်တုန်းက ကျွန်မ ဖြေလိုက်သော စကားကို မှတ်မိပါသေးသည်။

"ကိုယ့်ကုသိုလ်နှင့် ကိုယ်ပဲလေ"တဲ့။

(၂)

မှန်ပါသည်။ အားလုံးသည် ကံကြမ္မာစီမံရာ အတိုင်းသာ ဖြစ်သည်။ ရက်အနည်းငယ်အကြာတွင် ထိုလမ်းမပေါ်သို့ တစ်ဖန်ရောက်ခဲ့ပြန်သည်။ သခင်ဖြစ်သူသည် ထုံးစံအတိုင်း အသိမိတ်ဆွေနှင့် စကားဖောင်ဖွဲ့နေလေသည်။ ကျွန်မလည်း ဂျလေဘီအုပ်စုကို ထပ်မံတွေ့ရပြန်သည်။ သို့သော် ကျွန်မနှင့်စကားပြောခဲ့ဖူးသော မိုက်ခဲကို မတွေ့ပေ။

ထိုအုပ်စုထဲမှ "မိုက်ခဲ သနားပါတယ်ကွာ"ဟူသော အသံသည် ကျွန်မအဖို့ ပျောက်ဆုံးနေသောအရာကို ပြန်တွေ့ရသည့်အလား အရိပ်အမြွက်တစ်ခုဖြစ်ပေသည်။

မိန်းမသားတို့သဘာဝ စပ်စုတတ်သည်နှင့်အညီ ထိုအုပ်စုကို အသံပေးကာ မိုက်ခဲအကြောင်း မေးမိလေတော့သည်။

"မိုက်ခဲ ဘာဖြစ်လို့လဲ"ဟူသော ကျွန်မ၏ မေးခွန်းအဆုံးတွင် "သူ သေ သွားပြီ" ဟူသည့် အဖြေသည် ချက်ချင်း နေရာယူထားလေသည်။

ဆက်လက်၍မေးရန် ဟန်ပြင်လိုက်စဉ် "အစာငတ်ပြီး သေတာကွဲ့။ သူ အစာမစားရတာ တစ်ပတ်ရှိနေတော့ တွေ့ရာရှာဖွေစားနေတာ။ အဲလိုနဲ့ လူတစ်ယောက်ကျွေးတဲ့အစာကိုစားပြီး သေသွား တာပဲ။ လူတွေအချင်းချင်းပြောတာ ကြားခဲ့တာကတော့ အဆိပ်ခတ်ထားတဲ့ အသားလုံးဆိုလားပါပဲ"ဟူ၍ပြောပြီး ထွက်သွားကြလေသည်။

အိမ်ပြန်ရာလမ်းတစ်လျှောက်တွင် "နင်က ကံကောင်းတယ်နော်"ဟု ပြောခဲ့သော မိုက်ခဲ၏အသံကို ပြန်ကြားယောင်ရင်း ကြီးနိုင်ငယ်ညှဉ်းဆိုသလို ရေငတ်နေသူအဖို့ ရေတွင်းထဲကျချိန်သည် ပျော်စရာဖြစ်လင့်ကစား အစာငတ်နေသော မိုက်ခဲအတွက် အဆိပ်ဟူသောအရာကြီးနှင့် ရင်နင့်ဖွယ်ဇာတ်သိမ်းခဲ့လေသည်။

(၃)

သခင်တို့၏ယုယမှုအောက်တွင် သုံးနှစ်တာ ရှင်သန်နေထိုင်ရင်း ပျော်ရွှင်ချမ်းမြေ့စရာများစွာကို ပိုင်ဆိုင်ခဲ့သည်။ သို့သော် သုံးနှစ်ဟူသောသံယောဇဉ်ကို ဖြတ်တောက်နိုင်သော လေမုန်တိုင်းတစ်ခုဝင်လာခဲ့သည်။ တစ်နေ့တွင် သခင်မသည် "မင်းတို့အဖေ ရာထူးတိုးပြီဟေ့"ဟူသော ပျော်ရွှင်စရာသတင်းကောင်းကို သယ်ဆောင်လာခဲ့သည်။ သခင်တွေ ပျော်နေသည်ကိုမြင်ရသော ကျွန်မသည်လည်း ထပ်တူပျော်ရွှင်ခဲ့ရသည်။

ရာထူးတိုးခြင်း၏ နောက်ဆက်တွဲမှာ နေရာဒေသပြောင်းရွှေ့ရခြင်းဖြစ်သည်ကို ကျွန်မ မသိခဲ့ပေ။ ကျွန်မတို့ နေရာဒေသအသစ်သို့ ပြောင်းရွှေ့ရတော့မည်ဖြစ်၍ အလွန်ပျော်ရွှင်ခဲ့ရသည်။

ထိုစဉ် အသံတစ်ခု ကြားလိုက်ရသည်။ "ရိုစီကို ခေါ်လို့မရဘူး သားရဲ့" ဟူသောစကားလုံးသည် ကျွန်မ၏ရင်ဝသို့ ဓားနှင့်ဆောင့်ထိုးသလိုဖြစ်သွားသည်။ "ဘာလို့လဲ" ဟု ကျွန်မမေးချင်သောမေးခွန်းကို သားဖြစ်သူက မေးခဲ့သည်။

"ဟိုမှာ မေမေတို့က တိုက်ခန်းနဲ့နေရမှာ။ ရိုစီနဲ့ဆို အဆင်မပြေလောက်ဘူး။ အစိုးရကပေးမယ့် တိုက်ခန်းဆိုတော့ ဘေးအခန်းတွေကို အားနာရမယ်လေ" ထိုအဖြေကို ကျွန်မဆက်ပြီးမကြားလိုတော့ပါ။ မကြားတော့ပါ။ အားလုံးက ကျွန်မကိုစွန့်ခွာဖို့ ကြံစည်နေသည်ကို ကျွန်မ ဆက်၍နားမထောင်လိုတော့ပါ။

ထိုနေ့မှစ၍ သခင်တို့သည် အိမ်ပြောင်းရန်ကိုသာ အာရုံစိုက်နေကြသည်။ ကျွန်မကို ထမင်းကျွေးနေကျအချိန်ဖြစ်သော်လည်း ထိုရက်များတွင် သခင်များမအားသောကြောင့် ကျွေးသူမရှိဖြစ်လေသည်။ ကိုယ်စီကိုယ်စီ အလုပ်ရှုပ်နေကြသောကြောင့် ယခင်ကဲ့သို့ ကျွန်မကို ဂရုမစိုက်နိုင်ကြတော့ပေ။

မနက်ဖြန်ဆိုလျှင် သခင်တို့ အိမ်ပြောင်းကြတော့မည်။ သခင်တို့၏နှုတ်ဆက်မှုကို ကျွန်မ မခံယူလိုပါ။ ကျွန်မရင်ထဲသို့ ဝင်ကြည့်လှည့်ပါ။ "ထားမသွားပါနဲ့"ဟု အကြိမ်ကြိမ်တောင်းပန်နေသည်ကို မမြင်ကြဘူးလား။ ရင်တစ်ခုလုံးကွဲကြေပြီး မျက်ရည်တွေပြည့်နေသည့် ကျွန်မ၏ မျက်ဝန်းတွေကို မမြင်ကြဘူးလား။

ကျွန်မ၏ ခံစားချက်များကို ကျွန်မတစ်ယောက်တည်းသာ ကြိတ်၍ခံစားရပါသည်။ ထိုခံစားချက်များနှင့်အတူ ကျွန်မ၏သခင်များမသိအောင် အိမ်မှ တိတ်တဆိတ်ထွက်လာခဲ့တော့သည်။ ပျော်ရွှင်မှုတွေအစား ဝမ်းနည်းမှု၊ ဂရုစိုက်မှုတွေအစား ဒဏ်ရာအနာတရ၊ ကြင်နာမှုတွေအစား လောကဓံကိုသာ ခါးစည်းခံနေရပေသည်။

(၄)

"ကိုယ့်ကုသိုလ်နှင့် ကိုယ်ပဲလေ"ဟု တစ်ချိန်က မိုက်ခဲကို ပြောခဲ့သောစကားသည် မှန်ပေသည်။

အရင်က ရိုစီဟူသည့် လှပသောအမည်ကို ပိုင်ဆိုင်ခဲ့ရသော်လည်း အိမ်မှထွက်ခဲ့ပြီးနောက်ပိုင်းတွင် အမြင်မတင့်တယ်ခြင်းဖြင့် ဝဲစားဟူသောအမည်ကို ခံယူထားရသည်။ ဗိုက်ဆာလျှင် အဆင်သင့်စားနေရသော ဘဝမှ နပ်မမှန်သော အချိန်များစွာဖြင့် ဘဝကို အသက်ဆက်နေရလေပြီ။

အရိုးဟူသောစကားလုံးကိုမသိခဲ့သော ကျွန်မအဖို့ ယခုအခါ အဆိပ်လုံးဟူသောအရာနှင့် မတွေ့ရမိအောင် ရှောင်တိမ်းနေရပေသည်။

သခင်တို့ ကျွန်မထွက်သွားသည်ကို လိုက်ရှာကြမည်လော။ စိတ်ပူနေကြမည်လော ကျွန်မ မသိတော့ပါ။ သို့သော် သူတို့ ကျွန်မကိုမမေ့ဘူးဟု ယုံကြည်ပါသည်။ ယခု အပြင်လောကကြီးကို ကျွန်မ ရဲရဲရင့်ရင့် ရင်ဆိုင်နိုင်ပါပြီ။ အမှန်မှာ လောကတွင် ရှင်သန်နေကြသော သတ္တဝါအားလုံးတို့သည် ကံကြမ္မာ၏ အလှည့်အပြောင်းအောက်တွင် ပါဝင်ကပြနေကြခြင်းဖြစ်သည်။ ယနေ့ မြင့်သောနေရာ၌ရှိနေသော်လည်း မနက်ဖြန် ထိုနေရာကို ပိုင်ဆိုင်ဖို့ မဖြစ်နိုင်ပါ။ အပြောင်းအလဲများလှသော လောကကြီးတွင် လောကဓံကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ဖို့သာ လိုအပ်ပါသည်။ ။



## ၂၀၁၆ ဖိုင်တွဲများ

❍ စိတ်တံခါးတွေ ဆွဲဖွင့်မိတိုင်း
ပြည်သူတစ်ရပ် လူထုတစ်ရပ်
အားလုံး အိပ်မက်ကိုယ်စီ မက်ခဲ့ကြပြီ။
❍ လောင်မြိုက်လွန်းတဲ့ ရန်စီစီတွေရဲ့
ဒီ အမှိုက်သရိုက် ဒိုက်တွေဖယ်ရှင်း
ငါတို့ပဋိပက္ခတွေနဲ့ မိုးမလင်းချင်တော့ဘူး။
❍ ကြာပြီ မှိုစွဲနေတဲ့
ဒီရင်ဘတ်အယ်နီညိုရာသီတွေထဲ
ငါတို့နှလုံးသားဝက်ဘ်ဆိုက်
ထပ်ကပ်မဆိုက်ပါရစေနဲ့။
❍ အရွဲ့အစောင်း အလိမ်အကောက်တွေ
ဒီ ၂၀၁၆ မှာ
သင်ပုန်းချေ အမျက်ပြေသင့်ပြီ။
❍ ရောင်နီမှန်တစ်ချက်တွက်ဆိုရင်
အတိတ်တံခါးတွေကိုလည်း မလှပ်နဲ့
အဆိပ်စကားတွေလည်း မဖျက်နဲ့
ငါတို့ လှူဘောင်သစ်တစ်ရပ်နဲ့ ရှေ့ဆက်ကြမယ်။
❍ သူလည်းလိုလား ငါလည်းတောင်းခဲ့ကြတဲ့
ဒီ ငြိမ်းချမ်းရေးပန်းစင်ထက်
ငါတို့အမှောင်ဘဝက ကျွတ်တန်းဝင်
ဒီ ၂၀၁၆ နိဂုံးမှာ လွတ်လမ်းစဉ်ပြင်လို့
နှစ်သစ်ကို အပြုံးနဲ့ကြိုဆိုကြမယ်။ ။

**ဒီအက္ခရာ(မန္တလေး)**

## ကံဇာတ်ဆရာ၏သင်ခန်းစာ

အဖြစ်က
တစ်နေ့တစ်လုံး ရွှေဥ ဥပေးတဲ့ငန်းကိုမှ
ရိုက်သတ်မိတဲ့အဖြစ်။
အဖြစ်က
ပေါကြောင်ကြောင်နိုင်တဲ့ ဇာတ်လမ်းကိုမှ
ကမိခဲ့တဲ့အဖြစ်။
အဖြစ်က
နွားရေကူးသလို မော့တော့မော့တော့နဲ့
မိုးမမြင်လေမမြင်ခဲ့တဲ့အဖြစ်။
အဖြစ်က
ဖနောင့်သံစူးသလို မြောက်ကြွမြောက်ကြွနဲ့
အောက်ခြေလွတ်နေခဲ့တဲ့အဖြစ်။
အဖြစ်က
ဘာဖြစ်နေမှန်းမသိအောင် ဘာမှမသိတဲ့
ငမိုက်သားဖြစ်နေခဲ့တဲ့အဖြစ်။
အဲဒီ အဖြစ်စုံကို
ဇာစ်မြစ်ကုန်အောင် ဆန်းစစ်ကြည့်တော့
တွေဝေမိုက်မှား မောဟများခဲ့တာကို
အလှည့်ကျကံဇာတ်ဆရာက
ဘဝရဲ့စာမျက်နှာထက်မှာ
မင်းအတွက်သင်ခန်းစာဆိုတဲ့ ခေါင်းစီးကြီးနဲ့
သတိပေးနေလေရဲ့။

**ကျော်သူရ(အဖျောက်)**

# ဗိုင်းရပ်စ်

စိုးပြည့်စုံ
ပထမနှစ်၊ ဆေးဝါးတက္ကသိုလ်(ရန်ကုန်)

လွန်ခဲ့သော တနင်္လာနေ့က ကျွန်တော် တက္ကသိုလ် ပထမနှစ်၏ ပထမဆုံးရက်ကို ဖြတ်ကျော်ခဲ့သည်။ အခုဆိုလျှင် တက္ကသိုလ်နယ်မြေနှင့် ယဉ်ပါးခဲ့သည်မှာ တစ်ပတ်ပင် ပြည့်ခဲ့လေပြီ။

တစ်ပတ်ပြည့်ခဲ့တော့ တက္ကသိုလ်၏ အခြေခံ လုပ်ဆောင်ချက်များ၊ အလေ့အထများ၊ ကိုယ်နှင့် သက်တူရွယ်တူ ကျောင်းသား ကျောင်းသူများ၏ အပြုအမူများကို အတိအကျမဟုတ်သော်လည်း အကြမ်းဖျင်းမျှတော့ အကဲခတ်နိုင်လေပြီဖြစ်၏။

ကျွန်တော်တို့တက္ကသိုလ်တွင် မိန်းကလေး အရေအတွက်နှင့် ယောကျ်ားလေးအရေအတွက်က ကွာခြားလွန်းသည်။ မိန်းကလေးအယောက် ၁၆၀ ကျော်နှင့် ယောကျ်ားလေးက အယောက် ၂၀ ပင်မပြည့်ချေ။

အတန်းချိန်တစ်ချိန်နှင့်တစ်ချိန် အကြားတွင် နာရီဝက်ခန့် လစ်လပ်လေ့ရှိသည်။ အားလပ်ချိန်ပေးထားသည်ဟု ကျွန်တော်ထင်သည်။ ထိုအချိန်က ကျွန်တော်တို့ အတန်းထဲရှိ မိန်းကလေးများ၊ ယောကျ်ားလေးများ၏ ဖုန်းပွတ်ချိန်ပင်ဖြစ်၏။

အထက်တန်းကျောင်းတုန်းကဆိုလျှင် ကျောင်းသို့ ဖုန်းယူဆောင်ခွင့်ပြုမထားသဖြင့် အားလပ်ချိန်ဆိုလျှင် မရင်းနှီးသေးသော ကျောင်းသား ကျောင်းသူအချင်းချင်း တစ်ယောက်အကြောင်းတစ်ယောက် မေးမြန်းရင်း၊ စုံစမ်းရင်းနှင့် အပေါင်းအသင်းများပါသည်။ အခုတော့ အချိန်ခဏလေးအားနေသည်နှင့် ကိုယ်စီကိုယ်စီ ဖုန်းအကြီးအသေးများကိုထုတ်ကာ ဖေ့စ်ဘွတ်သုံးကြသည်။

ထုတ်သုံးနေကြသော ဖုန်းများထဲသို့ ကြည့်လိုက်လျှင်လည်း ဖေ့စ်ဘွတ်မှလွဲ၍ အခြားအရာမမြင်ရပါ။ ကျွန်တော် ဖေ့စ်ဘွတ်မသုံးပါ။ ထို့ကြောင့် အားလပ်ချိန်တွင် ကျွန်တော့်တွင် လုပ်စရာမရှိပါ။ ထိုအခါမျိုးတွင် ကျွန်တော် အတန်းထဲရှိ ကျောင်းသားကျောင်းသူများနှင့် ရင်းနှီးစေရန် ကြိုးစားသည်။ သို့သော် ဘယ်သူမှ အဖက်မလုပ်ကြ။ တချို့က စကားပင်ပြန်မပြောနိုင်ကြ။ သူတို့တွင် အဖော်ကောင်း ရှိသည်။ ထိုအဖော်ရှိနေလျှင် တခြားမိတ်ဆွေဆိုတာ လိုအပ်ပုံမရ။ ခင်မင်မှုတို့ပျောက်ဆုံးကုန်သည်။ သူငယ်ချင်းများရှားပါးလာသည်။ ရင်းနှီးမှုမရှိသော လူရိုင်းများလို ဖြစ်လာကြသည်။

ထိုကိစ္စသည် အလွန်ဆိုးရွားလှသော ကိစ္စရပ်ဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။ လူဆိုသည်မှာ မွေးဖွားလာချိန်မှစ၍ အပေါင်းအသင်းရှိရမည်။ သူငယ်ချင်းများ ရှိရမည်။ သို့မှသာ မိမိအကူအညီလိုအပ်ချိန်၊ စိတ်ဓာတ်ကျ အားငယ်နေချိန်တွင် သူငယ်ချင်း၏ဖေးမမှု၊ ကူညီဖြေရှင်းပေး၍ ရင်ဆိုင်ပေးမှုတို့ရလာမည်ဖြစ်သည်။

တိုးတက်လာသော ခေတ်စနစ်ကြီးကို နောက်ပြန်ဆွဲရန် ကြိုးစားနေခြင်းမဟုတ်ပါ။ ချင့်ချိန်နိုင်ကြစေရန်ဖြစ်ပါသည်။ တချို့က သူငယ်ချင်းဆိုတာ ဖေ့စ်ဘွတ်ပေါ်မှာ စကားပြောရင်းရှာလို့ရတာပဲဟု ပြောကြသည်။ ထိုအယူအဆက လုံးဝလမ်းလွဲနေပေသည်။

လူသားအားလုံး၏ စိတ်ဝိညာဉ်အတွင်း၌ ဖေ့စ်ဘွတ်ဗိုင်းရပ်စ်က အခြေခိုင်မာစွာ နေရာယူနေပြီဖြစ်သည်။ တစ်ရက်လေးမျှ ဖေ့စ်ဘွတ်ဖွင့်မကြည့်ရလျှင်ကို စားမဝင်အိပ်မပျော်ဖြစ်နေတတ်ကြသည်။ ဤအရာကား ကောင်းသော အလေ့အကျင့်များကိုလည်း ဖျက်ဆီးတတ်သည်။ ကျောင်းသားများ အပြင်ဗဟုသုတစာပေများ၊ ရသစာပေများ မဖတ်ကြတော့။

ဆရာကြီးရွှေဥဒေါင်း၊ ဒဂုန်တာရာ စသောစသော အကျော်အမော်စာရေးဆရာကြီးများကိုတောင် မသိသောသူများ ပေါ်ပေါက်နေပါပြီ။

ဖေ့စ်ဘွတ်ကို လုံးဝမသုံးစွဲရန် ဆိုလိုနေခြင်းမဟုတ်ပါ။ လျှော့သုံးရန် တိုက်တွန်းနေခြင်းဖြစ်သည်။ မိမိ၏ တန်ဖိုးရှိသောအချိန်များကို ခွဲဝေအသုံးချတတ်ရန် လိုအပ်သည်။ ဖေ့စ်ဘွတ်တစ်ခုတည်းပေါ်တွင် အာရုံစူးစိုက်၍ ပတ်ဝန်းကျင်ကို မေ့လျော့နေခြင်းကား မဖြစ်သင့်ပါ။ အထက်ပါ အကြောင်းအရာများကို ထောက်ပြလိုသော စေတနာနှင့် ဤဆောင်းပါးကို အပြုသဘောဆောင်၍ ရေးသားလိုက်ရပါသည်။ ❑

# တကယ်အလုပ်လုပ်ကြတော့မယ် ဆိုရင်ဖြင့်

မေသဇင်
အင်္ဂလိပ်စာ(ဒဂုံတက္ကသိုလ်)

အလုပ်ထဲမှာလူလိုရင် ပြောဦးနော်။ အလုပ်တစ်ခုလောက် လျှောက်စေချင်လို့။ အတွေ့အကြုံတစ်ခုခု ရစေချင်လို့။ ညည်းညီမနဲ့ သင့်လျော်တဲ့အလုပ်လေးတွေ့ရင် ပြောပါဦး။ အလုပ်လျှောက်ခိုင်းမလို့။ အစရှိသဖြင့် မေးခွန်းတွေကို မကြာခဏဆိုသလို မိတ်ဆွေအသိုင်းအဝိုင်းတွေထံမှ ကြားရလေ့ရှိသည်။ အလားတူပင် ဌာနမှာ လူလိုနေတယ်။ အသိမိတ်ဆွေတွေထဲမှာ လုပ်ငန်းအတွေ့အကြုံရှိတဲ့သူတွေ၊ ဘွဲ့ရထားပြီး အလုပ်လိုချင်နေတဲ့သူတွေရှိရင် CV ယူလာပေးကြပါဦး။ အင်္ဂလိပ်စာနဲ့ ကွန်ပျူတာ အခြေခံတတ်ပြီး သင်ယူလိုစိတ်ရှိတဲ့သူဆိုရပြီဆိုတဲ့ စကားတွေကိုလည်းရုံးတွေ၊ ဌာနတွေမှာ အမြဲလိုလို ကြားနေရသည်။ ဒီလိုဆို အပေါ်မှာပြောထားတဲ့ အလုပ်လိုချင်တဲ့ သူတွေရဲ့ CV ကိုတင်ပေးလိုက်ရင် အဆင်ပြေသွားပြီပေါ့။ အဆင်ပြေသွားနိုင်မလား။ ဘယ်လိုတွေဖြစ်နိုင်မလဲ။ တကယ်က ပြောသလောက်မလွယ်။

အလုပ်အကိုင်ရှာဖွေရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုတွင် မန်နေဂျာတာဝန်ယူထားသည့် ခင်မင်ရင်းနှီးသော အစ်ကိုတစ်ယောက်က ပြောဖူးသည်။ အလုပ်ခေါ်ကြော်ငြာ အွန်လိုင်းမှ တရားဝင်ကြေညာတိုင်း မှတ်ချက်ပေါင်းရာချီပေး၍ စုံစမ်းကြပြီး ၅၀ ရာခိုင်နှုန်းက ဖုန်းဆက်၍ စုံစမ်းလေ့ရှိကြသည်ဆို၏။ သို့သော် CV Form အမှန်တကယ် တင်သူမှာ ၂၀ ရာခိုင်နှုန်းခန့်သာရှိပြီး အင်တာဗျူးခေါ်ချိန်တွင် အမှန်တကယ်လာရောက်ဖြေဆိုသူမှာ ငါးရာခိုင်နှုန်းခန့်သာရှိသည်ဟုဆို၏။

တချို့ကလည်း ကုမ္ပဏီကြီးတွင် အလုပ်မလုပ်ရဲ။ ငါနဲ့ အဆင်ပြေနိုင်မှာမဟုတ်။ ငါနဲ့ဆိုဖြစ်မှာမဟုတ်ဟုထင်ပြီး ရှိန်ကြ၏။ တချို့ကလည်း ငါရထားတဲ့ဘွဲ့နဲ့ ဒီလိုအလုပ်လေးမှာ လုပ်စရာလားဆိုပြီး ရှောင်ကြ၏။ တချို့က လုပ်ငန်းခွင်မှတောင်းသည့် မိမိ၏ကျွမ်းကျင်မှုနှင့် လိုအပ်ချက်များကို ပိုင်နိုင်ပြည့်ဝအောင်မကြိုးစားဘဲ ပြန်ရမည့် အကျိုးခံစားခွင့်များနှင့် လစာကိုကြည့်ပြီး စောဒကတက်ကြ၏။ တချို့ကလည်း သူတောင် ဒီလောက်လစာရတာ။ ငါ့ဘွဲ့က သူ့ထက်ကောင်းတာပဲ။ သူ့ထက်သာတဲ့ လစာမရနိုင်ရင် မလုပ်ဘူးဆိုပြီး တွက်ချက်ကြ၏။ တချို့ကလည်း အလုပ်ကိုရရင်လုပ်မယ်။ သက်သောင့်သက်သာလေးလုပ်မယ်။ နေပူထဲမထွက်နိုင်ဘူး။ ကွန်ပျူတာ မသုံးတတ်ဘူး။ ခရီးမထွက်နိုင်ဘူး စသဖြင့် ကိုယ်ပိုင်စံများထားပြီး လာသမျှအလုပ်ကို စံပေတံဖြင့်တိုင်းကြ၏။

ယင်းသို့ ရွေးရင်းချယ်ရင်း စောင့်ရင်းဖြင့် ရရာအလုပ်လုပ်နေသော၊ အလုပ်အကိုင်နှင့် အံဝင်ခွင်ကျဖြစ်သွားသော၊ နေရာတစ်ခုရသွားသော ကိုယ်နှင့်ရွယ်တူများ၊ ကိုယ့်ထက်ငယ်သူများက မိမိကိုကျော်တက်သွားတတ်လေ့ရှိသည်။ သူတို့များ ကံကောင်းလိုက်တာနော်ဟု ပြောရင်း ဆက်၍ဆက်၍ ရွေးချယ်နေလေ့ရှိကြသည်။

လက်ရှိတွင် အလုပ်အကိုင် အခွင့်အလမ်းပေါ်များလာမှုမှာ ယခင်နှစ်များနှင့်ယှဉ်လျှင် သိသာလွန်းလှသည်။ HR အတွက် ပျိုးထောင်ပေးနေသည့် ကုမ္ပဏီကြီးတွေများသထက်များလာသည်။ သို့သော် ဟတ်ချလောင်းဆိုပြီး ချက်ချင်းကြီးတော့ ကုမ္ပဏီကြီးများတွင် အကျိုးခံစားခွင့်အပြည့်အစုံဖြင့် အလုပ်ရမသွားနိုင်ပေ။ ယင်းကုမ္ပဏီကြီးများက မြန်မာနိုင်ငံသားဝန်ထမ်းများကို အမှန်တကယ် လိုအပ်နေသည်မှာ သေချာသည်ဆိုလျှင် မိမိကို သူတို့ သေချာပေါက်ခေါ်အောင်လည်း မိမိဘက်က ပြင်ဆင်ထားသင့်သည်။ အလုပ်ကမိမိကိုရွေးချယ်ခြင်းနှင့် မိမိကအလုပ်ကိုရွေးချယ်ရခြင်းဟူသည့် အဓိကအဆင့်နှစ်ဆင့်ရှိသည်။

ပထမအဆင့်အနေဖြင့် အလုပ်ကမိမိကိုရွေးချယ်ရန် မိမိဘက်က ပြင်ဆင်ရမည်။ မိမိကိုယ်မိမိ အရောင်တင်ရမည်။ တန်ဖိုးတင်ရမည်။ အလုပ်၏ ရွေးချယ်ခြင်းကို ခံလိုက်ရလျှင်လည်း သူ့ကိုရွေးချယ်မိတာ မှန်လိုက်တာဟု မိမိ၏ မန်နေဂျာ၊ အလုပ်ရှင်တွေ အသိအမှတ်ပြုလာအောင် အလုပ်ကိုမြတ်နိုးရမည်။ အလုပ်ရဲ့အောင်မြင်မှုကို မိမိရဲ့ အောင်မြင်မှုအဖြစ် ကိုယ်စားပြုနိုင်အောင် မိမိကိုယ်မိမိ တည်ဆောက်ရမည်။ သို့မှသာ အချိန်တစ်ခုရောက်လျှင်မိမိက အလုပ်ကိုရွေးချယ်နိုင်သည့်အဆင့်သို့ ရောက်လာလိမ့်မည်။

ယနေ့ခေတ်လူငယ်များက တစ်ဆင့်ပြီးတစ်ဆင့် မတက်ဘဲ အဆင့်ကျော်ကြည့်နေကြသည်။ မည်သည့်ကမ်းလှမ်းသူကမှ ထိုင်နေသူဆီ၊ ငိုင်နေသူဆီ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးရောက်မလာတတ်ပါ။ အလုပ်မရှိလို့ စိတ်ညစ်မနေဘဲ ကိုယ်ဖြစ်ချင်တာဘာလဲ သေချာအောင်လုပ်ပြီး ဖြစ်သင့်တာတွေနဲ့ချိန်ဆကာ ကိုယ့်ကိုယ်ကိုယ် ရင်းနှီးမြှုပ်နှံမှု အရင်လုပ်လိုက်ပါ။ အမြဲတမ်းကြိုးစားရင်း၊ သင်ယူရင်း၊ နားစွင့်ရင်း တက်ကြွနိုးကြားနေရင် တစ်နေ့မှာ ကိုယ်ကအလုပ်တွေကို ပြန်ရွေးချယ်နိုင်တဲ့အဆင့် ရောက်လာလိမ့်မည်ဟု ယုံကြည်ပါသည်။ ။

## ၂၀၁၆ ဒိုင်ယာရီ နိဂုံး

❖ ခရီးက သွားလိုက်လာလိုက်
တိုးလိုက်ဝှေ့လိုက်
ချိုးလိုက်ကွေ့လိုက်…

❖ ဘဝရဲ့ဘဝတွေထဲ
ဘာတွေခေါက်သိမ်းပြီးပြီလဲ
ဘဝရဲ့ဘဝတွေထဲ
ဘာတွေထုပ်ပိုးပြီးပြီလဲ…

❖ ၂၀၁၆ ဟာ
နာရီလက်တံကို
ဖောက်ထွက်ရင်း
နေညိုချိန်တွေ
အနီးနားရောက်ပြီ
ဘာတွေထားခဲ့မှာလဲ
ဘာတွေယူခဲ့မှာလဲ…

❖ ကုန်ဆုံးတော့မယ့်
ဒိုင်ယာရီတစ်အုပ်
နောက်ဆုံး နိဂုံးချုပ်ဟာ
ဘာလဲ…

❖ အသေအချာစာရင်းချုပ်ခဲ့ပါ
ဒီစာအုပ်ရဲ့…
စာမျက်နှာမှာ
မင်နီရာတွေဘယ်လောက်ရှိလဲ
စစ်ကြည့်ပါ။

**အလင်းသစ်(ရွှေဆည်မြေ)**

## တံခါးဖွင့်သောနေ့

ဖျားနာနေသောမြေကမ္ဘာမှာ
လူသားတွေက မှန်ယို
အဋ္ဌုတ္တတွေက ချေးတက်
လမိုက်မိုက်မှာ ဖိနပ်စုတ်တစ်ရန်က
ခရီးဆက်တော့…
သရော်စာတွေက ဗရပွထ
အတိတ်ဆိုတာ စိတ်ခြေရာမို့
အရိပ်ပမာတော့…
(ရိပ်)မိုးဦးမှာပေါ့။
အဟောင်းတွေ အသစ်ဖြစ်
ခေတ်စနစ်ရဲ့ သမိုင်းသစ်မှာ
ပုံရိပ်လှဖို့ ငါဆိုတာကြယ်တစ်လုံးမို့
မြေစာကိုကူ လမင်းကိုဆွဲ
ကောင်းကင်မှာ အလှဆုံးကဲဖို့
ငြိမ်းချမ်းခြင်းတို့ လမ်းခင်းဖို့
ချိုးဖြူရေ ကူဦးပေါ့။
နှစ်ဦးရဲ့တံခါးချပ် အသာလှပ်လို့
ကျောက်တိုင်မှာ မော်ကွန်းထိုး
စုစည်းခြင်းပြယုဂ်ကို
သွေးနဲ့လျှောက်
ချွေးနဲ့ဖောက်
နှလုံးသားနဲ့ဆောက်
တစ်သွေးတည်း တစ်သားတည်း
တစ်ရေတည်း တစ်မြေတည်း
ကမ္ပည်းတင်တာ ဒီနေ့
သမိုင်းဝင်တာ ဒီနေ့
နှစ်ဦးရဲ့ တံခါးချပ်ဖွင့်လှစ်တဲ့နေ့။

**လဝန်းချိုချို(YU)**

## ချိုးဖြူငှက်သီချင်း

တို့တစ်တွေဟာ
အရင်ကမတည့်လို့
ရန်တွေဖြစ်
အနှစ် ၆၀ ကျော်ခဲ့ပြီ…
ရန်ဖြစ်ပြီးရင်
ပြန်ခေါ်ရတာ
မိသားစုထုံးစံပါ…
အဝေမတည့်လို့လည်းမဟုတ်
စိတ်အခန့်မသင့်ရာက
ဖြစ်ရတဲ့ပြဿနာ
မင်းတို့ငါတို့နာခဲ့ပြီ…
အတိတ်ကသင်ခန်းစာနဲ့
အနာဂတ်မှာ
ပန်းတို့ပွင့်စေကြောင်း
ရေလောင်းပေါင်းသင်ပြုခဲ့ပြီ…
လမ်းကြောင်းမှန်ပေါ်
ဆွဲခေါ်ဖေးမရင်း
ငြိမ်းချမ်းရေးသီချင်း
ပင်လုံတေးသွားနဲ့
သီဆိုကြရအောင်…
တိုင်းရင်းသားတို့ဘာသာစကား
အားလုံးနားလည်ကြစေသား…။

**ဆဏ်းဝင်းအောင်**

# Happy New Year 2017 နှစ်သစ်ဆုတောင်း

"THAIK" DIAMOND SHOP SHOWROOM & GOLDSMITH မှ ဝယ်ယူအားပေးကြသော စိန်ချစ်သူမိတ်ဟောင်း၊ မိတ်သစ်အပေါင်းနှင့် ခုနစ်ရက်သားသမီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းချမ်းမြေ့ပြီး စီးပွားရေးလုပ်ငန်းများ ဒီရေအလား တိုးတက်အောင်မြင်ပါစေ၊ ဘာသာအကျိုး၊ သာသနာ့အကျိုးများကိုလည်း ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း "သိုက်" စိန်ရတနာဆိုင်မိသားစုမှ နှစ်သစ်တွင် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

"သိုက်"စိန်ရတနာဆိုင်မိသားစု

## ရိလုံ ရွှေဆိုင်ကြီး နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ရိလုံရွှေဆိုင် အမှတ် [(၁)၊ (၂)၊ (၃)]၊ (၄) ချန်းလုံရွှေဆိုင်နှင့် (၅)ချွန်းလုံ ရွှေဆိုင်မိသားစု ရွှေဆိုင်များတွင် လက်လီလက်ကား ဝယ်ယူအားပေးကြသော နယ်ကိုယ်စားလှယ်ကြီးများ၊ နယ်ရွှေဆိုင်ကြီးများနှင့် မိတ်ဟောင်းမိတ်သစ်များအား နှစ်သစ်မင်္ဂလာအပေါင်းနှင့် ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ရိလုံမိသားစု ရွှေဆိုင်များမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

Ph - 09 - 771739370 , 09-73156897 , 01-200747(Ext)2008

ဦးလှဝေ+ဒေါ်ဝင်းမြင့်လွင် ရိလုံရွှေဆိုင်ကြီး (ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်မြို့)

## နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောနှစ်သစ်အချိန်အခါတွင် ရွှေမန်းတောင်တိုင်းရင်းဆေး ကျေးဇူးရှင် မြန်မာပြည်သူ ပြည် သားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံတော်မူကြပါစေကြောင်း ရွှေမန်းတောင်တိုင်းရင်းဆေး မိသားစုမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ရွှေမန်းတောင်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမိသားစု

Since 1996

## ပုလဲ (သူငယ်တန်းမှ ၁၀တန်း)

တက္ကသိုလ်ဝင်အောင်ချက် ပုဂ္ဂလိကကျောင်းအားလုံးတွင် ၂၀၁၅ ရန်ကုန်မြောက်ပိုင်းခရိုင်လုံး ဒုတိယ ၂၀၁၅/၂၀၁၆ ရန်ကုန်၊ မင်္ဂလာဒုံ ပထမ

ဆရာဝန်များဦးစီးသော စံပြဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း

မိမိတို့ဆရာဝန်ဖြစ်အောင် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း လေ့ကျင့်ပေးသည်။ စာရိတ္တ၊ စည်းကမ်းပြုပြင်ပေးသည်။ ဆိတ်ငြိမ် ခြံဝန်းကျယ် အားကစားကွင်း၊ အဲယားကွန်းတပ် စာသင်ဆောင်၊ အိပ်ဆောင်များ။ ကွန်ပျူတာ၊ အင်္ဂလိပ်(4 Skill)၊ အားကစား၊ ဂီတ၊ ပြည်တွင်းပြည်ပ လေ့လာရေးခရီးများ။

(၀) တန်းအစိုးရစစ် အထူးလေ့ကျင့်ပေးသည်။ (၉) တန်းအထူး - သင်ရိုးကုန်သင်ပေး၍ နှစ်ဝက်မှစ၍ (၁၀) တန်းစာပါ ထပ်ဆောင်းကြိုသင်ပေးပါသည်။

(၁၀)တန်း (၄)ဘာသာဂုဏ်ထူးနှင့်အထက် နှင့် (၈/၉) တန်းကျောင်းတွင်း ပထမဆုရကျောင်းသားများကို နိုင်ငံခြားတက္ကသိုလ် လေ့လာရေး အခမဲ့ပို့ဆောင်ပေးသည်။

အမှတ် (၇၇) ငုဝါလမ်း ၊ ပုလဲမြို့သစ် ၊ မင်္ဂလာဒုံ ။ ဖုန်း - ၀၉-၅၁၅၇၇၅၁၊ ၀၉-၄၅၆၃၉၉၉၉၁၊ ၀၉-၄၅၆၃၉၉၉၉၂




AZ Travels & Tours
ထားဝယ်ရှင်ကိုရှင်စက်တော်ရာ မောင်းမကန် (၄ရက်/၃ည)
325000Ks
(လေယာဉ်+ဟိုတယ်)
လူဦးရေ ကန့်သတ်ထားသည်။
09-254257922/-43178718

## အောင်ပြည့်စုံ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း မြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကား မျိုးစုံဖြင့် အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

## စက်ရုံ၊ အလုပ်ရုံဝန်ထမ်းများအတွက်အခန်းငှားမည်

မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်စက်မှုဇုန်၊ ဇေကမ္ဘာဝင်းအတွင်း အမှတ်(၃)လမ်းမကြီးနှင့် အနီးဆုံးနေရာတွင် ဆောက်လုပ်ထားသော မိသားစုအလိုက် ခြံဝင်းကျယ်အတွင်း နေထိုင်နိုင်မည့် Condo ပုံစံ (တစ်ခန်းလျှင် ၁၃၅၆ စတုရန်းပေကျော်) ကျယ်ဝန်းသော အခန်းများ ငှားမည်။

စက်မှုဇုန်မှ နိုင်ငံခြားသားဝန်ထမ်း၊ အရာထမ်းများအတွက် အထူးသင့်လျော်ပါသည်။

ဆက်သွယ်ရန်-၀၉-၉၇၇၉၀၅၈၀၆၊ ၀၉-၉၇၇၉၀၅၈၀၂၊ ၀၉-၄၃၁၇၂၄၄၆

"ပါကောင်းခင်းမယ်ဆိုရင် သတိရပါ၊ ဆက်သွယ်ပါ။ အိမ်ရှင်တိုင်း စိတ်ချမ်းသာစေရမည်"

## ပါကောင်းဦးထွန်းမိသားစု

အရာလေး ဦးညွန့်ဖူး ပန်တီးသည်

နှစ်အလိုက် အာမခံချက် ပေးပါသည်။ ကျွမ်းကျင်သောဝန်ဆောင်မှု ပြေပြစ်သော ဆက်ဆံရေး နေ့ထွေးသော စေတနာ ကိုယ်ပိုင်စက်ရုံမှ ထုတ်လုပ်၍ အနုပညာနည်းသစ်ပုံစံများဖြင့် မြို့တိုင်းသို့ လိုက်လံဆောင်ရွက်သည်။

Hot Line 09-500 4036



## တစ်ဦးတည်းဖြစ်ကြောင်း

ဒေါ်ခင်မိမိ(၁၂/မဂဒ(နိုင်)၀၃ ၄၇၅၁)အလယ်တန်းပြ အလက-၄ မင်္ဂလာဒုံ၏ အခြေခံပညာအထက်တန်း စာမေးပွဲအောင်လက်မှတ်နှင့် သိပ္ပံဘွဲ့ လက်မှတ်ပါ ဖခင်ဦးအုန်းထိုင်နှင့် အိမ်ထောင်စုလူဦးရေ သန်းခေါင် စာရင်းနှင့် မှတ်ပုံတင်ပါဖခင် ဦးအောင်စိုးထိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

စာအုပ်စာပေ
လူ့မိတ်ဆွေ

## သီဟလင်း

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း (10',14',16',18')ကားများဖြင့် လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

## SAKURA HOSPITAL

Best Health Myanmar




ဆာကူရာဆေးရုံတွင် အမေရိကန်နှလုံးအထူးကုဆရာဝန်များဦးစီးသည့် **Best health Myanmar Cardiovascular Group** ၏ အဖွဲ့ဝင်များဖြစ်သော စင်ကာပူနိုင်ငံ မှနှလုံးနှင့်သွေးကြောအထူးကုဆရာဝန်ကြီးများ သည် နှလုံးသွေးကြောကျဉ်းခြင်း၊ပိတ်ခြင်းနှင့် အခြားနှလုံးရောဂါများ၊ နှလုံးခုန်နှေးသူများ၊ မမှန်သူများအတွက် နှလုံးခုန်စက်ထည့်ပေးခြင်း၊ သွေးကြောဆိုင်ရာ စစ်ဆေးစမ်းသပ်ကုသမှုများ၊ သွေးကြောမကြီးနံရံဖောင်းခြင်း၊ဦးခေါင်းသို့သွားသောသွေးကြောပိတ်ခြင်း၊ဦးနှောက်တွင်းရှိသွေးကြောနံရံဖောင်းခြင်း ခြေထောက်သွေးကြောပိတ်ရောဂါများ၊ခြေထောက်သွေးကြောထုံးခြင်း၊သွေးပြန်ကြောပိတ်ခြင်း၊ ဆီးချိုကြောင့်ခြေထောက်အနာဖြစ်ခြင်းနှင့်အနာမကျက်ခြင်းများအပါအဝင်ကင်ဆာနှင့် အခြားသောကင်ဆာ ဆိုင်ရာစစ်ဆေးကုသမှုများ စသည့်ကုသမှုအမျိုးမျိုး ကို တစ်လလျှင် သုံးကြိမ် လာရောက်၍ကုသပေးလျက်ရှိကြောင်းသတင်းကောင်းပါးအပ်ပါသည်။

လူဦးရေကန့်သတ်ချက်ရှိပါသည်။

အမှတ်(၂၃)၊ ရှင်စောပုလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - 01-512 668, 09-262 100 103, 09-262 100 104
Email: sakuraunique@gmail.com , bhmm7788@gmail.com

IT COMPUTER TRAINING CENTER အိုင်တီကွန်ပျူတာ သင်တန်း HOT LINE-395353,253293,0949290778 30% OFF

ENGLISH LANGUAGE | AutoCAD-3ds Max | Service Technician | GRAPHIC DESIGN | ADVANCED EXCEL | Computer Basic

## " နှစ်သစ်ကူး ဆုမွန်လွှာ "

### ဇော် မိတ္တူ ၏ မိတ်ဟောင်း၊ မိတ်သစ်အပေါင်းတို့ ခင်ဗျား . . .

၂၀၁၇ နှစ်သစ်တွင် မိတ်ဆွေတို့၏ လုပ်ငန်းများ တိုးတက်အောင်မြင်ပြီး ကိုယ်စိတ်နှလုံး သုံးပါးစလုံး ရွှင်ပြုံး ကြပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဇော်မိတ္တူနှင့်ကွန်ပျူတာသည် နှစ်သစ်တွင် အကောင်းဆုံးအရည်အသွေး၊ အသက်သာဆုံးဈေးနှုန်းဖြင့် မိတ်ဟောင်း၊ မိတ်သစ်များအတွက် မိတ္တူ ကွန်ပျူတာနှင့် စာအုပ်ချုပ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

### ဇော် အဆင့်မြင့် မိတ္တူ၊ ကွန်ပျူတာနှင့် စာအုပ်ချုပ်လုပ်ငန်း မိသားစု

| | |
|---|---|
| ၁။ အမှတ် (၁၄၂) အနော်ရထာလမ်း ဖုန်း - ၂၁၁၂၂၆ | ၅။ အမှတ် (၂၂၄) အနော်ရထာလမ်း ဖုန်း - ၂၄၃၈၄ |
| ၂။ အမှတ် (၂၅၄) ဆိပ်ကမ်းသာလမ်း ဖုန်း - ၃၈၇၅၇၅ | ၆။ အမှတ် (၁၈) လသာလမ်း ဖုန်း - ၂၅၃၈၅၀ |
| ၃။ အမှတ် (၂၁၁) ဘားလမ်း ဖုန်း - ၃၇၂၆၇၅ | ၇။ အမှတ် (၃၀) ရေကျော်လမ်း ဖုန်း - ၂၀၀၄၂၀ |
| ၄။ အမှတ် (၁၉၀-၁) (၂၈) လမ်း ဖုန်း - ၂၅၂၅၉၆ | ၈။ အမှတ် (၈၅) (၁၄)လမ်း(အလယ်) ဖုန်း - ၂၉၀၇၂၅၅ |

## မြောက်ဥက္ကလာပမြို့နယ်၊ အ.ထ.က (၄) စံပြ၊ ရွှေရတုပွဲတော်

မြောက်ဥက္ကလာပမြို့နယ်၊ အ. ထ. က (၄)စံပြ ကျောင်းတော်ကြီး၏ "အနှစ် (၅၀)ပြည့် ရွှေရတုပွဲတော်" အထိမ်းအမှတ်အဖြစ် ဈေးရောင်းပွဲနှင့် အာစရိယပူဇော်ပွဲအခမ်းအနားများကို စည်းကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းတော်ကြီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ/ဆရာမများအားလုံး (ဖိတ်စာရသည်ဖြစ်စေ/ မရသည် ဖြစ်စေ)ကန်တော့ခံ ကြွရောက်ချီးမြှင့်ပေးပါရန် လက်ဆယ်ဖြာထိပ်မှာမိုးလျှက် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ပြည်တွင်း/ပြည်ပရှိ ကျောင်းသား/ကျောင်းသူဟောင်း သူငယ်ချင်းညီအကို မောင်နှမများအားလုံး (မည်သည့်ခုနှစ်မဆို)လည်း ကြံတောင့်ကြံခဲ "ရွှေရတုပွဲတော်ကြီး"တွင် မပျက်မကွက် တက်ရောက်ပါဝင်ဆင်နွှဲ ပူဇော်ကန်တော့ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်အစီအစဉ်**

နေ့ရက် - ၇ - ၁ - ၂၀၁၇ (စနေနေ့) ဈေးရောင်းပွဲ၊
၈ - ၁ - ၂၀၁၇ (တနင်္ဂနွေနေ့) အာစရိယပူဇော်ပွဲ

အချိန် - နံနက် (၇ : ၀၀) နာရီ

နေရာ - အ. ထ. က (၄) စံပြ၊ ကျောင်းဝင်းအတွင်း

ဖုန်း - ၀၉ ၇၉၉၉၈၉၁၆၈၊ ၀၉ ၂၆၃၆၉၆၉၅၉၊ ၀၉ ၂၅၃၃၄၈၀၂၀၊
၀၉ ၂၅၀၀၁၅၉၂၆၊ ၀၉ ၂၅၃၆၃၃၃၁၀၊ ၀၉ ၅၁၀၃၉၇၅

## အထက(၂)ကမာရွတ်(ယခင် စိန့်ဩဂတ်စတင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၉)ကြိမ်မြောက်အာစရိယပူဇော်ပွဲ

အထက(၂)ကမာရွတ် (ယခင်စိန့်ဩဂတ်စတင်း)ကျောင်းတွင် ၁၉၅၈ခုနှစ်မှ ၁၉၈၀ပြည့်နှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော လုပ်သက်(၂၅)နှစ်နှင့်အထက် ဆရာ၊ ဆရာမများနှင့် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ကြီးများအား (၁၉)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ လာရောက်ပူဇော်ကန်တော့ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၇-၁-၂၀၁၇ရက်(စနေနေ့)
အချိန် - နံနက် ၉း၃၀ နာရီမှ ၁၁း၃၀ နာရီအထိ
နေရာ - အထက(၂)ကမာရွတ်၊ နှင်းဆီခန်းမ။

ဆက်သွယ်ရန်- (၁) ဦးပီတာဘသိန်း ဖုန်း-၀၉၅၁၃၆၃၇၇၊ (၂)ဦးဗိုလ်ကြည် ဖုန်း-၀၉၅၀၀၅၅၃၃၊ (၃)ဒေါ်မော်မော်မြင့် ဖုန်း-၀၉ ၇၉၁၆၄၁၀၇၆၊ (၄) ဒေါ်ခင်တိုးယဉ် ဖုန်း-၀၉၅၀၂၈၄၁၃။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

## ၁၉၇၅-၁၉၇၉ ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒ

(၈)ကြိမ်မြောက်ဆရာကန်တော့ပွဲ အကြိုမျက်နှာစုံညီ ညှိနှိုင်းအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား/ကျောင်းသူဟောင်းများ အားလုံး ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်-၈-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)

အချိန်-မွန်းလွဲ ၂နာရီမှ ညနေ ၅ နာရီ

နေရာ-T.Gခန်းမ (ရွှေဂုံတိုင်-ဗဟန်းမြို့နယ်) (နှင်းဆီကုန်းဘိုးဘွားရိပ်သာနှင့်မျက်နှာချင်းဆိုင်၊ ရွှေတောင်ကုန်း)

(အလှူငွေများကိုယင်းနေ့တွင်ထည့်ဝင်နိုင်ပါသည်။)

**ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ**

## အာစရိယပူဇာသဘင်ဖိတ်ကြားလွှာ

ပဲခူးမြို့၊ အထက(၃)၌ ပညာသင်ကြားခဲ့ကြသော ကျောင်းသား/ကျောင်းသူများမှ ပညာသင်ကြားပေးခဲ့ကြသော ဆရာ/ဆရာမများကို ပူဇော်ကန်တော့လိုပါ၍ ကျောင်းသား/ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

နေ့ရက် - ၈-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)
အချိန် - မွန်းတည့် ၁၂နာရီမှ ၁၄နာရီ
နေရာ - ရွှေဝါထွန်းဟိုတယ်ခန်းမ၊ တောင်ငူလမ်း၊ ပဲခူးမြို့။

**ဆက်သွယ်ရန်-**
**ကိုမင်းမင်းဇင် ၀၉-၅၁၀၉၃၂၄၊**
**ကိုညွန့်ဝင်း ၀၉-၂၅၅၉၃၀၀၇၀**

## ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)

ကြို့ပင်ကောက်မြို့နယ်အသင်း (ရန်ကုန်) သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၁၅ရက်(တနင်္ဂနွေနေ့) နံနက်(၉)နာရီတွင် ရန်ကင်းမြို့နယ်၊ သစ္စာလမ်း၊ မိုးကောင်းဘုရားဝင်း၊ အရိယာဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ပါသည်။

အသက်(၇၅)နှစ်နှင့်အထက် အဘိုးအဘွားများ သက်ကြီးပူဇော်ပွဲနှင့် ၂၀၁၆ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာဂုဏ်ထူးဖြင့် အောင်မြင်သူများအား ပညာရည်ချွန်ဆုပေးပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သက်ကြီးဘိုးဘွားများနှင့် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူအမည်စာရင်းများကို ဒေါ်ယုဇော်-၀၉-၅၀၁၃၆၁၇၊ ဦးဇေယျာဝင်း၊ ၀၉-၅၀၆၁၀၉၃၊ ဦးဌေးဝင်း-၀၉-၅၀၆၄၇၆၉၊ ဦးစိုးမြင့်-၀၉-၄၃၀၆၇၆၂၁တို့ထံ ၁၀-၁-၂၀၁၇ရက် နောက်ဆုံးထားပေးပို့ပါရန်နှင့် အသင်းဝင်မိသားစုများ၊ မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကြို့ပင်ကောက်အစားအစာများဖြင့် ဧည့်ခံပါမည်။

**အမှုဆောင်အဖွဲ့**
**ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)**



သေမှာ သတိရလေ၊ ကိုယ်အဓိကထားတဲ့ အလုပ်ကောင်းတွေကို
အရှိန်အဟုန်နဲ့ ပိုလုပ်ဖြစ်လေပါပဲ။

ရွှေပါရမီ
၈၁၈၃(၄၇)

**အရှင်ဆန္ဒာဓိက**
ရွှေပါရမီတောရ

သေ ခြင်း တ ရား သည်
**သူတော်ကောင်းတို့၏မိတ်ဆွေ**
ထွက်ပြီ

☎ ၀၉ ၄၂၀ ၃၂၀ ၅၀၀၊ ၀၉ ၅၁၉ ၇၆၅၉

## ကိုးဘွဲ့ရ ဝိပဿနာ တရားစခန်းရိပ်သာ
## စုပေါင်း ရေစက်ချ အလှူတော် မင်္ဂလာ ဖိတ်ကြားလွှာ

ကိုးဘွဲ့ရ ဝိပဿနာ တရားစခန်းရိပ်သာအတွင်း၌ ကောင်းမှုရှင် အသီးသီး တို့က စုပေါင်း၍ လှူဒါန်းထားကြသော ရွှေစည်းခုံ ရွှေစေတီ၊ အာရုံခံတန်ဆောင်း၊ လေးထပ် သိမ်ကျောင်း၊ မြတ်ဘုရားနှင့် တရားပလ္လင်၊ ပရိဘောဂ အစုံအလင်နှင့် တကွ ကမ္မဋ္ဌာန်း ကျောင်းဆောင်ပေါင်း အဆောင် (၃၀) တို့ကို စုပေါင်း ရေစက်ချ အလှူတော်မင်္ဂလာ ကျင်းပမည် ဖြစ်ရာ အလှူရှင်များ အနေဖြင့် ဖိတ်စာ ရသည် ဖြစ်စေ, မရသည်ဖြစ်စေ, ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း -၇- ရက်(၂၀၁၇- ခုနှစ်၊ ဇန်နဝါရီလ၊ ၄ ရက် -လွှတ်လပ်ရေးနေ့) နံနက် - ၉ - နာရီ အရောက် ကြွရောက် ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကိုးဘွဲ့ရ ဝိပဿနာ တရားစခန်း ရိပ်သာ၊ ၄၂-မြောက်-ဒဂုံ။ [၀၉၇၈၈၇၇၉၆၆၉၊ ၀၉၉၆၄၄၄၉၀၃၀]

GOLDEN CITY
ချောင်းသာ (နေ့စဉ်)
(စား+တည်း+ကား-ငြိမ်း)
၃၅၀၀၀/- ၊ ၅၅၀၀၀/-
(ကားစီးလုံးငှားနိုင်သည်။)
09-450765726, 09-454466958

ရွှေကမ္ဘာ
အိမ်ပြောင်း/
အိမ်ရွှေ့လုပ်ငန်း
14' ကားများဖြင့် လုပ်သားအပါတာဝန်ယူ ဆောင်ရွက်ပေးသည်။ (မြို့တွင်း/နယ်ဝေး)
Ph : 09-5097001
09-49259491
09-421177464

M.K.T Construction Co.,Ltd
Y.C.D.C-LC 270 / Y.C.D.C-LC 531 / Y.C.D.C-LC 1224 / M.C.D.C-LC 085
HAPPY New Year
နှစ်သစ်ကူး အခါသမယတွင် မြန်မာပြည်သူပြည်သားများအားလုံး
ကျန်းမာချမ်းသာပျော်ရွှင်ပြီး ကံကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း
နှစ်သစ်ဆုမွန်ကောင်းတောင်းအပ်ပါသည်။
ရုံးချုပ် - အမှတ်(၁၁၁)၊ (၄၂)လမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၃၈၂၄၂၃၊ ၀၁-၃၉၈၁၉၁၊ ၀၁-၂၄၅၅၈၆
၀၉-၇၃၀၇၂၂၅၀၊ ၀၉-၈၆၃၁၀၅၅၇၊ ၀၉-၅၁၇၈၄၇၈။ Email: marketing@mktconstruction.com. Website: www.mktconstruction.com
Facebook: www.facebook.com/mktconstruction.mm

Shenton Institute of Applied Finance

★ Fundamentals of Financial Services
★ Introduction to Securities & Investments
★ MBA
★ American Accent Training
★ Global Conversations
★ Intensive English for Customer Service & Marketing
★ Certificate in Events Management
★ Certificate in Travel & Tour Operations
www.facebook.com/ShentonInstitute/
☎ 09-250793994, 09-421040741

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1B/7738 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

က. ည. န
တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/3790 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

က. ည. န၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)

## ယာဉ်မောင်းအလိုရှိ

CNG TAXI ပဲခြမ်း
35 ရပ်ကွက်၊ ဒဂုံ/မြောက်
Ph:09-450030175
09-30317925

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
### ၂၀၁၆ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၂၂

ဒေါ်စန်းရီ (တရားလို) နှင့် ဦးတင်လှိုင် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၅/၈)ရပ်ကွက်၊ သီရိမင်္ဂလာပတ်လမ်း၊ အမှတ်(၁၀၆၃)နေ တရားပြိုင် ဦးတင်လှိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုက "ချေးငှားရယူသွားသော ချေးငွေပြန်လည်ရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၂၃ရက် (၁၃၇၈ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ၊ ဒီဇင်ဘာလ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မင်းအောင်)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

